# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ သီတင်းကျွတ်လကွယ် ၊ တနင်္လာနေ့ ၊ (20-10-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၇၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro–based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုသိမ်မြို့ရှိ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများကို ယနေ့မွန်းလွဲပိုင်းတွင် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည်

**စာမျက်နှာ ၁၆ ကော်လံ ၁**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများ၏ ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။




ရတနာပုံ
၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၀ ရက်

**အယ်ဒီတာ့အာဘော်**

# တပ်မတော်စစ်ကြောင်းများ၏ သီပေါမြို့အောင်ပွဲ

တပ်မတော်စစ်ကြောင်းများသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ကို TNLA အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အစည်းထံမှ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီးနောက် ကျောက်မဲမြို့မှ ၂၈ ကီလိုမီတာအကွာရှိ သီပေါမြို့ကိုဆက်လက်ချီတက်၍ အကြမ်းဖက်သောင်းကျန်းသူနှိမ်နင်းမှုစစ်ဆင်ရေးဆောင်ရွက်ရန်လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုတို့ကို အချိန်တိုအတွင်း ဆက်လက်ဆောင်ရွက်ခဲ့သည်။ ထို့နောက် သားကောင်းဇာနည် အောင်စစ်သည် တပ်မတော်စစ်ကြောင်းများက TNLA အကြမ်းဖက်သောင်းကျန်းသူများကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂ ရက်မှစ၍ စစ်ကြောင်းများဖြန့်ခွဲကာ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေးကို ဆက်လက်ဆင်နွှဲတိုက်ပွဲဝင်ခဲ့ရာ အောက်တိုဘာ ၁၆ ရက် ညနေပိုင်းတွင် သီပေါမြို့ကို တပ်မတော်က အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

တပ်မတော်စစ်ကြောင်းများသည် သီပေါမြို့၏မြောက်ဘက်သို့ စိတ်ဓာတ်ကျဆင်းစွာ ဖရိုဖရဲဆုတ်ခွာထွက်ပြေးလျက်ရှိသည့် အကြမ်းဖက်သောင်းကျန်းသူများကို လိုက်လံတိုက်ခိုက်ချေမှုန်းလျက်ရှိပြီး ကျေးရွာဒေသများကို ပြည်လည်ထိန်းချုပ်နိုင်ခဲ့သည်။ ထိုသို့ အဆင့်ဆင့်ပြန်လည်တိုက်ခိုက်ထိန်းချုပ်ခဲ့ရာတွင် စစ်ဆင်ရေးကာလ ၁၆ ရက်တာကာလအတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့်တိုက်ပွဲကြီး ခုနစ်ကြိမ်၊ ထိတွေ့မှုပေါင်း ၂၁ ကြိမ် စုစုပေါင်း ၂၈ ကြိမ်ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ၁၃ လောင်း၊ လက်နက် ခုနစ်လက်၊ ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ပေသည်။

TNLA အကြမ်းဖက်သောင်းကျန်းသူများသည် သီပေါမြို့မှ ဆုတ်ခွာထွက်ပြေးစဉ် စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် သီပေါမြို့ရှိ အစိုးရအဆောက်အအုံများအပါအဝင် ပြည်သူလူထု၏နေအိမ်များကို ရက်စက်ယုတ်မာရိုင်းစိုင်းစွာ မီးရှို့ထွက်ပြေးခဲ့သည်။ အလားတူ အကြမ်းဖက်သောင်းကျန်းသူများသည် တပ်မတော်စစ်ကြောင်းများနှင့် နောင်ချိုမြို့တိုက်ပွဲများဖြစ်ပွားစဉ်ကာလအတွင်းကလည်း ၎င်းတို့ဆုတ်ခွာထွက်ပြေးရာလမ်းကြောင်းတစ်လျှောက်ရှိ မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားနှင့် ကမ္ဘာကျော် ရှေးဟောင်းမီးရထားလမ်းတံတားတစ်စင်းဖြစ်သည့် ဂုတ်ထိပ်တံတား၊ ဂုတ်တွင်းတံတားအပါအဝင် အများပြည်သူအဓိက သွားလာအသုံးပြုလျက်ရှိသည့် တံတားကြီး၊ ငယ်များကို ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ လမ်းများပိတ်ဆို့တားဆီးခြင်းတို့ကို လုပ်ဆောင်ခဲ့သည်။

သီပေါမြို့ဒေသခံပြည်သူများကို အကြမ်းဖက်သောင်းကျန်းသူများ၏ဘေးအန္တရာယ်မှ အမြန်ဆုံးလွတ်မြောက်စေရေးအတွက် လှေခွက်ချည်းကျန် အလံမလှဲသည့်စိတ်ဓာတ်၊ တိုက်လိုခိုက်လိုစိတ်ဓာတ်တို့ ပြင်းပြစွာဖြင့်တိုက်ပွဲဝင်ခဲ့၍ သီပေါမြို့ကို ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်ပေသည်။ ယခုကဲ့သို့ သီပေါမြို့ကို အောက်တိုဘာ ၁၆ ရက်တွင် တပ်မတော်က ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများက တပ်မတော်စစ်ကြောင်းများကို အောင်သပြေများ၊ ပန်းကုံးများဖြင့် ဝမ်းသာအားရသောင်းသောင်းဖြဖြ ကြိုဆိုကြသည့်မြင်ကွင်းကလည်း ကြည်နူးဖွယ်ရာကောင်းလှပေသည်။

သို့ဖြစ်ရာ တပ်မတော်စစ်ကြောင်းများသည် အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တထိန်းချုပ်ထားသည့် မြို့၊ ရွာများကို တဖြည်းဖြည်းချင်း ပြန်လည်ထိန်းချုပ်နိုင်လျက်ရှိပြီး ကျန်ရှိနေသည့်မြို့၊ ရွာများကိုလည်း ပြန်လည်ထိန်းချုပ်နိုင်ရန် စွမ်းစွမ်းတမံ ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။ တိုင်းရင်းသားပြည်သူများကို အကြမ်းဖက်သောင်းကျန်းသူများ၏ဘေးအန္တရာယ်မှ အမြန်ဆုံးလွတ်မြောက်စေရေး မိမိအသက်ကိုပဓာနမထားဘဲ ရဲဝံ့စွန့်စားစွာတိုက်ခိုက်ချေမှုန်းနိုင်ခဲ့သော သားကောင်းဇာနည်အောင်စစ်သည် တပ်မတော်စစ်ကြောင်း၏ အနီးစပ်ဆုံးအောင်ပွဲဖြစ်သည့် သီပေါမြို့သိမ်းအောင်ပွဲနှင့်အတူ အောင်ပွဲအလီလီ ဆက်လက်အောင်မြင်ကြပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်
၆၉
ရက်
သာ လိုတော့သည်။

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်**

**အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း**

- အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

# ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ မန္တလေးဇုန်(ဇုန်-၁) အားကစားပြိုင်ပွဲဘောလုံး(အမျိုးသား)ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်




**မန္တလေး အောက်တိုဘာ ၁၉**

ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာဦးစီးဌာန၊ ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ မန္တလေးဇုန်(ဇုန်-၁) အားကစားပြိုင်ပွဲဘောလုံး(အမျိုးသား) ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၁၈ ရက် ညနေပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာအားကစားကွင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အထက်မြန်မာပြည်ရှိ ပညာရေးဒီဂရီကောလိပ်ကိုးခုမှ ကျောင်းအုပ်ကြီးများ၊ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူ အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး မကွေးပညာရေး ဒီဂရီကောလိပ်အသင်းနှင့် မိတ္ထီလာပညာရေးဒီဂရီကောလိပ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးရာ မကွေးပညာရေး ဒီဂရီကောလိပ်အသင်းက တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ခြင်းပွဲကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆု၊ ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်းနှင့်ဂိုးသမားအကောင်းဆုံးဆုရ အားကစားသမားများအား ဆုတံဆိပ်နှင့် ငွေသားဆု၊ တတိယဆုနှင့်ဒုတိယဆုရရှိသည့်အသင်းတို့ကို တစ်ဦးချင်း ဆုတံဆိပ်များနှင့်ငွေသားဆုများကို လည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က ပထမဆုရရှိသည့် မကွေးပညာရေးဒီဂရီကောလိပ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို လည်းကောင်း ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပထမဆုရရှိသည့် မကွေးပညာရေးဒီဂရီကောလိပ်အသင်းကို တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုများချီးမြှင့်ခဲ့ပြီး ဆုရအသင်းများနှင့် မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက်မုန်လာဥဖြူများ အရောင်းအဝယ်ကောင်းမွန်နေ

**ကျောင်းကုန်း အောက်တိုဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ဒေသထွက်မုန်လာဥဖြူများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရည်ဝင်းက ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်မှ ဒေသခံတောင်သူများ စိုက်ပျိုးထုတ်လုပ်သည့် ဒေသထွက်မုန်လာဥဖြူများ ထွက်ရှိပြီး အောက်တိုဘာလပထမပတ်မှ ယနေ့ထိ အရောင်းအဝယ်ပြုလုပ်နေကြောင်း၊ အဆိုပါ ဒေသမှထွက်ရှိသည့် မုန်လာဥဖြူများ လက်ရှိတစ်ရက်လျှင် ပိဿာချိန် ၅၀၀၀ မှ ၅၅၀၀ ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"ကျောင်းကုန်းမြို့နယ်ကနေ လက်ရှိ မုန်လာဥဖြူတွေ ထွက်ရှိနေပါတယ်။ ထွက်ရှိလာတဲ့မုန်လာဥဖြူတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်ပါတယ်။ ဒေသထွက် မုန်လာဥဖြူတွေကို အခုလ ပထမပတ်လောက်ကတည်းက စတင်အရောင်းအဝယ်ကောင်းနေတာ ဖြစ်ပါတယ်။ ဒေသထွက် မုန်လာဥဖြူတွေအပါအဝင် ကုန်စိမ်းအစုံကို အခြားဒေသတွေက ဝယ်ယူမှု များပြားနေပါတယ်"ဟု ကျောင်းကုန်းမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရည်ဝင်းက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက်မုန်လာဥဖြူများကို အရောင်းအဝယ် ကောင်းမွန်လာခြင်းကြောင့် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါ မုန်လာဥဖြူများ ၁၀ ပိဿာလျှင် ငွေကျပ် ၂၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကျောက်ဆည်မြို့ ကုလားကျောင်းကျေးရွာအခြေခံပညာမူလတန်း(လွန်)ကျောင်း တစ်ထပ်စာသင်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်



**မန္တလေး အောက်တိုဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကုလားကျောင်းကျေးရွာရှိ အခြေခံပညာ မူလတန်း(လွန်) ကျောင်း တစ်ထပ်စာသင်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်း၊ ကြံ့နှစ်ကောင် ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ တိုင်းဒေသကြီးပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ကြံ့နှစ်ကောင်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက စာသင်ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီးနောက် အသစ်ဆောက်လုပ်လှူဒါန်းထားသည့် ကျောင်းဆောင်သစ်စာသင်ခန်းများကို လိုက်လံကြည့်ရှုခဲ့သည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးပြိုကျခဲ့မှုများတွင် အခြေခံပညာကျောင်းများမှ စာသင်ကျောင်းဆောင်များလည်း ပါဝင်ခဲ့ကြောင်း၊ စာသင်ကျောင်းဆောင်များ ပြန်လည်တည်ဆောက်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်းများကို အားလုံးဝိုင်းဝန်း ပူးပေါင်း အလေးထားကာ ဆောင်ရွက်နေကြောင်း၊ ယခုကဲ့သို့ စာသင်ကျောင်းဆောင်များ တည်ဆောက် လှူဒါန်းပေးခြင်းနှင့် သင်ထောက်ကူပစ္စည်းများကို ဖြည့်တင်းပေးခြင်းဖြင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်ဖက်တစ်လမ်းမှ ကူညီအားဖြည့် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ အဆောက်အအုံများနှင့် သင်ထောက်ကူပစ္စည်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အားလုံးဝိုင်းဝန်းထိန်းသိမ်းသွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ကြံ့နှစ်ကောင်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူက မန္တလေးငလျင်ကြီးကြောင့် ပြိုကျပျက်စီးခဲ့သည့် အခြေခံပညာကျောင်းများအနက် မန္တလေးတိုင်းဒေသကြီးအတွင်း ကျောက်ဆည်၊ သာစည်၊ ပျော်ဘွယ်၊ ရမည်းသင်း မြို့နယ် (၄)နေရာ၌ (၁၂၀x ၃၀ x ၁၂)ပေ လေးခန်းတွဲ တစ်ထပ်ကျောင်းဆောင်များ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ပြီး စာသင်ခန်းသုံး စားပွဲ၊ ကုလားထိုင်၊ ရေ၊ မီး၊ သန့်စင်ခန်း၊ စက်ရေတွင်းများပါ ထည့်သွင်းတည်ဆောက်လှူဒါန်းရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျောက်ဆည်ခရိုင် ပညာရေးမှူးက စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်း လွှဲပြောင်း ပေးအပ်သည့်အပေါ် ကျေးဇူးတင်စကားနှင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကြံ့နှစ်ကောင် ဖောင်ဒေးရှင်းမှ တာဝန်ရှိသူထံ ဂုဏ်ပြုအမှတ်တရ လက်ဆောင် ပေးအပ်ပြီး ကြံ့နှစ်ကောင်ဖောင် ဒေးရှင်းမှ တာဝန်ရှိသူက ခရိုင် ပညာရေးမှူးထံကို စာသင်ကျောင်း ဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်း ပေးအပ်ခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများ၏ ကပြဖျော်ဖြေ တင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီး ချုပ်နှင့် တာဝန်ရှိသူတို့က ကပြဖျော်ဖြေခဲ့ကြသည့် အဖွဲ့ကို ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ခန္တီးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၆၀၅ ဧက စိုက်ပျိုးမည်

**ခန္တီး အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၆၀၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ခန္တီးမြို့နယ်တွင် မြေပဲ ၁၆၀၅ ဧကစိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလစတုတ္ထပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ခန္တီးမြို့နယ်အတွင်း မြေပဲဧက ၁၆၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်တဲ့ အနေအထားမှာရှိပါတယ်"ဟု ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြသည်။

ခန္တီးမြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခ၊ မြေဩဇာ၊ ပိုးသတ်ဆေးဖိုးအပါအဝင် ငွေကျပ် နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ခန္တီးမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက် ကင်းစင်စေရေးအတွက် ကင်းထောက် မှတ်တမ်းယူခြင်း လုပ်ငန်းများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# အုတ်ဖိုမြို့နယ် အောင်သုခကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**အုတ်ဖို အောက်တိုဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အောင်သုခကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် မိသားစုဝင်ငွေတိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ် ဦးစီးမှူး ဦးဝင်းမြင့်စိုးနှင့် ဝန်ထမ်းများက အောင်သုခကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ချေးငွေများဖြင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများဖြစ်သော မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို မှာကြားခဲ့သည်။

အောင်သုခကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစား စက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၂၈ ဦးကို ရန်ပုံငွေကျပ် ၄၈ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **အေးမြတ်**

# ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ဇလွန် အောက်တိုဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဇလွန်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိထွေးက ပြောပြ၍ သိရသည်။

ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"စက်တင်ဘာလအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၀၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဇလွန်မြို့နယ်ကနေ စပါးတွေဆန်တွေနဲ့ အခြားလယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချပါတယ်။ ကျားပျံဆန်က အချောအုပ်စုထဲမှာ ပါတဲ့ဆန်အမျိုးအစားဖြစ်ပါတယ်။ အဲဒီဆန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့အရောင်းအဝယ်ကောင်းခဲ့တာဖြစ်ပါတယ်။ ကျားပျံဆန်အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိပါတယ်။ အခြားဆန်တွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့တစ်လအတွင်းမှာကော လတ်တလောအနေနဲ့ပါ ကျားပျံဆန်က အရောင်းအဝယ်ပိုဖြစ်နေပါတယ်"ဟု ဇလွန်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိထွေးက ပြောပြသည်။

ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ကျားပျံဆန် ၂၄ ပြည်ဝင် တစ်အိတ် လျှင်ငွေကျပ် ၁၁၃၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဆန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ရေးမှတ်ခြင်းအလေ့အထ တိုးတက်စေသောဘဝ

**ချစ်နိုင်(စိတ်ပညာ)**

**နိဒါန်း**

စာဖတ်သူများသည် ဆရာဇော်ဂျီ၏ ဗေဒါလမ်းကဗျာ အမှတ်စဉ်(၁၀) ပန်းပန်လျက်ပါကို ကြားဖူးကြပါလိမ့်မည်။ မူရင်းကဗျာခေါင်းစဉ်ကတော့ **"ပန်းပန်လျက်ပဲ"**ဖြစ်ပါသည်။ ကဗျာကိုဖတ်ရှုခံစားပြီး ဝတ္ထုရေးသူ စာရေးဆရာမ ခင်နှင်းယုက **"ပန်းပန်လျက်ပါ"** ဟူသော ဝတ္ထုရှည်တစ်ပုဒ် ရေးဖွဲ့ဖန်တီးခဲ့၏။ ရုပ်ရှင်ဒါရိုက်တာ ဦးချစ်ခင်က ကောလိပ်ဂျင်နေဝင်း၊ မြတ်လေး၊ ကြည်ကြည်ဌေး၊ ဘေဘီနွဲ့တို့ကို ပါဝင်သရုပ်ဆောင်စေလျက် ပန်းပန်လျက်ပါ ဝတ္ထုကို ရုပ်ရှင်ဇာတ်ကားအဖြစ် စီမံညွှန်ကြားအသက်သွင်းခဲ့သည်။ "ညိုပြာပြာ၊ လတာပြင့် ခြေရင်း၊ လှိုင်းတက်ရာ ဗေဒါတက်၊ လှိုင်းသက်ရာဆင်း"ဟူသော ကဗျာစာသားကို တစ်လုံးတလေမှမပြင်ဘဲ ဂီတမှူး စန္ဒရားချစ်ဆွေက တေးသီချင်းဂီတသံစဉ်ဖြင့် သီဆိုတီးမှုတ်စေခဲ့သည်။ မူလဇာတ်ဝင်တေးအဖြစ် အငြိမ့်မင်းသမီးလေး မဗေဒါအနေနှင့် ကြည်ကြည်ဌေးက ဤသီချင်းဖြင့် ဆိုသည်၊ ကသည်၊ အသက်ဝင်ကြပြီ။

**အနုပညာ**

အနုပညာဝတ်မှုန်ကူးဆက်တတ်သူ အနုပညာရှင်ကြီးများသည် အတွေးမှကဗျာအဖြစ် ဆရာဇော်ဂျီက စတင်ဖန်တီးသည်။ ဆရာမကြီး ခင်နှင်းယုက ဝတ္ထုအဖြစ် စိတ်ကူးကာ မြန်မာဇာတ်သဘင်လောက အငြိမ့်မင်းသမီးတစ်ယောက်၏ ရုန်းကန်ရပုံဖြင့် တင်စားဖန်တီးလိုက်ပြန်သည်။ ရုပ်ရှင်ဒါရိုက်တာ ဦးချစ်ခင်က စာအုပ်စာရွက်ထဲရှိ ကိုစောထွန်း၊ ကိုကျော်စိန်၊ မဗေဒါ စသည့်ဇာတ်ကောင်များကို ရုပ်ရှင်ဇာတ်ကားအဖြစ် ပြောင်းလဲဖန်တီးလိုက်ပြန်သည်။ မြစ်ဖျားခံရာ မူရင်းဗေဒါလမ်းကဗျာ (၁၀)၊ ပန်းပန်လျက်ပဲကို ဇာတ်ဝင်ခန်းအငြိမ့်သီချင်း၊ ဇာတ်အိမ်ခေါင်းစဉ်သီချင်းအဖြစ် ဂီတပညာရှင် စန္ဒရားချစ်ဆွေက မြန်မာသံစဉ်ဖြင့် ဆို၍လည်း ကောင်းအောင်၊ ဇာတ်စင်ပေါ်တွင် မင်းသမီးလည်း က၍ကောင်းအောင်တေးသီချင်းအဖြစ်ဂီတအနုပညာဂုဏ်မြောက်စွာ တီထွင်ဖန်တီးလိုက်ပြန်ပါသေး၏။

**ကဗျာ၊ ဝတ္ထု၊ ရုပ်ရှင်၊ ဂီတ၊ တေးသီချင်း။**

ပရိသတ်ပြည်သူအများ၏ ရင်ထဲသို့မတူညီသော အနုပညာလက်ရာများ အသွင်အမျိုးအစားကွဲပြားစွာ ပျံ့နှံ့ရောက်ရှိလာစေသည်။ မူရင်းကဗျာလေးကပေးသော အရာကား လောကဓံအခက်အခဲ အတားအဆီးအမျိုးမျိုးကို ဖြတ်သန်းရုန်းကန်ရှင်သန်လျက် အားမလျှော့ စိတ်မပျက်ဘဲ အံကိုခဲရင်း ပန်းပန်လျက်ပဲ၊ အပြုံးမပျက်ပါဟု အတုယူစရာ ဘဝအားမာန်ရှိကြစေရန် သာဓကဆောင်ပြခြင်းပင်။ ဝတ္ထုကလည်း ဤအဓိကရည်ညွှန်းချက်ကို မွမ်းမံသည်။ ရုပ်ရှင်ကလည်း ဤဦးတည်ချက်ကို အားဖြည့်သည်။ ဂီတကလည်း ဤသို့သတ္တိရှိရန် အားပေးသည်။ သီချင်းကလည်း ဤအားမာန်ကို ဖော်ကျူးသည်။

**အတွေး**

ရန်ကုန်တက္ကသိုလ်အတွင်းက တက္ကသိုလ်များဗဟိုစာကြည့်တိုက်မှူးအဖြစ် နေ့စဉ်ရုံးသွားရုံးပြန် အခေါက်ခေါက်အခါခါ လမ်းလျှောက်လာခြင်း နှစ်ပေါင်းကြာလာသောအခါ နံနက်ခင်းအလုပ်သွား၊ ညနေခင်း အိမ်ပြန်လာ။ ခရမ်းပြာအပွင့်လေးများနှင့် ချောင်းရိုးလေးထဲက စုန်ကာဆန်ကာ မျောပါနေရှာသော ဗေဒါပင်၏ဘဝနှင့် မိမိလည်းတူလေစွဟု ကဗျာဆရာဇော်ဂျီ အတွေးပေါ်မိသည်။ စုန်ကာဆန်ကာ ကျင်လည်တာနှင့် ကဗျာမဖြစ်သေး။ ဒီလှိုင်းတွေ၊ ဘဲအုပ်တွေ၊ အုန်းလက်ကြွေတွေက ဖုံးလိုက်၊ တိုက်လိုက်၊ ယက်ကန်ခံရလိုက်နှင့်ပင် ပန်းပန်လျက်ပဲဟု အားမာန်ကို မီးမောင်းထိုး၍ နိဂုံးဆွဲပြသည်။

စိတ်ကူးအတွေးသည် ဘဝဖြတ်သန်းမှုမှရလာသည်။ ထိုအတွေးသည် ကလောင်ဖြင့် စာရွက်ပေါ်သို့ ချရေးလိုက်သောအခါ ဗေဒါလမ်းမှ ပန်းပန်လျက်ပါသည် နှစ်ဆယ်ရာစု စာပေလောကတွင် အနုပညာ၊ အတတ်ပညာ၊ နည်းနာလက်ရာအမျိုးမျိုးဖြင့် စာဖတ်ပရိသတ်၊ ရုပ်ရှင်ပရိသတ်၊ ဂီတနယ်ပယ် ပရိသတ်အထိ ဆက်ကာဆက်ကာ လက်ဆောင်မျှဝေ ကျယ်ပြန့်သွားလျက် အမျိုးသားအားမာန်ဖြစ်စေခဲ့လေသည်။

**ငယ်စဉ်ကပင်**

ဆရာဇော်ဂျီသည် အသက်နုနယ် ငယ်ရွယ်စဉ်ကပင် ဆင်ခြင်မှုတရား ထက်မြက်သေသာ ကဗျာဆရာဖြစ်ခဲ့ပေသည်။ သင်သေသွားသော်ဟူသော ကဗျာကို အသက် ၂၀ ကျော်က ရေးခဲ့ခြင်းဖြစ်၏။

> **❖ ရောမအင်ပိုင်ယာကေရာဇ် မားကပ်စ်အောရေးလိယပ်စ် (အေဒီ ၁၂၁-၁၈၀)၊ ဗြိတိသျှဝန်ကြီးချုပ် ဝင်စတန်ချာချီ(၁၈၇၄-၁၉၆၅)၊ ဆရာကြီးရွှေဥဒေါင်း (၁၈၈၉-၁၉၇၃)၊ ဆရာကြီးသော်တာဆွေ(၁၉၁၉-၁၉၉၅)စသည်တို့ ရေးသားခဲ့သောစာပေများကို ရှာဖွေလေ့လာအတုယူနိုင်ကြပါစေ။ စာရေးခြင်းအလုပ်ကို နေ့စဉ်နေ့တိုင်း ပြုလုပ်ရမည်ဟု အင်းဝခေတ် စာဆိုအကျော် ရှင်မဟာရဋ္ဌသာရ (၁၄၆၈- ၁၅၃၀)က မိန့်မှာခဲ့ပါ၏။ စာသင်သားရဟန်း ကိုရင်များအတွက်သာ လိုက်နာရန်မဟုတ်ပေ။ ဘဝတစ်သက်တာ ဘဝတက္ကသိုလ်ကျောင်းတော်ကြီးဝယ် ထာဝရစာသင်သားအားလုံး လူတိုင်းသည် နေ့စဉ်မပျက် တစ်လထက်တစ်လ တိုးတက်ဖွံ့ဖြိုးနေစေရန် နေ့စဉ်မပျက် နေ့တိုင်းရက်ဆက် ရေးသားရေးမှတ်ကြရပါမည်။ ❖**

"သင်သေသွားသော်၊
သင်ဖွားသောမြေ
သင်တို့ပြည်သည်၊
အခြေတိုးမြင့်၊ ကျန်ကောင်းသင့်၏။
သင်၏အမျိုးသား စာစကားလည်း
ကြီးပွားတိုးမြင့်၊ ကျန်ကောင်းသင့်၏။
သင်ဦးချ၍၊ အမျှဝေရာ၊ စေတီသာနှင့်
သစ္စာအရောင်၊ ဉာဏ်တန်ဆောင်လည်း
ပြောင်လျက်ဝင်းလျက် ကျန်စေသတည်း။
- နိုင်ငံလူမျိုး တိုးတက်ဖွံ့ဖြိုးအောင်အပြင်
- စာပေ၊ စကား၊ အမျိုးသားယဉ်ကျေးမှု၊
- ဘာသာ သာသနာ သစ္စာတရား ထွန်းပ
နေရစ်အောင်-

**"မသေမီမှာ ရည်မှန်းချက်ရှိစွာ ကြိုးစားအလုပ်လုပ်ကြဖို့ရာ မိမိတို့တာဝန်ရှိသည်ဟု လေးနက်စွာ သတိပေးနှိုးဆော်ခဲ့သည်**"မှာ ၁၉၄၀ ပြည့်နှစ်မတိုင်မီ (လွတ်လပ်ရေးမရမီ)ကပင် ဖြစ်လေသည်။

နှစ်ဆယ်ရာစုမှာမွေးဖွားပြီး နှစ်ဆယ်ရာစုထဲမှာပင် ကွယ်လွန်သွားခဲ့သော ဆရာဇော်ဂျီ(၁၉၀၇-၁၉၉၀)သည် ယနေ့ ၂၁ ရာစု မြန်မာများအတွက်လည်း သူရေးသောစာ၊ သူပေးသောလမ်းညွှန်သတိပေးချက်များသည် ထိရောက်စွာ လိုက်နာကျင့်သုံးရမည့် အမွေအနှစ်များပေတကား။

**အရေး**

ရေးသားခြင်းသည် လူကိုထိထိရောက်ရောက် သိသိသာသာ တိုးတက်စေသည်ဟူသော အချက်ကို လူတိုင်းသိမြင်နိုင်လောက်ပါသည်။ စာရေးဆရာမှ၊ ကျောင်းဆရာမှ၊ ရုံးဝန်ထမ်း၊ စာရေးစာချီမှ စာရေးရန် လိုအပ်သည်မဟုတ်ပေ။ တောင်သူ၊ ယာသမား၊ ထန်းသမား၊ ကျပန်းလုပ်သား၊ ကုန်သည်ပွဲစား လုပ်ငန်းရှင် စသော မည်သည့်အသက်မွေးဝမ်းကျောင်း အလုပ်မျိုးကို လုပ်ကိုင်နေသူဖြစ်စေ၊ ရေးခြင်းမှတ်ခြင်း အလေ့အထကတော့ မရှိမဖြစ် လိုအပ်ပေသည်။

နေ့စဉ် ဒိုင်ယာရီရေးလေ့ရှိကြသော အင်္ဂလိပ်၊ ဒတ်ချ်၊ စပိန်၊ ပေါ်တူဂီ၊ ပြင်သစ်ဟူသော ဥရောပတိုက်သား မျက်နှာဖြူများသည် ၁၉ ရာစု၊ ၂၀ ရာစု အတွင်း တိုးတက်ပြောင်းလဲကြီးပွားရုံမျှမက အာရှ၊ အာဖရိက၊ မြောက်အမေရိက၊ ဩစတြေးလျတိုက်များအထိ ရောင်းဝယ်ဖောက်ကားရာမှ နယ်မြေများကို နယ်ချဲ့သိမ်းပိုက် အုပ်ချုပ်နိုင်သည်အထိ အမြတ်ထုတ်နိုင်ခဲ့ကြလေသည်။

ကမ္ဘာကျော် ထင်ရှားသောခေါင်းဆောင်မှန်သမျှသည် သူတို့ဘဝတစ်သက်တာ ကွက်ကွက်ကလေးသာ သိမြင်သူမဟုတ်ကြ။ စာဖတ်ခြင်းဖြင့် အမြော်အမြင် အသိဉာဏ်ရင့်သန်သည့်အပြင် ထပ်ဆင့်နားလည် အမြင်ကျယ်စွာ ရေးသားမှတ်တမ်းတင်ခြင်းအားဖြင့်လည်း ကမ္ဘာ့လူသားမျိုးနွယ်ကို အမွေအနှစ်အနေဖြင့် ကောင်းကျိုးပြုနိုင်ရန် စွမ်းဆောင်သူများ ရှိခဲ့ပါသည်။

ရောမအင်ပိုင်ယာကေရာဇ် မားကပ်စ်အောရေးလိယပ်စ်(အေဒီ ၁၂၁-၁၈၀)၊ ဗြိတိသျှဝန်ကြီးချုပ် ဝင်စတန်ချာချီ(၁၈၇၄-၁၉၆၅)၊ ဆရာကြီးရွှေဥဒေါင်း (၁၈၈၉-၁၉၇၃)၊ ဆရာကြီးသော်တာဆွေ(၁၉၁၉-၁၉၉၅)စသည်တို့ ရေးသားခဲ့သော စာပေများကို ရှာဖွေလေ့လာ အတုယူနိုင်ကြပါစေ။ စာရေးခြင်းအလုပ်ကို နေ့စဉ်နေ့တိုင်း ပြုလုပ်ရမည်ဟု အင်းဝခေတ် စာဆိုအကျော် ရှင်မဟာရဋ္ဌသာရ(၁၄၆၈-၁၅၃၀)က မိန့်မှာခဲ့ပါ၏။ စာသင်သားရဟန်း ကိုရင်များအတွက်သာ လိုက်နာရန်မဟုတ်ပေ။ ဘဝတစ်သက်တာ ဘဝတက္ကသိုလ်ကျောင်းတော်ကြီးဝယ် ထာဝရစာသင်သားအားလုံး လူတိုင်းသည် နေ့စဉ်မပျက် တစ်လထက်တစ်လ တိုးတက်ဖွံ့ဖြိုးနေစေရန် နေ့စဉ်မပျက် နေ့တိုင်းရက်ဆက် ရေးသားရေးမှတ်ကြရပါမည်။

**ရေးမှတ်သူ**

မိမိတွေ့ဖူးသမျှ ကျောင်းဆရာပေါင်းတစ်ရာကျော်အနက် မိမိကို စတုတ္ထတန်း၌ ဘာသာစုံသင်ကြားပြသခဲ့သော ဆရာ ဦးလှကျော်သည် သင်နည်းပညာရော၊ ဆရာတစ်ဦး၏ စေတနာတရားပါ စံပြဆုပေးထိုက်အောင်တော်သော ဆရာပင်။

ဆရာ ဦးလှကျော်သည် မူလတန်းပြဆရာတစ်ဦးမျှသာ ဖြစ်သော်လည်း သတင်းစာ၊ မဂ္ဂဇင်းမကျန်၊ စာအလွန်ဖတ်၏။ သူကအမြဲတစေ ရေးမှတ်၏။ မိမိတို့တစ်ရွာလုံးရှိ မိသားစု အိမ်တိုင်းအားလုံး ဆွေစဉ်မျိုးဆက်ကို စူးစမ်းမှတ်သား၍ မျိုးရိုးဇယားမှတ်တမ်း (Family Tree Record) ရေးထားခဲ့၏။ ဘယ်သူ့အတွက်ရယ် မဟုတ်။ သိသင့်သိထိုက်သည်ကို သိကြစေရန် ဒိုင်ယာရီရေးထားသည်။ ရပ်ရေးရွာရေး ရှေးဟောင်းနှောင်းဖြစ်၊ စွယ်စုံကျမ်းလို သိသူဖြစ်၏။ အရေးအမှတ်ကောင်းသဖြင့် လစာပို၍မရသော်လည်း တပည့်များကို ထူးချွန်ထက်မြက်အောင် မြေထောင်မြှောက်နိုင်၏။

ဆရာဦးလှကျော်၏ယာခင်းသည် မြေပဲဖြစ်စေ၊ ပြောင်းဖူးဖြစ်စေ၊ နှမ်း၊ ပဲစင်းငုံ ဘာပဲစိုက်စိုက်၊ အခြားတောင်သူများထက် သီးနှံသိသာစွာပိုထွက်၏။ သူက သိပ္ပံနည်းအရ စနစ်တကျထွန်ယက်သည်။ မြေဩဇာထည့်သည်။ ပေါင်းရှင်းသည်။ ရိတ်သိမ်းပုံ၊ သိုလှောင်ပုံ စနစ်ကျသည်။ နွားတစ်ရှဉ်း၊ ယာတစ်ခင်းနှင့် သားသမီးတို့ကို စက်မှုတက္ကသိုလ်ဘွဲ့ရအောင် ကျောင်းထားနိုင်ခဲ့သည်။ သူသည် နေ့စဉ်ဒိုင်ယာရီ မှန်မှန်ရေးသည့် ကျောင်းဆရာကောင်း။

အသက်အရွယ် ၃၀၊ ထောင်မှထွက်လာသော လူဆိုးဓားပြဗိုလ် ကိုအုံးဖေသည် ရွာတောရွာတွင် ပခုက္ကူမြို့သို့ ပြောင်းရွှေ့လာခဲ့သည်။ ထောင်ထဲတွင် စာအုပ်တွေ အတော်များများ ဖတ်ခဲ့သည်။ နေ့စဉ်မှတ်တမ်း မပျက်မကွက်ရေးသည်။ အလုပ်ကို မှတ်တမ်းနှင့်လုပ်ဆောင်သည်။ အငြင်းပွားစရာကြုံသောအခါ သူက ဒိုင်ယာရီပြ၍ အမှန်ရစေခဲ့သည်။

**ရေးမှတ်သောအကျင့်**

ဒိုင်ယာရီအုပ် ၄၀၊ နှစ်ပေါင်း ၄၀ တစ်ရက်မှ မပျက်ခဲ့ရအောင် ရေးခဲ့သော ဦးအုံးဖေ(၁၉၁၇-၂၀၀၈) သည် ပခုက္ကူရှိ သူဌေးဆယ်ယောက်ထဲ ပါဝင်လာနိုင်အောင် ချမ်းသာလာပြီ။ ဒိုင်ယာရီရေးမှတ်ခြင်းဖြင့် ဦးအုံးဖေ တိကျ၊ မှန်ကန်၊ မြန်ဆန်စွာ တွေးတတ်၊ ဆုံးဖြတ်တတ်၊ မြော်ခေါ်တတ်လာခဲ့သည်။ အတန်းကျောင်းမနေဖူးသော ဘုန်းကြီးကျောင်းသားဘဝမှ လူချမ်းသာဖြစ်ရုံမက ပခုက္ကူဦးအုံးဖေဟူသော စာရေးသူတစ်ယောက်ပင် ဖြစ်လာခဲ့ပေသေးသည်။ နိုင်ငံကျော် စာပေဆုအလှူရှင်၊ စာကြည့်တိုက်ဆောက်လှူသော အလှူရှင်၊ အနုပညာတက္ကသိုလ် ကျောင်းသားထူးချွန်သူများကို နှစ်စဉ်ဆုပေးသောအလှူရှင်။

စာဖတ်ရုံမျှမက ရေးမှတ်ခြင်းအလေ့အထ စွဲမြဲသူများ၏ အမူအကျင့်စွမ်းအားကြောင့် ဦးနှောက်ဉာဏ် ထက်မြက်ကာ ထူးခြားထင်ရှားစွာ အောင်မြင်ကြသူ သာဓကပုဂ္ဂိုလ်များ အလွန်များပြားပါသည်။

သုစိပုဘာ၊ ဝိလီသိခ ဆိုသော အက္ခရာရှစ်လုံးက ကြား၊ ကြံ၊ မေး၊ ဆွေးနွေး၊ စူးစမ်း၊ **ရေးမှတ်၊** လေ့ကျင့်၊ ကျက်မှတ်ခြင်းအလုပ်ကို နေ့စဉ်နေ့တိုင်း အဆက်မပြတ် အကျင့်လုပ်သူသည် အသေဝနပစ္စယ၊ အကြိမ်ကြိမ်အခါခါ ပြုခြင်း၏ အဟုန်စွမ်းအားကြောင့် မိုးရေမိုးပေါက်များသည် အင်းအိုင်မြစ်ချောင်းတို့ကို ပြည့်လျှံဖြိုးမောက်စေသကဲ့သို့ ကြီးမားသော ကောင်းကျိုးပေးသည်မှာ ပဋ္ဌာန်းတရားတော်လာ နိယာမပေတည်း။

**အလေ့အထကွဲပြား**

လူတချို့သည် ရှေ့သို့ရှေ့သို့ တိုးတက်မြင့်မားသွားကြသည်။

**စာမျက်နှာ ၅ သို့ ➚**

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# အနာဂတ်လမ်း

- စဉ်းစားပြီး ဆုံးဖြတ်ပါ
ကိုယ့်မြို့ရွာ ကောင်းဖို့လုပ်၊
တို့တစ်တွေ သင်းမကွဲ
လက်တွဲမဖြုတ်။

- ကြိုးစားကာ အားထုတ်စို့
မဆုတ်ယုတ်ဖို့ လိုအပ်ပေ
တွေးချင့်ကြစေ၊
ကိုယ့်ဇာတိ မွေးရပ်မြေ
သာဖို့လေ ဆန္ဒပြု၊
စေတနာ စိတ်ရင်းနှင့်
ရိုင်းပင်းယခု။

- ဘိုးဘွားတွေ တည်ထောင်စု
ညီနောင်ထုတွက် ရတနာ၊
အဖိုးတန် အမွေနှစ်မို့
ချစ်မြတ်နိုးရာ၊
စည်းလုံးလို့ ညီညွတ်ပါ
ပြည်မြန်မာ သာစေကြောင်း၊
အောင်ပန်းကို ရင်ဝယ်ပွေ့လို့
ပျော်မွေ့ဖို့ကောင်း။ ။

မောင်လူစိုး

# အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၂၆၉ ဧက စိုက်ပျိုးမည်



ယခင်နှစ်က စားဖိုဆောင်သီးနှံ ခဝဲစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ အောက်တိုဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၂၆၉ ဧကထိ စိုက်ပျိုးသွားမည် ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၂၆၉ ဧကကို လျာထားပြီး ယခုနှစ် နိုဝင်ဘာလ ပထမပတ်မှ စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း၊ အဆိုပါ စားဖိုဆောင်သီးနှံများ အခက်အခဲမရှိ စနစ်တကျ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်တဲ့ကာလမှာ စားဖိုဆောင်သီးနှံလျာထား၁၂၆၉ ဧကထိစိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ လက်ရှိမှာတော့ စားဖိုဆောင်သီးနှံတွေ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ လိုအပ်တာတွေ ပြင်ဆင်နေပါတယ်။ စိုက်ပျိုးမဲ့သီးနှံတွေ ပိုးမွှား အန္တရာယ် ကင်းရှင်းစေဖို့၊ လျာထားချက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ဖို့၊ မျိုးကောင်းမျိုးသန့်တွေစိုက်ပျိုးနိုင်စေဖို့၊ ဈေးကွက်ဝင် အသီးနှံတွေဖြစ်စေဖို့နဲ့ စိုက်ပျိုးရေး နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုများကို သီးနှံတွေ မစိုက်မီ စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးနေပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

အိမ်မဲမြို့နယ်တွင် စားဖိုဆောင်သီးနှံ ၁၂၆၉ ဧက စိုက်ပျိုးရာတွင် ပန်းဂေါ်ဖီ၊ နံနံ၊ မုန်လာ၊ တိုင်ထောင်ပဲ၊ ခရမ်းသီး၊ ဘူးသီး၊ သခွားသီး၊ ကန်စွန်း၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ ပဲပုစွန်၊ ဆလတ်၊ ငရုတ်ကောင်း၊ ချဉ်ပေါင် စသည့်သီးနှံများကို အများဆုံး စိုက်ပျိုး သွားမည်ဖြစ်ကြောင်း သိရသည်။

စားဖိုဆောင် သီးနှံများကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ စားဖိုဆောင်သီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ဖောင်းပြင်မြို့နယ် ပုဂံတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဖောင်းပြင် အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပုဂံတောင်ကျေးရွာနှင့် ရွှေညောင်ပင်ကျေးရွာ တို့အတွက် ၁၁ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို အောက်တိုဘာ ၁၈ ရက်က ပုဂံတောင်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖောင်းပြင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းညွန့်က မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့် ကျေးလက်လူနေမှု အဆင့်အတန်း ကွာဟမှုကို လျှော့ချနိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေများကို ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ အသင်းသား၊ အသင်းသူများအနေဖြင့် စီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့်လုပ်ငန်းများ အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ ရန်ပုံငွေဆုံးရှုံးမှု မရှိစေရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့်စီမံကိန်းတာဝန်ခံတို့က ကျေးရွာနှစ်ရွာမှ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၇၀၈ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ပုဂံတောင်ကျေးရွာနှင့် ရွှေညောင်ပင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၇ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၇ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၈ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၂ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၇၀၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ချစ်ဦးကို**

á စာမျက်နှာ ၄ မှအဆက်

လူတချို့သည် ဘာအကျင့်ကောင်းမှ မကျင့်သုံးဘဲ ရပ်တန့်ကျန်ရစ်နေခဲ့သည်။ အချို့သော အကျိုးမရှိသော အကျင့်၊ စရိုက်တို့ဘက်လိုက်ပါမျောပါရင်း နောက်ဆုတ် ပြိုလဲကျသွားကြရသည်။ အရက်၊ ဖဲ၊ ဖာ၊ အလိမ်အညာ၊ အခိုးအဝှက်၊ မသမာမှုများပြုရင်းပင် နစ်မွန်းသွားလေ၏။

ဘဝခရီးကို မောင်းနှင်ပေးနေသည်ကား မိမိ နေ့စဉ်စားသော အစားအစာအာဟာရကြောင့် ရှင်သန် ဆက်လက်သန်မာသကဲ့သို့ စာကောင်းပေကောင်းများကို ဖတ်ရှုလေ့လာခြင်း၊ဆည်းပူးမှတ်သားခြင်း၊ ဆွေးနွေးဟောပြော ပွားများခြင်း စသည်တို့ဖြင့် အသိဉာဏ် ဗဟုသုတ တိုးပွားအောင် အားဖြည့်နေကြရမည်။

ရှေ့သို့ ရှေ့သို့ တိုးတက်မြင့်မားရွေ့လျားစေရန် "ကြား၊ ကြံ၊ မေး၊ ဆွေး၊ စူး၊ ရေး၊ လေ့၊ ကျက်"ဟူသော ဘီး၏စပုတ်တိုင်ရှစ်ချောင်း အလေ့အကျင့် အဆက်မပြတ် လည်ပတ်နေခြင်းဖြင့် ဦးနှောက်ကို အားဖြည့်ရပေမည်။

စာရေးသူမှာ နှစ်စဉ်လိုလိုပင် ကျောင်းဖွင့်စ ဇူလိုင်လ၊ ဩဂုတ်လ ဆိုလျှင် မိမိငယ်စဉ်ကတက်ရောက်ခဲ့သောကျောင်းများသို့ ဗလာစာအုပ် ဒါဇင် ၁၀၀၊ ၂၀၀၊ တတ်နိုင်သမျှ ပေးပို့လှူဒါန်းခဲ့ပါသည်။ မည်သူမဆို များများရေးသော ကျောင်းသားသည် စာမေးပွဲအောင်မှာ သေချာသည်။ ရေးဖြေရခြင်းကိုး။

**နိဂုံး**

သုစိပုဘာ၊ ဝိလိသိခာ၊ အက္ခရာစွဲသုံး ဤရှစ်လုံးကို သီကုံးပန်းသွင်၊ နေ့တိုင်းဆင်လေ့ဟု ရှင်မဟာရဋ္ဌသာရ (ငယ်မည်မောင်မောက်) အင်းဝခေတ် စာဆိုအကျော် ဆရာတော်၏ ဆုံးမစကားကို **(လိက္ခေယျ= ရေးသား၊ ရေးမှတ်ရာ၏)** ကိုယ်တိုင်လိုက်နာကျင့်သုံးသကဲ့သို့ သူတစ်ပါးလည်း ကျင့်သုံးစေရန် အားပေးပါ၏ အရှင်ဘုရား။ စိတ်ထဲက ရှိသေစွာ လျှောက်ထားမိပါသည်။

# နိုင်ငံတကာ သတင်းများ

## သမ္မတ အမ်နန်ဂါဂွါ၏ ရာထူးသက်တမ်းကို နှစ်နှစ်ထပ်တိုးရန် ဇာနူး-ပီအက်ဖ်ပါတီ ပြင်ဆင်



**ဟာရာရီ အောက်တိုဘာ ၁၉**

လက်ရှိသမ္မတ အမ်မာဆန် အမ်နန်ဂါဂွါ၏ရာထူးသက်တမ်းကို နှစ်နှစ်ထပ်တိုးရေးလုပ်ငန်းစဉ်အား မကြာမီကာလအတွင်း စတင်မည်ဖြစ်ကြောင်း ဇင်ဘာဘွေနိုင်ငံ၏ လက်ရှိအာဏာရ ဇာနူး-ပီအက်ဖ်ပါတီက အောက်တိုဘာ ၁၈ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ဇာနူး-ပီအက်ဖ်ပါတီ၏ အဆိုပါလုပ်ငန်းစဉ် အောင်မြင်ခဲ့ပါက အသက် ၈၃ နှစ်အရွယ် သမ္မတ အမ်နန်ဂါဂွါအနေဖြင့် ၂၀၃၀ ပြည့်နှစ်ထိတိုင် သမ္မတရာထူးကို ဆက်လက်ရယူနိုင်မည်ဖြစ်သည်။

ဇင်ဘာဘွေနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတ အမ်နန်ဂါဂွါအနေဖြင့် ငါးနှစ်သက်တမ်း နှစ်ကြိမ်တာဝန်ယူပြီးနောက် ၂၀၂၈ ခုနှစ်တွင် သမ္မတရာထူးမှအနားယူရမည်ဖြစ်သည်။

သို့ရာတွင် သမ္မတအမ်နန်ဂါဂွါ၏ လက်ရှိ ရာထူးသက်တမ်းကို နှစ်နှစ်ထပ်တိုးရေးအတွက် လိုအပ်သည့်ဥပဒေရေးရာလုပ်ငန်းစဉ်များကို မကြာမီကာလအတွင်း စတင်မည်ဖြစ်ကြောင်း ဇာနူး-ပီအက်ဖ်ပါတီ၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ဇာနူး-ပီအက်ဖ်ပါတီအနေဖြင့် သမ္မတရာထူးသက်တမ်းကို နှစ်နှစ်ထပ်တိုးရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ သမ္မတရာထူးသက်တမ်းကန့်သတ်ချက်များကို ပြင်ဆင်ရမည်ဖြစ်သည်။

ဇင်ဘာဘွေနိုင်ငံ လွတ်လပ်ရေးရရှိချိန် ၁၉၈၀ ပြည့်နှစ်မှစ၍ အာဏာရရှိခဲ့သော ဇာနူး-ပီအက်ဖ်ပါတီသည် လက်ရှိတွင် ဇင်ဘာဘွေလွှတ်တော်ကို အမတ်နေရာအများစုဖြင့် ထိန်းချုပ်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ကယ်လီဖိုးနီးယား၌ အဝေးပြေးလမ်းကိုပိတ်၍ အမေရိကန်မရိန်းတပ်ဖွဲ့ ကျည်စစ်သုံးစစ်ရေးလေ့ကျင့်

**နယူးယောက် အောက်တိုဘာ ၁၉**

အမေရိကန် မရိန်းတပ်ဖွဲ့သည် တပ်ဖွဲ့ ဖွဲ့စည်းတည်ထောင်မှုနှစ် ၅၀ ပြည့်အထိမ်းအမှတ်အဖြစ် ကယ်လီဖိုးနီးယားပြည်နယ် အဝေးပြေးလမ်းတစ်လမ်း၏ အရှည် ၁၇ မိုင်ရှိလမ်းပိုင်းကိုပိတ်၍ အောက်တိုဘာ ၁၈ ရက်က ကျည်စစ်သုံးစစ်ရေးလေ့ကျင့်မှုများပြုလုပ်ခဲ့သည်။

ကယ်လီဖိုးနီးယားပြည်နယ် အိုင်-၅ အဝေးပြေးလမ်းကို ပိတ်၍ ပြုလုပ်ခဲ့သည့် မရိန်းတပ်ဖွဲ့စစ်ရေးလေ့ကျင့်မှုကို အမေရိကန်ဒုတိယသမ္မတ ဂျေဒီဗင့်စ် ကိုယ်တိုင်တက်ရောက်ကြည့်ရှုခဲ့ကြောင်း အမေရိကန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

သို့ရာတွင် မရိန်းတပ်ဖွဲ့၏ အဆိုပါစစ်ရေးလေ့ကျင့်မှုကို ဘေးအန္တရာယ်များသည့် လုပ်ရပ်အဖြစ် ကယ်လီဖိုးနီးယားပြည်နယ် တာဝန်ရှိသူများက ဝေဖန်ထားသည်။

ယာဉ်သွားယာဉ်လာများသည့် အဝေးပြေးလမ်းကိုပိတ်၍ ကျည်စစ်သုံးစစ်ရေးလေ့ကျင့်မှုများပြုလုပ်ခြင်းမှာ အလွန်အန္တရာယ်များကြောင်း ကယ်လီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူး ဂါဗင်နယူးဆမ်းက ပြောကြားထားသည်။

သို့ရာတွင် ကယ်လီဖိုးနီးယားပြည်နယ် တာဝန်ရှိသူများ၏ ဝေဖန်မှုများကို မရိန်းတပ်ဖွဲ့က ငြင်းပယ်ထားပြီး မိမိတို့၏ ကျည်စစ်သုံးစစ်ရေးလေ့ကျင့်မှုများမှာ အများပြည်သူအတွက် ဘေးအန္တရာယ်မရှိကြောင်း သတင်းထုတ်ပြန်ထားသည်။

အမေရိကန်နိုင်ငံသည် မရိန်းတပ်ဖွဲ့ကို ၁၇၇၅ ခုနှစ် နိုဝင်ဘာ ၁၀ ရက်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ဒါကာမြို့ ဟာဇရက်အယ်လ်ရှာဂျာလားနိုင်ငံတကာလေဆိပ်၌ လေဆိပ်ကုန်စည်သိုလှောင်ရုံ မီးလောင်မှုဖြစ်ပွား

**ဒါကာ အောက်တိုဘာ ၁၉**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၏ အဓိကလေဆိပ်တစ်ခုဖြစ်သော ဟာဇရက်အယ်လ်ရှာဂျာလားနိုင်ငံတကာလေဆိပ်၌ အောက်တိုဘာ ၁၈ ရက်က ကုန်စည်သိုလှောင်ရုံ မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။



လေဆိပ်ကုန်စည် သိုလှောင်ရုံ မီးလောင်မှုကြောင့် ဟာဇရက်အယ်လ်ရှာဂျာလား လေဆိပ်၏ လေဆိပ်လုပ်ငန်းများ ရပ်တန့်ခဲ့ရပြီး လေယာဉ်ခရီးစဉ်များ ကမောက်ကမဖြစ်ခဲ့ရသည်။

သို့ရာတွင် လေဆိပ်ကုန်စည် သိုလှောင်ရုံ မီးလောင်ကျွမ်းမှု စတင်ဖြစ်ပွားခဲ့ပြီး ခြောက်နာရီအကြာတွင် လေဆိပ်လုပ်ငန်းများ ပုံမှန်ပြန်လည် လည်ပတ်နိုင်ခဲ့ကြောင်း လေဆိပ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ဟာဇရက်အယ်လ်ရှာဂျာလား နိုင်ငံတကာလေဆိပ်ကုန်စည် သိုလှောင်ရုံ မီးလောင်ကျွမ်းမှုကို တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။

ဟာဇရက်အယ်လ်ရှာဂျာလား နိုင်ငံတကာလေဆိပ် ကုန်စည်သိုလှောင်ရုံ မီးလောင်မှုကြောင့် ဆုံးရှုံးနစ်နာမှုတန်ဖိုး အမေရိကန်ဒေါ်လာ တစ်ဘီလီယံထိ ရှိနိုင်ကြောင်း လေဆိပ်တာဝန်ရှိသူများက ပြောကြားထားသည်။

ဟာဇရက်အယ်လ်ရှာဂျာလား နိုင်ငံတကာလေဆိပ် ကုန်စည်သိုလှောင်ရုံ မီးလောင်မှုသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရက်သတ္တပတ်အတွင်းဖြစ်ပွားခဲ့သော တတိယမြောက် မီးလောင်ကျွမ်းမှုဖြစ်ကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

## ယီမင်ကမ်းလွန် အေဒင်ပင်လယ်ကွေ့၌ သဘာဝဓာတ်ငွေ့ရည်တင်သင်္ဘော ပေါက်ကွဲမီးလောင်မှုဖြစ်ပွား



**ဒူဘိုင်း အောက်တိုဘာ ၁၉**

ယီမင်နိုင်ငံကမ်းလွန် အေဒင်ပင်လယ်ကွေ့ ရေပြင်အတွင်း အောက်တိုဘာ ၁၈ ရက် ညပိုင်းက သဘာဝဓာတ်ငွေ့ရည်တင်သင်္ဘောတစ်စီး ပေါက်ကွဲမီးလောင်ခဲ့ကြောင်း သိရသည်။

အေဒင်ပင်လယ်ကွေ့ ရေပြင်အတွင်း ပေါက်ကွဲမီးလောင်နေသော သဘာဝဓာတ်ငွေ့ရည်တင်သင်္ဘောမှာ ကင်မရွန်းနိုင်ငံ၌ မှတ်ပုံတင်ထားသော အမ်ဗွီဖယ်လ်ကွန်အမည်ရှိ သင်္ဘောဖြစ်ကြောင်း ဥရောပသမဂ္ဂပင်လယ်နီလုံခြုံရေးရေတပ်အုပ်စုက သတင်းထုတ်ပြန်ထားသည်။

အမ်ဗွီဖယ်လ်ကွန် သင်္ဘောပေါက်ကွဲ မီးလောင်ခဲ့ပြီးနောက် သင်္ဘောပေါ် လိုက်ပါလာသည့် ရေယာဉ်ဝန်ထမ်း ၂၆ ဦး အနက် ၂၄ ဦးကို ကယ်တင်နိုင်ခဲ့ပြီး နှစ်ဦးပျောက်ဆုံးနေကြောင်း ဥရောပသမဂ္ဂရေတပ်အုပ်စုက သတင်းထုတ်ပြန်ထားသည်။

အမ်ဗွီဖယ်လ်ကွန် သဘာဝဓာတ်ငွေ့ရည်တင် သင်္ဘောပေါ်၌ ဖြစ်ပွားခဲ့သည့် ပေါက်ကွဲမှုနောက်ခံအကြောင်းရင်းကို မသိရသေးကြောင်း ဥရောပသမဂ္ဂရေတပ်အုပ်စုက သတင်းထုတ်ပြန်ထားသည်။

အမ်ဗွီဖယ်လ်ကွန် သင်္ဘောပေါက်ကွဲမှုနှင့် မိမိတို့ကြား ဆက်စပ်မှုမရှိကြောင်း ယီမင်အခြေစိုက် ဟူသီသူပုန်အုပ်စုက ပြောကြားထားသည်။

ဟူသီသူပုန်အုပ်စုသည် ၂၀၂၃ ခုနှစ်မှစ၍ ပင်လယ်နီရေကြောင်းလမ်းများကို အသုံးပြုနေသော နိုင်ငံတကာသင်္ဘောများကို တိုက်ခိုက်နေသည့်အုပ်စု ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ဘရာဇီးအရှေ့မြောက်ပိုင်း၌ ယာဉ်မတော်တဆမှုဖြစ်ပွား အနည်းဆုံး ခရီးသည် ၁၅ ဦး သေဆုံးခဲ့ရ

**ဆော်ပေါ်လို အောက်တိုဘာ ၁၉**

ဘရာဇီးနိုင်ငံ အရှေ့မြောက်ပိုင်း ပါနမ်ဘူကိုပြည်နယ်၌ အောက်တိုဘာ ၁၇ ရက်ညပိုင်းက ခရီးသည်တင်ဘတ်စကားတစ်စီး တိမ်းမှောက်ခဲ့ရာ အနည်းဆုံး ခရီးသည် ၁၅ဦးသေဆုံးခဲ့ရကြောင်း အောက်တိုဘာ ၁၈ ရက် သတင်းများအရ သိရသည်။

အဆိုပါ ခရီးသည်တင် ဘတ်စကားသည် အဝေးပြေးလမ်းပေါ်၌ မောင်းနှင်နေစဉ် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်လမ်းကြောပေါ်ရောက်ရှိခဲ့ပြီး တိမ်းမှောက်ခဲ့ရခြင်းဖြစ်ကြောင်း ဘရာဇီးဖက်ဒရယ် အဝေးပြေးလမ်းရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အခင်းဖြစ်ပွားချိန်တွင် အဆိုပါခရီးသည်တင် မော်တော်ယာဉ်ပေါ်၌ ခရီးသည် ဦးရေ ၃၀ လိုက်ပါလာကြောင်း ဖက်ဒရယ်အဝေးပြေးလမ်းရဲတပ်ဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ခရီးသည်တင် ဘတ်စကားမတော်တဆမှုဖြစ်ပွားရခြင်း၏ နောက်ခံအကြောင်းရင်းကို ဖက်ဒရယ်အဝေးပြေးလမ်းရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးနေဆဲ ဖြစ်ကြောင်း သိရသည်။

ယာဉ်မတော်တဆမှုကြောင့် အမျိုးသမီး ၁၁ ဦးနှင့် အမျိုးသားလေးဦးသေဆုံးခဲ့ရပြီး ဒဏ်ရာရရှိသူအရေအတွက်ကို အတိအကျမသိရသေးကြောင်း သိရသည်။

ယာဉ်မောင်းဖြစ်သူမှာ ဒဏ်ရာအနည်းငယ်သာရရှိခဲ့ပြီး ၎င်းကို အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲထားခြင်း ရှိ၊ မရှိ စစ်ဆေးခဲ့ရာ ပုံမှန်အခြေအနေတွင်ရှိကြောင်း စစ်ဆေးတွေ့ရှိထားရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## ဟေဗင်-၁ အမည်ရှိ ပုဂ္ဂလိကအာကာသစခန်းတည်ဆောက်ရေး လုပ်ငန်းနောက်ဆုံးအဆင့်ကို စတင်နေပြီဖြစ်



**ဝါရှင်တန် အောက်တိုဘာ ၁၉**

အမေရိကန်နိုင်ငံ အခြေစိုက် ပုဂ္ဂလိက အာကာသနည်းပညာ တစ်ခုဖြစ်သည့် Vast ကုမ္ပဏီသည် ဟေဗင်-၁ အမည်ရှိ ပုဂ္ဂလိက အာကာသစခန်းတည်ဆောက်ရေး လုပ်ငန်းနောက်ဆုံးအဆင့်ကို စတင်နေပြီဖြစ်ကြောင်း အောက်တိုဘာ ၁၈ ရက် သတင်းများအရ သိရသည်။

လက်ရှိတွင် ဟေဗင်-၁ ပုဂ္ဂလိက အာကာသစခန်းတည်ဆောက်ရေး လုပ်ငန်းမှာ နောက်ဆုံးအဆင့်သို့ ဝင်ရောက်နေပြီဖြစ်ကြောင်း Vast ကုမ္ပဏီက အောက်တိုဘာ ၁၈ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

Vast ကုမ္ပဏီသည် ဟေဗင်-၁ အာကာသစခန်းကို ၂၀၂၆ ခုနှစ် ဒုတိယနှစ်ဝက်အတွင်း ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

ဟေဗင်-၁ ပုဂ္ဂလိက အာကာသစခန်းယာဉ်သည် အလေးချိန် ကီလိုဂရမ် ၁၄၀၀၀ ရှိရာ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ဖူးသမျှ အကြီးမားဆုံးအာကာသယာဉ်ဖြစ်ကြောင်း သိရသည်။

အာကာသယာဉ်မှူး လေးဦး နေထိုင်နိုင်သော ဟေဗင်-၁ အာကာသစခန်း၏ မစ်ရှင်သက်တမ်းကို သုံးနှစ်ထိ Vast ကုမ္ပဏီက သတ်မှတ်ထားသည်။

လွှတ်တင်မှုအောင်မြင်ခဲ့ပါက ဟေဗင်-၁ အာကာသစခန်းယာဉ်သည် ကမ္ဘာ့ပထမဆုံးပုဂ္ဂလိက အာကာသစခန်း ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## လောင်းမတ်ချ်ဒုံးပျံများ၏အကြိမ် ၆၀၀ မြောက်မစ်ရှင်အဖြစ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများကို တရုတ်လွှတ်တင်



**ပေကျင်း အောက်တိုဘာ ၁၉**

တရုတ်အမျိုးသားအာကာသ အေဂျင်စီသည် လောင်းမတ်ချ်ဒုံးပျံများ၏အကြိမ် ၆၀၀ မြောက်မစ်ရှင်အဖြစ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုများကို လွှတ်တင်ခဲ့ကြောင်း အောက်တိုဘာ ၁၈ ရက် သတင်းများအရ သိရသည်။

ကိုးဝန်အမည်ရှိ အဆိုပါအင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုအုပ်စုကို လောင်းမတ်ချ်-၈ အေ ဒုံးပျံဖြင့် ဟိုင်နန်ပြည်နယ် ဝန်ချန်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါမစ်ရှင်သည် ၁၉၇၀ ပြည့်နှစ်မှစ၍ လွှတ်တင်ခဲ့သည့် လောင်းမတ်ချ်ဒုံးပျံများ၏ အကြိမ် ၆၀၀ မြောက် မစ်ရှင်ဖြစ်ကြောင်း တရုတ်အမျိုးသား အာကာသ အေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

တရုတ်နိုင်ငံသည် လောင်းမတ်ချ်-၁ ဒုံးပျံကို ၁၉၇၀ ပြည့်နှစ်အတွင်း လွှတ်တင်ခဲ့ပြီးနောက်ပိုင်း လောင်းမတ်ချ်ဒုံးပျံများကို အမျိုးအစား ၂၄ မျိုးထိ တည်ဆောက်အသုံးပြုခဲ့သည်။

အထက်ပါ လောင်းမတ်ချ်ဒုံးပျံ ၂၄ မျိုးအနက် ၁၁ မျိုးမှာ မျိုးဆက်သစ် လောင်းမတ်ချ်ဒုံးပျံယာဉ်များဖြစ်ကြကြောင်း သိရသည်။

တရုတ်နိုင်ငံသည် လက်ရှိအချိန်ထိ လောင်းမတ်ချ်ဒုံးပျံများဖြင့် အာကာသယာဉ်ပေါင်း ၁၄၀၀ ခန့်ကို လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## Spacesail အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုအုပ်စုတစ်စုကို လွှတ်တင်ခဲ့



**ပေကျင်း အောက်တိုဘာ ၁၉**

Spacesail အင်တာနက် ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုအုပ်စုတစ်စုကို အောက်တိုဘာ ၁၈ ရက်တွင် လွှတ်တင်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ Spacesail အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုများကို လောင်းမတ်ချ်-၆ ဒုံးပျံဖြင့် ရှန်ရှီးပြည်နယ် တိုင်ယွမ်းဂြိုဟ်တုလွှတ်တင်ရေးစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၆ ဒုံးပျံသည် Spacesail ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Spacesail ဂြိုဟ်တုကွန်ရက်သည် ကမ္ဘာပတ်လမ်း အနိမ့်ပိုင်းတွင် တည်ဆောက်နေသော အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက် ဖြစ်ပြီး အောက်တိုဘာ ၁၈ ရက် မစ်ရှင်သည် လောင်းမတ်ချ်ဒုံးပျံများ၏ ၆၀၁ ကြိမ်မြောက်အာကာသ မစ်ရှင်ဖြစ်ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

Ref : Xinhua News
Trs : KKO

# HEALTH

## လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်း၊ ရေကူးခြင်းတို့ဖြင့် ဒူးနာကိုက်ခဲမှုကို အထိရောက်ဆုံးလျှော့ချနိုင်

**နယူးယောက် အောက်တိုဘာ ၁၉**

လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်း၊ ရေကူးခြင်းတို့ဖြင့် ဒူးနာကိုက်ခဲမှုဝေဒနာကို အထိရောက်ဆုံးလျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ အောက်တိုဘာ ၁၈ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

အသက် ၅၀ အထက် အမေရိကန်နိုင်ငံသား ထက်ဝက်ခန့်မှာ ဒူးနာဝေဒနာ ခံစားနေကြရပြီး အများအပြားမှာ အကိုက်အခဲပျောက်ဆေးများကို ရေရှည်သုံးစွဲနေကြရသည်။

သို့ရာတွင် ဒူးနာရောဂါလူနာအများအပြားမှာ မည်သည့် လေ့ကျင့်ခန်းမျိုးဖြင့် နာကျင်ကိုက်ခဲမှုများကို အထိရောက်ဆုံး လျှော့ချနိုင်မည်ကို မသိကြကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်းနှင့် ရေကူးခြင်းကဲ့သို့သော လေ့ကျင့်ခန်းများမှာ ဒူးနာလူနာများ၏ နာကျင်ကိုက်ခဲမှုဝေဒနာကို အထိရောက်ဆုံး လျှော့ချပေးနိုင်ကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် လူဦးရေ ၁၅၆၈၀ ပါဝင်ခဲ့သော လေ့လာချက်ပေါင်း ၂၁၇ ခုတို့မှ ပေါ်ထွက်လာသည့် အချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## လူမှုရေးအရ အထီးကျန်မှုပြဿနာကြောင့် ကင်ဆာရောဂါလူနာများ အသက်ရှင်ခွင့်ကျဆင်းနိုင်

**အော့တဝါ အောက်တိုဘာ ၁၉**

လူမှုရေးအရ အထီးကျန်မှုပြဿနာကြောင့် ကင်ဆာရောဂါလူနာများ အသက်ရှင်ခွင့် အလားအလာများ ကျဆင်းသွားနိုင်ကြောင်း အောက်တိုဘာ ၁၈ ရက် သတင်းများအရ သိရသည်။

ကနေဒါသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အထီးကျန်ဝေဒနာခံစားနေရသည့် ကင်ဆာလူနာများသည် ၎င်းတို့ခံစားနေရသည့် ကင်ဆာကြောင့်လည်းကောင်း၊ အခြားကျန်းမာရေး ပြဿနာများကြောင့်လည်းကောင်း အသက်ဆုံးပါးနိုင်ခြေ ပုံမှန်ထက် ပိုများနေတတ်ကြောင်း သိရသည်။

အထီးကျန်မှု ပြဿနာသည် ကင်ဆာရောဂါ လူနာများအတွက် အသက်ဆုံးရှုံးနိုင်ခြေ ပုံမှန်ထက် ၃၄ ရာခိုင်နှုန်းမြင့်တက်လာနိုင်ကြောင်း ကနေဒါ သုတေသန ပညာရှင်များက ပြောကြားသည်။

အလားတူ အထီးကျန်မှုပြဿနာကြောင့် ကင်ဆာလူနာများ ၎င်းတို့ခံစားနေရသော ကင်ဆာဖြင့် အသက်ဆုံးပါးနိုင်ခြေမှာ ပုံမှန်ထက် ၁၁ ရာခိုင်နှုန်းမြင့်တက်လာနိုင်ကြောင်း၊ အထီးကျန်မှုပြဿနာသည် ကင်ဆာရောဂါလူနာ ထက်ဝက်ခန့် ရင်ဆိုင်နေရသည့် ပြဿနာတစ်ရပ် ဖြစ်ကြောင်း ကနေဒါ သုတေသနပညာရှင်များက ပြောကြားသည်။

ကနေဒါ သုတေသနပညာရှင်များသည် ကင်ဆာလူနာ ၂ ဒသမ ၁ သန်းတို့၏ အချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO






# မေဂျာလိဂ်ပြိုင်ပွဲတွင် ဟက်ထရစ်ဂိုး သွင်းယူနိုင်သည့် တိုက်စစ်မှူး မက်ဆီ မှတ်တမ်းသစ် ထပ်မံရရှိ

**မီယာမီ အောက်တိုဘာ ၁၉**

မေဂျာလိဂ် အမှတ်ပေးပွဲစဉ်အဖြစ် ကစားခဲ့သည့် အင်တာမီယာမီအသင်းနှင့် နက်ရှ်ဗီလီအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် တိုက်စစ်မှူး မက်ဆီက အသင်းအတွက် ဟက်ထရစ်ဂိုးနှင့် ဂိုးဖန်တီးမှု တစ်ကြိမ် ပြုလုပ်ပေးနိုင်ခဲ့သောကြောင့် မေဂျာလိဂ် သမိုင်းတွင် ဘောလုံးရာသီတစ်ခုအတွင်း သွင်းဂိုးနှင့် ဂိုးဖန်တီးမှု စုစုပေါင်း ၄၈ ကြိမ်ထိ ပြုလုပ်နိုင်သည့်မှတ်တမ်းကောင်းကို ပိုင်ဆိုင်ခဲ့သည်။

ထို့ကြောင့် တိုက်စစ်မှူးမက်ဆီသည် ယခုနှစ်ဘောလုံးရာသီတွင် သွင်းဂိုး ၂၉ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၉ ကြိမ်ထိပြုလုပ်နိုင်ခဲ့ပြီး မေဂျာလိဂ်သမိုင်းတွင် ၂၀၁၉ ခုနှစ်က ဂိုးပါဝင်ပတ်သက်မှု အများဆုံးကစားသမားဖြစ်သည့် ကားလို့စ်ဗီလာ၏စံချိန်ကို လိုက်မီရန် ဂိုးပါဝင်ပတ်သက်မှု တစ်ကြိမ်သာ လိုအပ်တော့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် တိုက်စစ်မှူး မက်ဆီသည် ပွဲကစားချိန် ၃၅မိနစ်၊ ပွဲကစားချိန် ၆၃ မိနစ်၊ ပွဲကစားချိန် ၈၁ မိနစ်တို့တွင် ဟက်ထရစ်ဂိုး သွင်းယူနိုင်ခဲ့ပြီး ပွဲကစားချိန် မိနစ် ၉၀ ကျော်တွင် ဆီဂိုဗီးယား၏ သွင်းဂိုးကို ဖန်တီးမှုပြုလုပ်ပေးခဲ့ကာ ဂိုးပါဝင်ပတ်သက်မှု လေးကြိမ်ထိရှိခဲ့ခြင်းဖြစ်သည်။

အင်တာမီယာမီ အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် အသင်းတိုက်စစ်ပိုင်းက သွင်းဂိုး ၈၁ ဂိုးထိ သွင်းယူနိုင်ခဲ့သဖြင့် အသင်းသမိုင်းတွင် ဂိုးအများဆုံးသွင်းယူနိုင်သည့် ဘောလုံးရာသီဖြစ်ခဲ့ပြီး မေဂျာလိဂ်သမိုင်းတွင်လည်း ဘောလုံးရာသီတစ်ခုအတွင်း သွင်းဂိုး ၈၁ ဂိုး သွင်းယူနိုင်သည့် အယ်လ်အေဂလက်စီ၊ အယ်လ်အေအက်စ်စီအသင်းတို့ပြီးလျှင် တတိယမြောက် သွင်းဂိုး ၈၁ ဂိုး သွင်းယူနိုင်သည့် အသင်းဖြစ်လာခဲ့ကြောင်း သိရသည်။

Ref : Fotmob
Trs : ML



# လီဟာဗေးအသင်းကို ခြောက်ဂိုးနှစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် မာဆေးအသင်း အမှတ်ပေးဇယားထိပ်ဆုံးတွင် ဦးဆောင်



**ပဲရစ် အောက်တိုဘာ ၁၉**

ပြင်သစ်လီဂူး အမှတ်ပေးပွဲစဉ် (၈) အဖြစ်ကစားခဲ့သည့် မာဆေးအသင်းနှင့် လီဟာဗေးအသင်းတို့ ပွဲစဉ်တွင် မာဆေးအသင်းက ခြောက်ဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မာဆေးအသင်းတိုက်စစ်ကို ဂရင်းဝုဒ်က ဦးဆောင်လာခဲ့ပြီး ပွဲကစားချိန် ၃၅ မိနစ်၊ ၆၇ မိနစ်၊ ၇၂ မိနစ်နှင့် ၇၆ မိနစ်တို့တွင် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့ပြီး ပွဲချိန် ၈၈ မိနစ်တွင် ဗက်ဇ် ၊ ပွဲချိန်မိနစ် ၉၀ တွင် မူရီလိုတို့၏ သွင်းဂိုးများဖြင့် ခြောက်ဂိုးထိ သွင်းယူနိုင်ခဲ့သော်လည်း လီဟာဗေးအသင်းက ပွဲချိန် ၂၄ မိနစ်နှင့် ပွဲချိန် မိနစ် ၉၀ ကျော်တို့တွင် ချေပဂိုးများ သွင်းယူနိုင်ခဲ့သဖြင့် မာဆေးအသင်းက ခြောက်ဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။

ပြင်သစ်လီဂူး အမှတ်ပေးပွဲစဉ် (၈)တွင် အမှတ်ပေးဇယားကို ဦးဆောင်နေသည့် ပီအက်စ်ဂျီအသင်းက စထရာဘော့အသင်းကို သုံးဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့ပြီး လိုင်ယွန်အသင်းက နိုက်အသင်းကို သုံးဂိုးနှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် မာဆေးအသင်းက ရှစ်ပွဲကစားအပြီးတွင် ရမှတ် ၁၈ မှတ်ရရှိခဲ့ကာ အဆင့် (၁) မှ ဦးဆောင်ခွင့်ရခဲ့ကြောင်း သိရသည်။

၎င်းနောက်တွင် ပီအက်စ်ဂျီအသင်းက ရမှတ် ၁၇ မှတ်ဖြင့် အဆင့်(၂)၊စထရာဘော့အသင်းက ရမှတ် ၁၆မှတ်ဖြင့် အဆင့် (၃) ၊ လိုင်ယွန်အသင်းက ရမှတ် ၁၅ မှတ်ဖြင့် အဆင့် (၄)၊ မိုနာကိုအသင်းက ရမှတ် ၁၄ မှတ်ဖြင့် အဆင့် (၅) နေရာတွင် ရပ်တည်နေကြောင်း သိရသည်။

Ref : Fotmob
Trs : ML

# နော်တင်ဟမ်အသင်းက နည်းပြပိုစတီကိုဂလူကို ရာထူးမှထုတ်ပယ် ပရီးမီးယားလိဂ်ပြိုင်ပွဲ သက်တမ်းအတိုဆုံးနည်းပြစာရင်းတွင် ပါဝင်

**လန်ဒန် အောက်တိုဘာ ၁၉**

နော်တင်ဟမ် အသင်းက နည်းပြ ပိုစတီကိုဂလူကို ရာထူးမှ ထုတ်ပယ်ခဲ့ပြီးနောက် ပိုစတီကိုဂလူသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ သက်တမ်းအတိုဆုံးနည်းပြစာရင်းတွင် ပါဝင်ခဲ့ကြောင်း သိရသည်။

နည်းပြပိုစတီကိုဂလူသည် ယခုနှစ်ဘောလုံးရာသီတွင် နည်းပြဆန်းတို့စ်နေရာ၌ အစားထိုးခံရပြီး နော်တင်ဟမ်နည်းပြအဖြစ် ခန့်အပ်ခံရသော်လည်း ပြိုင်ပွဲစုံရှစ်ပွဲ အပြီးတွင် ရလဒ်ပိုင်းတိုးတက်မှုမရှိသဖြင့် နော်တင်ဟမ်အသင်းက ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ပိုစတီကိုဂလူသည် နော်တင်ဟမ်အသင်းကို ရက်ပေါင်း ၃၉ ရက်သာ တာဝန်ယူခဲ့ရသဖြင့် ပရီးမီးယားလိဂ် သမိုင်းတွင် နည်းပြသက်တမ်းအတိုဆုံး ၁၀ ဦးစာရင်း၌ ပါဝင်ခဲ့သည်။

ပရီးမီးယားလိဂ် သမိုင်းတစ်လျှောက် နည်းပြသက်တမ်းအတိုဆုံးစာရင်းတွင် လိဒ်ယူနိုက်တက်အသင်းကို တာဝန်ယူခဲ့သည့် နည်းပြ ဆန်အလာဒိုက်က ရက် ၃၀ဖြင့် အဆင့် (၁) ၊ နော်တင်ဟမ်အသင်းကို တာဝန်ယူခဲ့သည့် နည်းပြပိုစတီကိုဂလူက ရက်ပေါင်း ၃၉ ရက်ဖြင့်အဆင့် (၂)၊ ချာလ်တန်အသင်းကို တာဝန်ယူခဲ့သည့် နည်းပြလက်ရိဒ်က ရက်ပေါင်း ၄၁ရက်ဖြင့် အဆင့်(၃)၊ လိဒ်ယူနိုက်တက်အသင်းကို ရက်ပေါင်း ၇၁ ရက်တာဝန်ယူခဲ့သည့် နည်းပြ ဂါစီယာက အဆင့် (၄)၊ ဖူလ်ဟမ်အသင်းကို ရက်ပေါင်း ၇၅ ရက် တာဝန်ယူခဲ့သည့် နည်းပြ ရီနီက အဆင့် (၅)၊ ပဲလေ့စ်အသင်းကို ၇၇ ရက်တာဝန်ယူခဲ့သည့် နည်းပြ ဖရန့်ဒီဘိုးဝါးက အဆင့် (၆)၊ ဆွမ်ဆီးအသင်းကို ၈၄ ရက် တာဝန်ယူခဲ့သည့် နည်းပြဘာရက်ဒ်လေက အဆင့် (၇)၊ ဝက်ဖို့ဒ်အသင်းကို ရက်ပေါင်း ၈၅ ရက် တာဝန်ယူခဲ့သည့် နည်းပြဆန်းချက်ဇ်ဖလိုရက်စ်က အဆင့် (၈)၊ ဝုဗ်အသင်းကို ရက်ပေါင်း ၉၁ ရက် တာဝန်ယူခဲ့သည့် တယ်ရီကော်နော်က အဆင့် (၉) ၊ ဆောက်သမ်တန်အသင်းကို ရက်ပေါင်း ၉၄ ရက် တာဝန်ယူခဲ့သည့် နည်းပြ နသန်ဂျုန်းက အဆင့် (၁၀)နေရာတို့တွင် အစဉ်လိုက် ရပ်တည်လျက်ရှိကြောင်း သိရသည်။

Ref : SI
Trs : ML

# အားကစားသတင်းအတိုအထွာများ

- ❑ အာဆင်နယ်အသင်းနှင့် စပါးအသင်းတို့က ပရီးမီးယားလိဂ်ပွဲစဉ် ခုနစ်ပွဲတွင် ရှစ်ဂိုးထိသွင်းယူနိုင်သည့် တောင်ပံကစားသမား ဆီမီညိုကို ခေါ်ယူရန် ကြိုးပမ်းနေသော်လည်း ဘုန်းမောက်အသင်းက ကစားသမားအတွက် ပြောင်းရွှေ့ကြေးစတာလင်ပေါင် သန်း ၈၀ ရရှိမှသာ လက်လွှတ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။
- ❑ တိုက်စစ်မှူး အန်းဒရစ်နှင့်ဂါစီယာတို့ ဇန်နဝါရီအပြောင်းအရွှေ့တွင် အသင်းမှ ထွက်ခွာနိုင်ကြောင်း သတင်းထွက်ပေါ်နေမှုကို နည်းပြအလွန်ဆိုက ကစားသမားများ၏ဆုံးဖြတ်ချက်အတိုင်းသာ ဆောင်ရွက်မည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

ML

# BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲချန်ပီယံဆုကို ကင်မ်စီယန်း ဆွတ်ခူး

**ဟဲနမ် အောက်တိုဘာ ၁၉**

တောင်ကိုရီးယားနိုင်ငံ ဟဲနမ်မြို့တွင်ကျင်းပခဲ့သည့် BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တောင်ကိုရီးယားဂေါက်သီးရိုက်မယ် ကင်မ်စီယန်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၄ ချက် လျော့ရိုက်ကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျပန်ဂေါက်သီးရိုက်မယ် ဟာတာအိုကာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် အချက် ၂၀ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး ပြင်သစ်ဂေါက်သီးရိုက်မယ် ဘိုတီယာနှင့် တောင်ကိုရီးယားဂေါက်သီးရိုက်မယ်ကင်မ်အေလင်းတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့သည်။



ချန်ပီယံဆုအား ဆွတ်ခူးခဲ့သည့် ကင်မ်စီယန်းအတွက် ငါးနှစ်တာကာလ ဖလားလက်မဲ့ဖြစ်ခဲ့ရသည့် အခြေအနေမှ ရုန်းထွက်နိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ကင်မ်စီယန်းသည် ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း ဆုဖလား ဆွတ်ခူးနိုင်ခဲ့ခြင်းမရှိဘဲ ပုံစံကောင်းပျောက်ဆုံးသည့် အခြေအနေဖြင့် ရင်ဆိုင်ခဲ့ရပြီး BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ကင်မ်စီယန်းက "နောက်ဆုံးနေ့မှာ ကျွန်မအနေနဲ့ ပြန်တွေးကြည့်လိုက်တယ်။ ဒီပြိုင်ပွဲမှာသာ ရှုံးနိမ့်ခဲ့မယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ်တော်တော်လေးကို စိတ်ပျက်မိမှာပဲလို့ ပြောခဲ့တယ်။ ဘာလို့လဲဆိုတော့ ကိုယ့်နိုင်ငံ ကိုယ်နိုင်ငံသားတွေရှေ့မှာ ယှဉ်ပြိုင်ရတဲ့ ပြိုင်ပွဲဖြစ်တဲ့အတွက် ပရိသတ်တွေကို စိတ်မကောင်း ဖြစ်စေလိမ့်မယ်။ ဒါကြောင့် ဒီပြိုင်ပွဲမှာ တခြားပြိုင်ပွဲတွေမှာထက် ပိုပြီးတော့ အောင်မြင်မှု ရယူချင်တယ်။ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် ဖိအားပေးခဲ့တယ်။ သေချာပေါက် အောင်မြင်မှု ရယူမယ်ဆိုတဲ့ စိတ်နဲ့ ယှဉ်ပြိုင်ကစားခဲ့တာပါ။ အဆုံးသတ်မှာတော့ အလိုချင်ဆုံး ဆန္ဒပြည့်ဝခဲ့ပါတယ်။ ကာလရှည် ဆုဖလား ကိုင်မြှောက်ခွင့်မရခဲ့တဲ့ အခြေအနေကလဲ လွတ်မြောက်နိုင်ခဲ့ပြီဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Espn
Trs : AZL

# တရုတ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အာရှ ယူ-၁၇ အမျိုးသမီးပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျင်းပမည်



**ရန်ကုန် အောက်တိုဘာ ၁၉**

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် မြန်မာ ယူ-၁၇ အသင်းဝင်ရောက်ခွင့် ရရှိထားသည့် အာရှ ယူ-၁၇ အမျိုးသမီး ပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အာရှ ယူ-၁၇ အမျိုးသမီးပြိုင်ပွဲကို မြန်မာယူ-၁၇ အသင်းအနေဖြင့် ခြေစစ်ပွဲမှ စတင်ယှဉ်ပြိုင်ခဲ့ရာ အုပ်စုပွဲစဉ်များတွင် မကာအိုအသင်း၊ အင်ဒိုနီးရှားအသင်းတို့ကို ဂိုးပြတ်အနိုင်ရရှိခဲ့ကာ အုပ်စုပထမဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

၂၀၂၆ အာရှ ယူ-၁၇ အမျိုးသမီး ပြိုင်ပွဲတွင် တိုက်ရိုက်ဝင်ခွင့်ရရှိသည့် အသင်းများအဖြစ် အိမ်ရှင်တရုတ်အသင်း၊ တောင်ကိုရီးယားအသင်း၊ မြောက်ကိုရီးယားအသင်းနှင့် ဂျပန်အသင်းတို့က တိုက်ရိုက်ဝင်ခွင့်ရရှိထားပြီး ခြေစစ်ပွဲအောင်မြင်သည့်အသင်း ရှစ်သင်းနှင့်အတူ ၁၂ သင်းဖြင့် ကျင်းပမည်ဖြစ်သည်။

၂၀၂၆ အာရှ ယူ-၁၇ အမျိုးသမီး ပြိုင်ပွဲကို လေးသင်းပါ သုံးအုပ်စုဖြင့် ခွဲခြားကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စုပထမနှင့် ဒုတိယရရှိသည့် အသင်း ခြောက်သင်း၊ အကောင်းဆုံးအုပ်စု တတိယအသင်းနှစ်သင်း စုစုပေါင်း ရှစ်သင်းမှာ ကွာတားဖိုင်နယ်အဆင့် တက်ရောက်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်တက်ရောက်မည့် လေးသင်းအနေဖြင့် ၂၀၂၇ ယူ-၁၇ အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲကို ဆက်လက်ဝင်ခွင့်ရရှိမည်ဖြစ်သည်။

၂၀၂၆ အာရှ ယူ-၁၇ အမျိုးသမီး ပြိုင်ပွဲ အုပ်စုမဲခွဲရန် မဲအိုးနံပါတ်သတ်မှတ်ချက်တွင် မြန်မာအသင်းအနေဖြင့် မဲအိုးနံပါတ်(၄)တွင် ကျရောက်နေကြောင်း သိရသည်။

STA

# ဘာစီလိုနာအသင်းနှင့် Spotify တို့ ဂျာစီရင်ဘတ်စပွန်ဆာနှင့် အိမ်ကွင်းအမည်စပွန်ဆာတို့ကို ကာလရှည်သက်တမ်းတိုးစာချုပ် ချုပ်ဆို

**ဘာစီလိုနာ အောက်တိုဘာ ၁၉**

ဘာစီလိုနာ အသင်းနှင့် Spotify တို့ ဂျာစီရင်ဘတ်စပွန်ဆာနှင့် အိမ်ကွင်းအမည်စပွန်ဆာတို့ကို ကာလရှည် သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

ဘာစီလိုနာ အသင်းနှင့် Spotify တို့သည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်မှစတင်ပြီး ဂျာစီရင်ဘတ်စပွန်ဆာအဖြစ် စတင်လက်တွဲခဲ့ပြီး နောက်ပိုင်းတွင် အိမ်ကွင်း နူးကမ့်ကွင်းစပွန်ဆာကိုပါ Spotify က စပွန်ဆာအဖြစ် စာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာ အသင်းနှင့် Spotify တို့သည် ဂျာစီရင်ဘတ်စပွန်ဆာအဖြစ် ၂၀၃၀ ပြည့်နှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့သည့်အပြင် အသင်းအိမ်ကွင်းမူပိုင်ခွင့်ကိုလည်း Spotify နှင့် ၂၀၃၄ ခုနှစ်ထိ ကာလရှည်လက်တွဲသွားမည်ဖြစ်သည်။

ဘာစီလိုနာ အသင်းသည် လက်ရှိ အသင်းအိမ်ကွင်းစီမံကိန်း မပြီးပြတ်သေးသော်လည်း Spotify နှင့် အသင်းအိမ်ကွင်း မူပိုင်ခွင့်အတွက် ၂၀၃၄ ခုနှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

Spotify သည် အွန်လိုင်းတေးဂီတထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သည့်အတွက် ဘာစီလိုနာအသင်း ဂျာစီရင်ဘတ်တွင် အချို့ပွဲစဉ်များ၌ ကမ္ဘာ့ထိပ်တန်းတေးဂီတအဖွဲ့၏ လိုဂိုကို ဝတ်ဆင် အသုံးပြုလေ့ရှိကြောင်း သိရသည်။

Rrf : Fotmob

Trs : STA

# ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စု(B)၌ ကျရောက်

**ရန်ကုန် အောက်တိုဘာ ၁၉**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုမဲခွဲမှုအပြီးတွင် မြန်မာအသင်း အုပ်စု(B)၌ ကျရောက်ခဲ့ကြောင်း သိရသည်။

ဆီးဂိမ်းပြိုင်ပွဲ အမျိုးသမီး ဘောလုံးပြိုင်ပွဲကို အာဆီယံဒေသတွင်းမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် လေးသင်းပါ နှစ်အုပ်စုဖြင့် ကျင်းပသွားမည်ဖြစ်သည်။

ဆီးဂိမ်းပြိုင်ပွဲ အမျိုးသမီး ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ အပြီးတွင် အုပ်စုနှစ်ခုမှ အုပ်စုပထမနေရာနှင့် ဒုတိယနေရာ ရရှိသည့် အသင်းလေးသင်းမှာ ဆီမီးဖိုင်နယ်အဆင့် တက်ရောက်မည်ဖြစ်သည်။

ဆီးဂိမ်းပြိုင်ပွဲ အမျိုးသမီး ဘောလုံးပြိုင်ပွဲ အုပ်စုမဲခွဲမှုအပြီးတွင် အုပ်စု(A)၌ အိမ်ရှင် ထိုင်းအသင်း၊ ကမ္ဘောဒီးယားအသင်း၊ စင်ကာပူအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ကျရောက်ခဲ့ကြသည်။

အုပ်စု(B)တွင် မြန်မာအသင်း၊ ဗီယက်နမ်အသင်း၊ မလေးရှားအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ တစ်အုပ်စုတည်း ကျရောက်ခဲ့ကြသည်။

ဆီးဂိမ်းပြိုင်ပွဲ အမျိုးသမီး ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဒီဇင်ဘာ ၄ ရက်မှ ၁၁ ရက်၊ ဆီမီးဖိုင်နယ်မှ ဗိုလ်လုပွဲစဉ်ထိကို ဒီဇင်ဘာ ၁၄ ရက်မှ ၁၇ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

STA




# Japan Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဖာနန်ဒက်ဇ် ဆွတ်ခူး

**အိုဆာကာ အောက်တိုဘာ ၁၉**

ဂျပန်နိုင်ငံ အိုဆာကာမြို့တွင် ကျင်းပခဲ့သည့် Japan Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ကနေဒါတင်းနစ်မယ် ဖာနန်ဒက်ဇ်နှင့် ချက်တင်းနစ်မယ်ဗာလင်တိုဗာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဖာနန်ဒက်ဇ်က (၆-၀၊ ၅-၇၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဖာနန်ဒက်ဇ်အတွက် ယခုနှစ် တင်းနစ်ရာသီအတွင်း ဒုတိယမြောက်ဆွတ်ခူးခဲ့သည့် ဆုဖလားဖြစ်ပြီး ချန်ပီယံဆုဖြင့်ထိုက်တန်သော စွမ်းဆောင်ရည်ကို ပြသနိုင်ခဲ့သည်။

ဖာနန်ဒက်ဇ်သည် ပထမပွဲငယ်တွင်ဗာလင်တိုဗာကိုပြတ်သားသည့် ရလဒ်ဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်တွင် tie-break အဆင့်ထိ ကစားခဲ့ရပြီးမှ ရှုံးနိမ့်ခဲ့ကာ အဆုံးအဖြတ်ပွဲစဉ်အဖြစ် တတိယပွဲငယ်ကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာတွင် ဖာနန်ဒက်ဇ်က ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည်။

ဖာနန်ဒက်ဇ်က "ဒီအောင်မြင်မှုနဲ့ပတ်သက်ပြီး ကျွန်မရဲ့ အဖေနဲ့ နည်းပြအဖွဲ့ကို ကျေးဇူးတင်ပါတယ်။ ကျွန်မအဖေဟာ ကျွန်မရဲ့ နည်းပြအဖြစ် တာဝန်ယူပေးနေသလို ကျွန်မကို အကောင်းဆုံး သင်ကြား ပြသပေးနေပါတယ်။ ကျွန်မအဖေရဲ့ အကောင်းဆုံး သင်ကြားပြသပေးမှုကြောင့် အခုလို အောင်မြင်မှုရရှိခဲ့တာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Tennis World

Trs : AZL



# WBC အမျိုးသမီးလိုက်ဖလိုင်းဝိတ်တန်း လက်ရှိချန်ပီယံခါးပတ်ကို ဂွာရက်ဇ် ကာကွယ်နိုင်ခဲ့

**တက္ကဆက် အောက်တိုဘာ ၁၉**

WBC အမျိုးသမီး လိုက်ဖလိုင်း ဝိတ်တန်း ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ မက္ကဆီကိုလက်ဝှေ့မယ် ဂွာရက်ဇ်နှင့် စိန်ခေါ်သူ မက္ကဆီကိုလက်ဝှေ့မယ်ယီစီကာတို့ အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် ယနေ့ ထိုးသတ်ခဲ့ရာ ဂွာရက်ဇ်က ဒိုင်အမှတ်ဖြင့် အနိုင်ရရှိကာ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

မကြာမီ အသက် ၃၉ နှစ်ပြည့် မွေးနေ့ရောက်တော့မည့် ဂွာရက်ဇ်အတွက် မွေးနေ့အကြို အကောင်းဆုံးလက်ဆောင်ဖြစ်ခဲ့ပြီး လက်ရှိချန်ပီယံဆုကိုလည်း ထိုက်ထိုက်တန်တန်ဖြင့် ကာကွယ်နိုင်ခဲ့ခြင်းဖြစ်သည်။

အမှတ်ပေး ဒိုင်သုံးဦးရှိသည့်အနက် ဒိုင်နှစ်ဦးက (၉၆-၉၄) ရမှတ်ဖြင့် ဂွာရက်ဇ်ကို အနိုင်ပေးခဲ့ပြီး ကျန်ဒိုင်တစ်ဦးက (၉၅-၉၅) ရမှတ်ဖြင့် သရေအဖြစ်သာ သတ်မှတ်ခဲ့သည်။

Majority Decision (MD) ရလဒ်ဖြင့်သာ အနိုင်ရခဲ့သော်လည်း အသက် ၃၁ နှစ်အရွယ် ပြိုင်ဘက်နှင့်ထိုးသတ်ခဲ့ရာ အနိုင်ရလဒ်ကို စွမ်းဆောင်နိုင်ခဲ့ခြင်းသည် ဂွာရက်ဇ်အတွက် ဂုဏ်ယူစရာနိုင်ပွဲတစ်ပွဲဖြစ်ခဲ့သည်။

ဂွာရက်ဇ်က "တော်တော်လေးကိုခက်ခဲတဲ့စိန်ခေါ်ပွဲပါ။ ကျွန်မအနေနဲ့ လက်ရှိချန်ပီယံကိုကာကွယ်နိုင်ဖို့ သေချာပြင်ဆင်ခဲ့သလို ကြိုးဝိုင်းထဲရောက်တဲ့အချိန်မှာလဲ အကောင်းဆုံးထိုးသတ်နိုင်ဖို့ အာရုံစိုက်ခဲ့ပါတယ်။ ယီစီကာဟာ ပြိုင်ဘက်ကောင်းတစ်ဦးဖြစ်သလို ကျွန်မတို့အကြား အသက်အရွယ် ကွာဟချက်ကလဲ တော်တော်လေးကို သိသာစေပါတယ်။ ခက်ခဲတဲ့ ပြိုင်ဘက်တစ်ယောက်ကို အနိုင်ယူပြီး လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : DAZN

Trs : AZL

# နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့

ဘုန်းမောင်ဝင်း(ဖျာပုံ)

လူတိုင်းသည် သန့်ရှင်းသပ်ရပ်မှုကိုနှစ်သက်သဘောကျသည်။ သန့်ရှင်းစွာရှိနေသောအိမ်သည် ဧည့်သည်များအတွက် စိတ်ကြည်နူးမှုဖြစ်စေသည်။ ထို့အတူအိမ်သူအိမ်သားများအတွက်လည်း နေ့စဉ်နှင့်အမျှစိတ်ကြည်နူးမှုရရှိစေပြီး သန့်ရှင်းမှုကြောင့် ကျန်းမာရေးကောင်းမွန်စေသည်။ နိုင်ငံတော်အကြီးအကဲ၏ ပြည်ပသို့သွားလာသည့် ခရီးစဉ်များတွင် မြင်တွေ့ရသောရှုခင်းများ၊ အဆောက်အအုံများမှာ လွန်စွာသန့်ရှင်းသပ်ရပ်သည်ကို တွေ့မြင်ရသည်။ သူတို့နိုင်ငံတွေ ဘာကြောင့် တိုးတက်သလဲဟု မေးလျှင် အဖြေမှာ သန့်ရှင်းသပ်ရပ်မှုနှင့်စည်းကမ်းရှိမှုကြောင့်ဖြစ်သည်ဟု ဖြေပါမည်။

စည်းကမ်းရှိမှ တိုးတက်မည်ဟူသော စကားသည် လွန်စွာမှန်ကန်သည်။ တိုးတက်ကြီးပွားသူတိုင်းမှာ စည်းစနစ်ကျနသည်။ စည်းကမ်းကိုလိုက်နာကြသည်။ မိမိတို့နေထိုင်သည့် အိုးအိမ်တိုက်တာများကို သန့်ရှင်းအောင် ပြုလုပ်နေထိုင်ကြသကဲ့သို့ သဘာဝပတ်ဝန်းကျင်ကိုလည်း သန့်ရှင်းသာယာလှပအောင် လုပ်ဆောင်ကြရမည်ဖြစ်သည်။ သန့်ရှင်းခြင်း၊ မသန့်ရှင်းခြင်း၊ သာယာခြင်း၊ မသာယာခြင်းတို့မှာ လူသားတို့၏ လုပ်ဆောင်မှုအပေါ်တွင် မူတည်သည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်သည် "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"၊ "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"၊ "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့"ဟူသောမူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ပထမဆုံးမူဝါဒမှာ ကုန်ထုတ်လုပ်သူများနှင့်တိုက်ရိုက်သက်ဆိုင်သည်။ ဒုတိယမူဝါဒမှာ ပညာသင်ကြားသူများအားလုံးနှင့် တိုက်ရိုက်သက်ဆိုင်သည်။ တတိယမူဝါဒမှာ နိုင်ငံအတွင်းမှီတင်းနေထိုင်သူပြည်သူအားလုံးနှင့် တိုက်ရိုက်သက်ဆိုင်သည်။ နိုင်ငံသားအားလုံးက မဖြစ်မနေလိုက်ပါလုပ်ဆောင်ရမည့်တာဝန်လည်းဖြစ်သည်။ သို့မှသာ သဘာဝပတ်ဝန်းကျင်လှပပြီး နိုင်ငံတော်သာယာနေမည်ဖြစ်သည်။

လူတိုင်းသည်မိမိကိုယ်ကိုအမြဲတမ်းအလှဆင်နေသကဲ့သို့ မိမိနေထိုင်သည့် သဘာဝပတ်ဝန်းကျင်ကိုလည်း အလှဆင်နေကြရမည်ဖြစ်သည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပုဒ်မ ၃၉၀ တွင် နိုင်ငံသားတိုင်းသည် အောက်ဖော်ပြပါကိစ္စရပ်များတွင် နိုင်ငံတော်အားကူညီရန် တာဝန်ရှိသည်ဟူ၍ ပြဋ္ဌာန်းထားပြီး ပုဒ်မခွဲ(ခ)တွင် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဟူ၍ ဖော်ပြထားသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု လျော့နည်းလာခြင်းကြောင့် သဘာဝဘေးအန္တရာယ်များ များပြားလာခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။

ရှေးယခင်က မြန်မာနိုင်ငံတစ်ဝန်း တောတောင်ရေမြေအနှံ့ ဧရိယာအတော်များများတွင် သစ်တောဖုံးလွှမ်းပြီးသစ်၊ ဝါး၊ ကျေးငှက်သာရကာ သားရဲမျိုးစုံပေါကြွယ်ဝသည်။ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသတွင် သစ်တောသစ်ပင်များကို အလွန်အကျွံထုတ်ယူသုံးစွဲခြင်းများကြောင့် သစ်တောများပြုန်းတီးပြီး တဖြည်းဖြည်း ပူပြင်းခြောက်သွေ့လာသောကြောင့် မိုးနည်းရေရှားရပ်ဝန်း ဖြစ်ပေါ်လာခဲ့သည်။

ထို့ကြောင့် ယခင်နှစ်များကဲ့သို့ပင် ၂၀၂၅ ခုနှစ် ဇူလိုင် ၁၁ ရက်တွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်တိုင် ဦးဆောင်ကာ သစ်ပင်စိုက်ပျိုးပွဲတော်များကိုကျင်းပခြင်းဖြစ်သည်။ မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်း၊ မန္တလေး၊ မကွေးတိုင်းဒေသကြီး သုံးခု၏ အပူပိုင်းဒေသ ၁၃ ခရိုင်အတွင်း မြို့နယ် ၂၉ မြို့နယ်၌ တန်ဖိုးရှိသစ်မျိုး၊ ဒေသသစ်မျိုး စုစုပေါင်း ၂၃ မျိုး၊ အပင်စုစုပေါင်း ၃၄၉၅၀ ပင် စိုက်ပျိုးခြင်းကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ သစ်ပင်စိုက်ပျိုးခြင်းမှာ ကုသိုလ်ရသည့်အလုပ်ဖြစ်သည့်အပြင် အနာဂတ်အတွက် ကောင်းသောလမ်းခင်းခြင်းဖြစ်သည်။ သစ်တောသစ်ပင်တို့သည် ရာသီဥတုကို ညီညွတ်မျှတစေခြင်း၊ သဘာဝဘေးအန္တရာယ်များကို တားဆီးပေးခြင်း၊ ပတ်ဝန်းကျင်အခြေအနေကောင်းများ ဖန်တီးပေးခြင်း၊ ပြည်သူများ၏ လူမှုစီးပွားဘဝကို မြှင့်တင်ဖော်ဆောင်ပေးခြင်း စသည့်အကျိုးကျေးဇူးများစွာ ရရှိစေသည်။ ထိုအကျိုးကျေးဇူးများအပြင် သက်ရှိလောက တည်မြဲရေးအတွက် များစွာအထောက်အကူပြုသည်။

သစ်ပင်စိုက်ပျိုးခြင်းမှာ ရှေးယခင်မျိုးဆက်များ၏ သစ်တောသစ်ပင်ဆိုင်ရာအားနည်းသည့် ပြုမူချက်အပေါ် ကျေးဇူးဆပ်ခြင်းဖြစ်ပြီး နောင်လာနောက်သားမျိုးဆက်တို့အတွက် အမွေကောင်းပေးခြင်းမည်ပေသည်။ သစ်တောသစ်ပင်များ စိမ်းစိုလာပါက သဘာဝဘေးရန်တို့ ကျရောက်မှုလျော့နည်းလာမည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် သစ်တောနှင့်ပတ်သက်၍ ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရန်၊ လက်ရှိပြည်သူလူထုနှင့်နောင်လာနောက်သားများပါ သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့် သွယ်ဝိုက်သောအကျိုးများကိုစဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန်၊ ပြည်သူလူထု၏လောင်စာ၊ နေအိမ်အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေရာနားနေမှု အစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် မူဝါဒများချမှတ်ထားသည်။

ထို့ပြင် သစ်တောသယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေးအကျိုးအမြတ်တို့ကိုလူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချနိုင်ရန်၊ သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများအသုံးချရေးဆိုင်ရာလုပ်ငန်းတို့တွင် ပြည်သူတို့ပူးပေါင်းပါဝင်လာကြစေရန်တို့ကို ဆောင်ရွက်ရန်လည်း မူဝါဒချမှတ်ထားသည်။ သစ်ပင်စိုက်ပျိုးခြင်းဖြင့် မြေဆီလွှာထိန်းသိမ်းခြင်းမှာ ကုန်ကျစရိတ်အသက်သာဆုံးနှင့်ရိုးရှင်းလွယ်ကူဆုံးဖြစ်သည်။ နေရာဒေသမရွေး သစ်ပင်စိုက်ပျိုးပေးခြင်းဖြင့် ရာသီဥတုကောင်းမွန်လာစေပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည် သာယာလာခြင်း၊ ထုတ်လုပ်မှုကောင်းမွန်သော မြေယာများပြန်လည်ဖြစ်လာစေခြင်း၊ သဲကန္တာရဖြစ်ထွန်းမှုများ၊ မိုးခေါင်ရေရှားမှုပြဿနာများနှင့် ပူပြင်းခြောက်သွေ့မှုများကိုတားဆီးကာကွယ်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရာတွင်သစ်ပင်စိုက်ပျိုးခြင်းမှာအဓိကဖြစ်သော်လည်း ထိုနည်းလမ်းတစ်ခုတည်းဖြင့် လုံလောက်နိုင်မည်မဟုတ်ပေ။

> ❖ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လူတစ်ဦးချင်းဆီမှစ၍ ကြွပ်ကြွပ်အိတ်အပါအဝင် ပလတ်စတစ်ပစ္စည်းများကို ငြင်းဆိုခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ လျှော့ချအသုံးပြုခြင်း၊ ပြင်ဆင်အသုံးပြုခြင်းဆိုသည့် နည်းလမ်းလေးသွယ်ကို လိုက်ပါ ဆောင်ရွက်ရမည်ဖြစ်သည်။ လက်တွေ့နယ်ပယ်တွင် ပလတ်စတစ်ပစ္စည်းများ လျှော့သုံးခြင်းဖြင့် သဘာဝပတ်ဝန်းကျင်သာယာလှပအောင် ထိန်းသိမ်းကြရမည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် သစ်ပင်စိုက်ပျိုးခြင်း၊ ပလတ်စတစ်လျှော့သုံးခြင်းများသည် အဓိကကျသောနည်းလမ်းများဖြစ်သကဲ့သို့ အခြားသောနည်းလမ်းများစွာလည်းရှိသည်။ ❖

ယနေ့ကမ္ဘာတွင် လူပြောများလာသည်မှာ ပလတ်စတစ်များနှင့် အန္တရာယ်ရှိကြောင်း သတင်းများဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာတွင် ပလတ်စတစ်များနှင့်ပတ်သက်၍ အထူးသတိထားအသုံးပြုကြရမည်ဖြစ်သည်။ လူသားတို့သည် ကမ္ဘာမြေမှ သဘာဝသယံဇာတများကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထုတ်ယူသုံးစွဲမှုတွင် လူတို့၏တီထွင်ကြံဆမှုအပေါ် နည်းပညာများပေါင်းစပ်၍ အဆင့်မြင့် လူ့အသုံးအဆောင်များ ဖန်တီးသုံးစွဲလျက်ရှိကြသည်။ အချို့သော အသုံးအဆောင်များသည် ထုတ်လုပ်သယ်ပိုးသုံးစွဲရာတွင် လွယ်ကူသကဲ့သို့ ကမ္ဘာမြေကလည်း စွန့်ပစ်ပစ္စည်းများကို ပျက်စီးစေရန်၊ ဖျက်ဆီးရန် လွယ်ကူစွာပြုလုပ်ပေး၏။ အချို့စွန့်ပစ်ပစ္စည်းများမှာ အလွယ်တကူ ပျက်စီးမသွားဘဲ ဖျက်ဆီးရန်လည်းမလွယ်ကူဘဲ ကာလကြာရှည်စွာ တည်ရှိ၍ ဆိုးကျိုးဖြစ်ရသည်များရှိသည်။

ကောင်းကျိုးထက် ဆိုးကျိုးဖြစ်စေသည်မှာ ကြွပ်ကြွပ်အိတ်အပါအဝင် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများဖြစ်သည်။ ၎င်းတို့သည် လူသားတို့၏ ကျန်းမာရေးကို ထိခိုက်စေသကဲ့သို့ သဘာဝပတ်ဝန်းကျင်ကိုလည်း ထိခိုက်စေလျက်ရှိသည်။ လူတို့၏စနစ်မကျစည်းကမ်းမဲ့ပြုမူချက်များကြောင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများသည် ရေပေါ်စီးမျော၊ မြေပေါ်ပြန့်ကျဲ၊ မြေတွင်းနစ်မြုပ်၊ လေထဲတွင် ပျံ့နှံ့လျက်ရှိသည်။ ဇီဝမျိုးစုံမျိုးကွဲများ၏ ရှင်သန်ရပ်တည်မှု၊ မြို့ပြအလှများ၊ ရေစီးရေလာစီးဆင်းမှု သယ်ယူပို့ဆောင်ရေး၊ စိုက်ပျိုးရေးနှင့်လူမှုစီးပွားဆိုင်ရာ၊ ပတ်ဝန်းကျင်ဆိုင်ရာကဏ္ဍများအပေါ် ဆိုးကျိုးများသက်ရောက်စေသည်။

ပလတ်စတစ်စွန့်ပစ်ပစ္စည်းများသည် အလွယ်တကူ ဆွေးမြည့်ပျက်စီးသည်မဟုတ်ဘဲ မြေကြီးထဲတွင် နှစ်ပေါင်းထောင်ချီသည်ထိ ရှိနေတတ်သည်။ မီးရှို့ဖျက်ဆီးပါကလည်း လေထုကိုညစ်ညမ်းမှု ဆိုးရွားစွာဖြစ်စေသည်။ ထွက်ပေါ်လာသည့်မီးခိုးငွေ့များမှ အီသလင်းအောက်ဆိုက်ဓာတ်ငွေ့ကဲ့သို့ ဓာတ်အဆိပ်ဓာတ်ငွေ့များဖြစ်ပေါ်ပြီး ကင်ဆာနှင့်အခြားရောဂါများဖြစ်စေသည်။ ပလတ်စတစ်အန္တရာယ်လျှော့ချရန်အတွက် အချို့နိုင်ငံများသည် ပလတ်စတစ်ထုတ်လုပ်သုံးစွဲမှုကို အကန့်အသတ်ထားရှိခြင်း၊ တားမြစ်ခြင်း၊ အခွန်တိုးမြှင့်ကောက်ခြင်း၊ ဥပဒေထုတ်ပြန်ခြင်းဖြင့် နည်းလမ်းမျိုးစုံဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် အချို့သောမြို့၊ ဈေးများ၌ ပလတ်စတစ်သုံးစွဲမှု ကန့်သတ်ခြင်းများ ဆောင်ရွက်လျက်ရှိရာတွင် လူတိုင်းက အသိတရားဖြင့် ဆင်ခြင်ကြရမည်ဖြစ်သည်။

ပလတ်စတစ်အကြောင်းကိုလေ့လာကြည့်သည့်အခါ ပလတ်စတစ်ဟူသောစကားရပ်သည် ဂရိဘာသာစကား Plastikos က ဆင်းသက်လာပြီး ပုံဖော်နိုင်စွမ်း၊ ပုံသွင်းနိုင်စွမ်းရှိသော (Capable of being shaped or molded) ဟုအဓိပ္ပာယ်ရရှိသည်။ ၁၉၀၇ ခုနှစ်က အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ဘယ်လ်ဂျီယံနိုင်ငံသား ဓာတုဗေဒပညာရှင်က ပလတ်စတစ်ကို စတင်တီထွင်ထုတ်လုပ်ခဲ့သည်။ အမေရိကန်နိုင်ငံတွင် ပလတ်စတစ်ပစ္စည်းအသစ်များ ထုတ်လုပ်သုံးစွဲမှုသည် ၁၉၂၀ ပြည့်နှစ် ဝန်းကျင်၌ စတင်ကျယ်ပြန့်လာခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် အမေရိကန်နိုင်ငံတွင်းသာမက အခြားသောနိုင်ငံအများအပြားသို့ ပလတ်စတစ်အသုံးပြုမှု ပြန့်ပွားလာခဲ့ပြီး ဈေးကွက်ကျယ်ပြန့်လာခဲ့သည်။

သုံးစွဲသူများအနေဖြင့် ပေါ့ပေါ့ပါးပါးသယ်ဆောင်ရလွယ်ခြင်း၊ ဈေးနှုန်းအလွန်သက်သာသော်လည်း ကြာကြာသုံးနိုင်သဖြင့် ငွေကြေးအရတွက်ခြေကိုက်ခြင်း၊ အရောင်နှင့်ဒီဇိုင်းများက ဆွဲဆောင်မှုရှိခြင်း စသည်တို့ကြောင့် လူသုံးများလာခြင်းဖြစ်သည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် လူတစ်ဦးချင်းဆီမှစ၍ ကြွပ်ကြွပ်အိတ်အပါအဝင် ပလတ်စတစ်ပစ္စည်းများကို ငြင်းဆိုခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ လျှော့ချအသုံးပြုခြင်း၊ ပြင်ဆင်အသုံးပြုခြင်းဆိုသည့် နည်းလမ်းလေးသွယ်ကို လိုက်ပါဆောင်ရွက်ရမည်ဖြစ်သည်။ လက်တွေ့နယ်ပယ်တွင် ပလတ်စတစ်ပစ္စည်းများလျှော့သုံးခြင်းဖြင့် သဘာဝပတ်ဝန်းကျင်သာယာလှပအောင် ထိန်းသိမ်းကြရမည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် သစ်ပင်စိုက်ပျိုးခြင်း၊ ပလတ်စတစ်လျှော့သုံးခြင်းများသည် အဓိကကျသောနည်းလမ်းများဖြစ်သကဲ့သို့ အခြားသောနည်းလမ်းများစွာလည်းရှိသည်။ စက်ရုံ၊ အလုပ်ရုံ၊ မော်တော်ယာဉ်များမှထုတ်လွှတ်သော အငွေ့များစသည်ဖြင့်များစွာရှိသေးသည်။ လက်ရှိအခြေအနေတွင် သစ်ပင်စိုက်ပျိုးခြင်းနှင့် ပလတ်စတစ်လျှော့ချသုံးစွဲခြင်းမှာ လူတိုင်းပါဝင်ဆောင်ရွက်နိုင်သည့်အရာဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့" ဟူသည့်မူဝါဒနှင့်အညီ ပြည်သူများအားလုံးက လိုက်ပါဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

**ကိုးကား**

- **နေ့စဉ်ထုတ်သတင်းစာများ**

# 3H Arts Production က ရိုက်ကူးထုတ်လုပ်သည့် ၂ ညအိပ် ၃ ရက် ရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာလ နောက်ဆုံးပတ်တွင် ရုံတင်ပြသမည်ဖြစ်




**ရန်ကုန် အောက်တိုဘာ ၁၉**

3H Arts Production က ရိုက်ကူးထုတ်လုပ်သည့် ၂ ညအိပ် ၃ ရက်ရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာလ နောက်ဆုံးပတ်တွင် ရုံတင် ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားကို တာဝန်ယူပုံဖော် ရိုက်ကူးထားသူ ဒါရိုက်တာ အောင်ချမ်းလူထံမှ သိရသည်။

အဆိုပါ ၂ ညအိပ်၃ရက် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ဒါရိုက်တာ အောင်ချမ်းလူက ခံစားရေးဖွဲ့ထားပြီး ဒါရိုက်တာ အောင်ချမ်းလူကပင် 3H Arts Production အတွက် တာဝန်ယူပုံဖော် ရိုက်ကူးပေးထားခြင်းဖြစ်ကြောင်း သိရသည်။

"သည်းထိတ်ရင်ဖိုနဲ့ ချစ်မေတ္တာဖွဲ့တွဲစပ်ထားတဲ့ ဇာတ်လမ်းလေးပါ။ ရတနာမြေပုံတစ်ခုကိုရှာဖွေရင်း တက်တူးဆရာနဲ့ သူငယ်ချင်းနှစ်ယောက်တို့ ပင်လယ်ကမ်းခြေ ခရီးတစ်ခုမှာ ဘယ်လိုတွေ ပြဿနာတက်မလဲဆိုတာ ရယ်ရယ်မောမော တုန်တုန်လှုပ်လှုပ် ကြည့်ရှုရမဲ့ ရုပ်ရှင်ဇာတ်ကားကြီးဖြစ်ပါတယ်။ မင်းရည်စုတ်ချက်တွေနဲ့ လှပတဲ့အနာဂတ်ကို ဖန်တီးရင်း ပုဒ်မ ၃၀၂ ကို လက်ဝယ်ပိုင်ဆိုင်သွားသူ တက်တူးဆရာ ဦးကိုနိုင်အဖြစ် ကျော်ရဲအောင်ကိုမြင်ရပါမယ်။ ၂ ညအိပ် ၃ရက် ဇာတ်ကားမှာ သေချာတာကတော့ လူဖြစ်တည်မှုတွေကို ချိုးနှိမ်တာ၊စော်ကားတာနဲ့ မယဉ်ကျေးတဲ့ အောက်ပိုင်းပြက်လုံးတွေ၊ ယောင်မှား လိုက်ဆိုတာတွေ တစ်ခုမှမပါဝင်ပါဘူး။ ရုပ်ရှင်ကြည့်ရင်း ပြုံးမိမယ်။ တစ်ချက်တစ်ချက်ထရယ်မိမယ်။ အတွေးပေါက်ရင်ရယ်မိပါမယ်" ဟု ဒါရိုက်တာ အောင်ချမ်းလူက ပြောပြသည်။

၂ညအိပ် ၃ ရက် ရုပ်ရှင်ဇာတ်ကားကြီးတွင် သရုပ်ဆောင်များအဖြစ် ကျော်ရဲအောင်၊ အေးချမ်းမောင်၊ ခင်လှိုင်၊ ဝေဖြိုး၊ ရဲထွဋ်မင်းခေါင်၊ နေ့သစ်အေးအောင်၊ အိအိအောင်ထွန်း(မီးမီး)နှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်းသိရသည်။

ASH

# The Social Reckoning ဇာတ်ကား၌ မင်းသမီး ဝန်မီမိုဆာကူလည်း ပါဝင်လာ

**နယူးယောက် အောက်တိုဘာ ၁၉**

ဆိုနီရုပ်ရှင် ကုမ္ပဏီ၏ The Social Reckoning ဇာတ်ကားတွင် မင်းသမီး ဝန်မီမိုဆာကူလည်းပါဝင်လာကြောင်း အောက်တိုဘာ ၁၈ ရက် သတင်းများအရသိရသည်။

The Social Reckoning ဇာတ်ကားတွင် မင်းသမီး မိုဆာကူသည် မင်းသမီးမစ်ကေးမက်ဒီဆင်၊ မင်းသား ဂျရမီအယ်လန်ဝှိုက်၊ ဂျရမီစထရောင်းတို့နှင့်အတူ သရုပ်ဆောင်မည်ဖြစ်သည်။

သို့ရာတွင် မင်းသမီး မိုဆာကူ သရုပ်ဆောင်ရမည့် ဇာတ်ဆောင်နေရာကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးပေ။

The Social Reckoning ဇာတ်ကားသည် The Social Network ဇာတ်ကား (2010) ၏ နောက်ဆက်တွဲ ဇာတ်ကားဖြစ်ပြီး The Social Reckoning ဇာတ်ကားကို ဒါရိုက်တာ အေရွန်ဆော်ကင်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကာ ဝတ္ထုဇာတ်ညွှန်းကိုလည်း ကိုယ်တိုင်ရေးသားခဲ့သည်။

The Social Reckoning ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# ဝတ်မှုန်တစ်စက်၏ အတ္ထုပ္ပတ္တိရုပ်သံဇာတ်လမ်းတွဲကို အောက်တိုဘာ ၂၂ ရက်တွင် FortuneTV ရုပ်သံလိုင်းမှ ထုတ်လွှင့်မည်

**ရန်ကုန် အောက်တိုဘာ ၁၉**

Shwe Sandar Min Production က ရိုက်ကူးထုတ်လုပ်သည့် ဝတ်မှုန်တစ်စက်၏ အတ္ထုပ္ပတ္တိ ရုပ်သံဇာတ်လမ်းတွဲကို အောက်တိုဘာ ၂၂ ရက်တွင် FortuneTV ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင်ရှင်မွေလထံမှ သိရသည်။




အဆိုပါ ဝတ်မှုန်တစ်စက်၏ အတ္ထုပ္ပတ္တိ ရုပ်သံဇာတ်လမ်းတွဲသည် စာရေးဆရာ တာရာမင်းဝေ၏ ဝတ္ထုဇာတ်လမ်းကို ဒါရိုက်တာ ဇော်မြင့်ဦးက ဇာတ်ညွှန်းရေးသားထားကာ Shwe Sandar Min Production အတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားသည့် ဇာတ်လမ်းတွဲဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲထဲမှာတော့ သစ်မင်းလူဆိုတဲ့ တက္ကသိုလ်ကျောင်းဆရာဇာတ်ရုပ်နဲ့ သရုပ်ဆောင်ထားပါတယ်။ ပျော်ပျော်ပါးပါး၊ ပေါ့ပေါ့ပါးပါးလေးနေပြီးတော့ ဘဝကို အေးအေးချမ်းချမ်းနဲ့ ဖြတ်သန်းတတ်တဲ့ ကျောင်းဆရာလေးတစ်ယောက်အနေနဲ့ သရုပ်ဆောင်ထားပါတယ်။ ကျွန်တော်တို့ ရိုက်ကူးရေးလုပ်တဲ့အချိန်က တက္ကသိုလ်တွေ ဖွင့်ထားတဲ့အချိန်ဖြစ်တဲ့အတွက် ကျွန်တော့်ရဲ့ ကျောင်းသားဘဝကို အမှတ်ရမိသလို ကျွန်တော့်ရဲ့ ဇာတ်ရုပ်အတွက်လဲ အထောက်အကူအများကြီးဖြစ်ပါတယ်။ ဇာတ်လမ်းကလေးကလဲ ပေါ့ပေါ့ပါးပါးနဲ့ပျော်စရာ ကြည်နူးစရာ ဇာတ်လမ်းလေးပါပဲ။ ဒီဇာတ်လမ်းတွဲလေးကို ကြိုက်တဲ့အတွက် အကောင်းဆုံးသရုပ်ဆောင်ထားပါတယ်" ဟု သရုပ်ဆောင်ရှင်မွေလက ပြောပြသည်။

အဆိုပါ ဝတ်မှုန်တစ်စက်၏ အတ္ထုပ္ပတ္တိ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ရှင်မွေလ၊ ဘုန်းရှိန်ခန့်၊ ကောင်းဟိန်း၊ ကောင်းစံ၊ ဖုန်းသီရိကျော်၊ ပြည့်ကောင်းစုသန့်၊ ရှင်မင်းဆက်၊ မို့၊ အိမ့်ကြာဖြူနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Expiration Dates ဇာတ်ကား၌ မင်းသမီး အမ်မာရောဘတ် ပါဝင်မည်ဖြစ်

**နယူးယောက် အောက်တိုဘာ ၁၉**

Amazon MGM စတူဒီယို၏ Expiration Dates ဇာတ်ကား၌ မင်းသမီး အမ်မာရောဘတ် ပါဝင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၁၈ရက်သတင်းများအရသိရသည်။

အဆိုပါ ဇာတ်ကားသည် အမေရိကန်စာရေးဆရာမ ရီဘက်ကာဆာလီ၏ Expiration Dates ဝတ္ထုကို အခြေခံရိုက်ကူးမည့် ဒရာမာဇာတ်ကားဖြစ်သည်။

လက်ရှိတွင် Expiration Dates ဇာတ်ကားကို တာဝန်ယူရိုက်ကူးမည့် ဒါရိုက်တာကို Amazon MGM က ကြေညာခြင်း မရှိသေးပေ။


မင်းသမီး အမ်မာရောဘတ်သည် Amazon MGM ၏ Space Cadet ဇာတ်ကားနှင့် American Horror Story ဇာတ်လမ်းတွဲများ၌ ပါဝင်သရုပ်ဆောင်ဖူးသည်။

Expiration Dates ဇာတ်ကားအတွက် ထုတ်လုပ်သူများအဖြစ် တာဝန်ယူထားသူ များထဲတွင် စာရေးဆရာမ ရီဘက်ကာဆာလီလည်းပါဝင်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Expiration Dates ဇာတ်ကားရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို Amazon MGM က ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO






# တေးသံရှင် လေးဖြူ၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ် The Heart of Rangoon –THOR တွင် ပြုလုပ်မည်

**ရန်ကုန် အောက်တိုဘာ ၁၉**

တေးသံရှင် လေးဖြူ၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို အောက်တိုဘာ ၃၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် The Heart of Rangoon –THOR ၌ ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင်လေးဖြူထံမှ သိရသည်။

အဆိုပါတေးသံရှင်လေးဖြူ၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်လေးဖြူ၏ သီဆိုဖျော်ဖြေမှုကို Rock Star Music Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

"The Heart of Rangoon –THOR မှာ Rock Star Music Band တီးဝိုင်းနဲ့ အစီအစဉ်လေးတစ်ခုရှိပါတယ်။ ပွဲတော်တော်များများလက်ခံထားပေမဲ့ ရန်ကုန်မှာက ပွဲနည်းတဲ့အတွက် ဘော်ဒါတွေ မလွတ်တမ်းလာရောက်အားပေးစေချင်ပါတယ်"ဟု တေးသံရှင်လေးဖြူက ပြောပြသည်။

တေးသံရှင်လေးဖြူ၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို The Heart of Rangoon –THOR တွင် အောက်တိုဘာ ၃၀ ရက်ည ၆နာရီ မိနစ်၃၀ မှ ည ၉နာရီ မိနစ် ၃၀ ထိ ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း သိရသည်။

ASH

# SSPC Chairman of the Republic of the Union of Myanmar, Commander-in-Chief of Defence Services, Senior General Min Aung Hlaing meets officers, other ranks and families of Pathein Station


Senior General Min Aung Hlaing meets officers, other ranks and families of Pathein Station.

**Nay Pyi Taw October 19**

Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Commander-in-Chief of Defence Services, Senior General Min Aung Hlaing met officers, other ranks and families of Pathein Station at Ayeyawady Hall of the South-West Command Headquarters this morning.

The meeting was also attended by Daw Kyu Kyu Hla, the wife of the Senior General, senior military officers from the Office of the Commander-in-Chief and their wives, and officers, other ranks and families of the station.

Speaking on the occasion, the Senior General said that the Tatmadaw is an institution established to defend the nation against both internal and external threats. Therefore, it must be a capable and strong armed force that can effectively safeguard the country. Likewise, it must also be a Tatmadaw that earns the full trust and reliance of the people. Tatmadaw members serving in various regions should work in unity with local residents to effectively ensure regional security, stability, and peace.

In accordance with the Constitution, the Tatmadaw assumed the responsibilities of the State in 2021 due to the circumstances of the nation. During that period, protests had escalated into violent attacks, which the Tatmadaw had to control and manage. At present, the country has largely regained stability and peace, and the Tatmadaw continues its efforts to ensure lasting peace and stability nationwide. It was also mentioned that, as the country proceeds along the path of democracy, the Tatmadaw is carrying out necessary preparations to hold a free and fair multi-party democratic general election.

Each member of the Tatmadaw should diligently carry out their duties without negligence, including daily general staff, adjutant and quartermaster tasks, and must strictly follow orders and instructions, as doing so contributes to making the Tatmadaw a disciplined and capable force. They should avoid, as much as possible, indulgence in drinking, smoking, and other habits that could harm their lives and wellbeing. With the mindset of being a good Tatmadaw member, they must maintain proper conduct and live in accordance with military discipline — from their dress and appearance to their behaviour and daily activities.

Just as the Tatmadaw is making efforts to ensure the comfort and well-being of officers, other ranks, and their families, officers, other ranks and families should also strive, to the best of their ability, to successfully carry out agriculture and livestock breeding activities within military-owned areas. To effectively implement measures that support the welfare of officers, other ranks and families, administrators at every level must manage and supervise systematically. While serving in the Tatmadaw, each individual should also work collectively to contribute to the betterment of the force.

As the country has long been weak in industrial production, natural resources have been continuously extracted and used over generations. Therefore, since the country already has a foundation in agriculture and livestock breeding, members of the Tatmadaw should assist local people in their respective areas to enhance production in these sectors. By doing so, the nation will be able to increase its output of goods and contribute to the improvement of the national economy.

If armed terrorist act continues to cause instability, it will be impossible to carry out economic activities. Therefore, it is essential to put an end to armed terrorism and restore peace and stability in the regions. The Tatmadaw must be built into a capable and strong force, working for the interests of the nation, the Tatmadaw itself, and the local communities.

The Senior General presented foodstuff for officers, other ranks and families of the station to the commander while the wife of the Senior General gave the cash award for the station maternal and child welfare association through the wife of the commander.

After the meeting, the Senior General, his wife and party cordially greeted officers, other ranks and families.


Senior General Min Aung Hlaing comforts a patient.

At the local Tatmadaw hospital, the Senior General comforted officers and other ranks who sustained injuries during serving the defence and security duties of the State and asked them about their injuries and healing conditions individually. After hearing their reports, the Senior General attended to their needs.

The Senior General asked about requirements of the hospital and fulfilled the needs.

The wife of the Senior General also comforted family members of officers and other ranks who receiving medical treatments at the hospital, cordially asked about their health conditions and presented foodstuffs.


Daw Kyu Kyu Hla comforts a patient.

# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing meets local elders from Pathein, and discusses regional development



Senior General Min Aung Hlaing meets departmental officials and local elders from Pathein.

**Nay Pyi Taw October 19**

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing held a meeting with departmental officials and local elders from Pathein, Ayeyawady Region, this afternoon, and discussed regional development.

Senior General Min Aung Hlaing and wife, Daw Kyu Kyu Hla, arrived in Pathein and were warmly welcomed by departmental officials and local elders.

The Senior General then met departmental officials and local elders from Pathein at the town hall and discussed regional development.

Also present were SSPC Secretary Joint Executive Chief General Ye Win Oo, union ministers, senior military officers from the Office of the Commander-in-Chief, the chief ministers of Ayeyawady Region, Bago Region and Yangon Region, the South-West Command commander, MSME entrepreneurs and local people.

The Ayeyawady Region chief minister presented a report on points of the region, farming activities and local food sufficiency, efforts to hit the target per acre yield, use of green manure, seed production, net multiple-cropping and mixed cropping acreage, sufficient supply of irrigation water, efforts to increase the degree of edible oil sufficiency, farming and local and foreign distribution of products, production and exportation of aquatic products, agricultural activities carried out with the financial assistance from national economic promotion funds, rice husk-fired power plants to increase electricity generation, road transportation improvement undertakings, MSME development undertakings, education and sports sector promotion activities, tourist arrivals and regional development undertakings.

Local elders and entrepreneurs reported the needs to upgrade, Pathein-Yangon road section and Thalatkhwa bridge on Pathein-Ngwehsaung road, build an advanced multi-purposed sports ground, and increase tapioca cultivation and yield, progress in farming in the region thanks to the State's support, operating rice husk-fired power plants, international involvement in the MSMEs.

Union ministers and the region chief minister explained undertakings for smooth and secure transport, ongoing riverways maintenance work, flight extension programs, disbursement of loans from national economic finds for agro-production businesses, the importance of observing the law and rules and regulations in extending agricultural land, opening of basic agricultural education high schools to generate human resources for the farming industry, and other sector-wise issues.


Senior General Min Aung Hlaing views a display of MSME products.

In his discussions, the Senior General said his visit was for the socioeconomic development of Ayeyawady Region. Increase in yield as well as improvement in quality is required in carrying out agricultural undertakings. For example, rice produced in the region must have good eating quality, and at the same time, it must be a high-yield strain. As agriculture is the main economy of Ayeyawady Region, efforts must be made for its success.

He stated that it is essential to focus on achieving good yields so that everyone can reap the benefits of their labor, setting the target yield at 100 baskets for monsoon paddy and 110 baskets for summer paddy. He stressed the need for accurate figures on the cultivated acreage and for increased yields. While acknowledging that one cannot visit all regions, he noted that data collection can be conducted on the ground in some areas and urged the responsible officials to collect all figures and data systematically to ensure accuracy.

Regarding agriculture, he stressed the need to utilize the land systematically, noting that about 10 percent of the cultivated land in Ayeyarwady Region consists of deep-water fields. He recommended that these deep-water areas should be developed for a combination of deep-water paddy cultivation and fish and prawn breeding. He asserted that if the deep-water fields are utilized systematically, Ayeyarwady Region will be at the forefront of the fishery and livestock production sector. Furthermore, he emphasized that farming should be done systematically using Strain (Seed), Soil, Water, and Method, and that it would be more beneficial if paddy fields could be consolidated into larger tracts.


Senior General Min Aung Hlaing hears report on construction work.

*See Page 15*

# Tatmadaw columns recapture Shukhinthar and Swedawgon camps in the Laykaykaw area, temporarily controlled by terrorists labeled as KNU/KNLA and PDF; operations ongoing to establish control over the territory and prevent illegal activities along the border region


A photo record of Tatmadaw columns having seized Swedawgon camp.


A photo record of terrorists using religious structures in Laykaykaw new town as bunkers.


Tatmadawmen conducting necessary checks in the KK Park.



The photo shows departmental buildings destroyed by terrorist insurgents in Laykaykaw new town.

**Nay Pyi Taw October 19**

Terrorist insurgents from the KNU/KNLA, with the intention of destroying the NCA and based around the Laykaykaw area in Myawady Township, Kayin State, have been working to destroy government administrative mechanisms. Aiming to realize their dream of establishing a separate, independent Kawthulay state and Kawthulay government, they have exploited those who fled to border areas due to the political events of 2021. Under the guise of humanitarian reasons, they have harbored these individuals, receiving financial support from some major foreign countries and funds generated from illegal activities, including online scams in the region. They have provided these individuals with terrorist training, armed them, and used them as a front line. They have launched full-scale, surprise attacks on military camps, including those where the Tatmadaw was conducting operations and establishing control within Kayin State, as well as on local battalion/unit headquarters and camps in the Thingannyinaung and Myawady regions.

Therefore, the Tatmadaw has launched counter-attacks to recapture the camps and towns/villages temporarily held by these terrorists. The Thingannyinaung station area was recaptured on September 6, 2025, and control over the Kokkareik-Thingannyinaung-Myawady Asian Highway was regained.

Subsequently, Tatmadaw columns continued necessary clearance operations to ensure that no terrorists labeled as KNLA and PDF are hiding along the Myanmar-Thailand border area within Myanmar's territory, and to prevent illegal cross-border entry by foreigners infamous for illegal online scamming and gambling suppression on the Myanmar side of the Myanmar-Thailand border. The area around Latkhataung Phayagon, where terrorists were hiding, was targeted on September 9. Furthermore, by dividing into multiple columns and conducting phased attacks, the new Laykaykaw town, which was built in 2015 by the Nippon Foundation of Japan for local internally displaced persons, was recaptured on October 5.

Aalthough this new town was initially inhabited by local ethnic IDPs after its construction, from around 2023 onwards, KNLA and PDF terrorists drove out these local ethnic people and illegally occupied the area, moving in with their terrorist group members and their families. During this capture operation, Tatmadaw columns simultaneously raided the infamous KK Park located near the Myanmar-Thailand border.


A photo record of the KNLA and PDF terrorists destroying religious buildings while retreating from Latkhattaung.

Throughout the combat period, 6 major battles and 52 minor engagements occurred with the terrorists. Ten terrorist bodies were recovered, along with 16 assorted weapons and related equipment. From within KK Park, although no unusual characteristics were found, 30 sets of Starlink equipment, intended for illegal communication, and related accessories were seized. Furthermore, the following structures were discovered: 10 one-story buildings, 100 two-story buildings,

*See Page 15*




Photo records of illegally imported Starlink devices installed on top of a building inside K K Park, Myawady Township.

*From Page 14*

20 four-story buildings, 2 five-story buildings, 20 one-story market shops, 30 two-story market shops, 15 one-story warehouses, 20 two-story warehouses, 10 four-story warehouses, 21 two-story buildings under construction, 10 three-story buildings under construction, 5 four-story buildings under construction, 5 five-story buildings under construction, and 2 one-story clinics. Within these structures, 1,645 male workers, 455 female workers, and 98 male security personnel, totaling 2,198 individuals, were found.

Regarding the construction of these buildings within the KK Park compound and land ownership, no official permits from the state government, land ownership documents, or construction and operation permits from the Directorate of Hotel and Tourism were found during inspection. Furthermore, the relevant responsible persons did not appear when summoned. Therefore, it has been learned that necessary legal action will continue to be taken in accordance with established procedures.

Tatmadaw columns, continuing their offensive momentum, successfully recaptured the Shukhinthar camp, which was controlled by KNLA and PDF terrorists in 2024, on October 17, and the Point-1078 Swedawgon camp today, through phased operations. They have now regained control of key strategic locations along the border area, and Tatmadaw columns will continue clearance operations along the border region. 100

*From Page 13*

He urged efforts to further improve paddy cultivation, emphasizing the need to plant paddy with correct spacing between plants and rows and to ensure the entire transplanted area is adequately covered. He also stressed that all farmland in the region should be prepared and cultivated, and that agricultural activities must be carried out to meet the set objectives.

Regarding livestock breeding, he stated that efforts must be made to support local consumption within the region, explaining that if both demand and supply improve, fair prices can be achieved. He noted that the development of agricultural and livestock production would lead to increased exports and greater foreign exchange earnings, which in turn would improve the national economy. He emphasized the need for genuine production, urging everyone to maximize their output to full capacity and generate exports to earn foreign currency.

He stressed that the Paw San Hmwe rice variety is genuinely excellent and should be established as a brand for the Ayeyarwady Region. He noted that the country spends foreign currency annually on imported edible oil, and since sunflowers thrive in some areas of the nation, efforts must be made to increase sunflower cultivation and production. Similarly, he urged the cultivation of other oilseed crops such as soybeans, groundnuts, and sesame. Regarding livestock, he pointed out that animal feed is available within the Region and that greatly beneficial outcomes could be achieved by further expanding the breeding of chickens, pigs, goats, and cattle.

Regarding the education sector, he noted that class transition rates are still low and therefore urged collective efforts to improve the education level within the region. He mentioned that agriculture, livestock breeding and industrial high schools have been opened to produce the educated human resources needed for the agriculture and livestock sectors. Concerning the higher education sector, he stressed the need to improve both teaching and learning. He also stated that he is providing as much support as possible to foster the development of basic education schools and universities.

Stadiums are being upgraded while standard swimming pools are constructed in regions and states. During sports competitions, there will be spectators. For any type of sports, it is necessary to hire coaches for all positions. For the development of sports, it is necessary to hire fitness coaches and technique coaches systematically. Measures must be taken for the development of sports.

In connection with healthcare, the government has been fulfilling the needs as much as possible. Requests to upgrade the road from Bo Myat Tun bridge to Pathein and Thalutkhwar bridges will be fulfilled by negotiating with relevant ministries.

Regarding land use, vacant and virgin land will be allocated to those who will actually cultivate crops. Responsible officials are required to supervise land utilization to prevent using agricultural land for other purposes. Land must be utilized beneficially and efforts must be made to construct buildings that meet standards in cities including Pathein in regions and states. Administrative bodies are required to take systematic measures for urban development. Conservation tasks must be carried out for the growth of existing trees and forests. Bamboo thrives in Ayeyarwady Region. Paper and pulp as well as household products can be manufactured from bamboo. Therefore, efforts must be exerted to boost the production of bamboo-based goods.

Preparations are being made to hold a free and fair election in December. The election will be held phase by phase. By-elections will be held in townships where elections cannot take place due to various reasons. Measures are being taken to use the Myanmar Electronic Voting Machine - MEVM to prevent electoral frauds. In electing candidates, they should be ones who uphold "Our Three Main National Causes", political, economic and administrative visions and can actually serve the country and regions. As the election is important for the country, everyone is urged to cooperate in successfully holding the election.

Then, the Senior General attentively observed the products manufactured by MSMEs in Ayeyarwady Region displayed there and gave necessary instructions on reports of responsible officials.

Then, the Senior General and party inspected the construction of the Institute of Sports and Physical Education (Pathein) of the Department of Sports and Physical Education of the Ministry of Sports and Youth Affairs and gave necessary instructions on reports of officials.

Afterward, the Senior General and party inspected the completion of construction tasks for the Ayeyarwady Region Advanced Swimming Pool (Pathein) and swimming exercises of trainees from the basic swimming and diving course.

Then, the Senior General and party arrived at Pathein Airport and heard reports on upgrading tasks of the airport submitted by the union minister for Transport and Communications at the meeting hall.

After hearing the reports, the Senior General said upgrading tasks of the airport were carried out for promotion of the tourism sector and gave necessary instructions on timely completion of upgrading tasks systematically and other needs. 100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုသိမ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားစဉ်။

ရှေ့ဖုံးမှအဆက်

ပုသိမ်မြို့သို့ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများက ရင်းနှီးနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ပုသိမ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား မြို့နယ်ခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲ အခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အနောက်




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

လျက်ရှိမှု၊MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ပညာရည်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ အားကစားကဏ္ဍမြှင့်တင်ရေး ဆောင်ရွက်ပေးနိုင်မှု၊ ခရီးသွားများဝင်ရောက်လျက်ရှိမှုအခြေအနေများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များက ပုသိမ်-ရန်ကုန် လမ်းပိုင်းအား အဆင့်မြှင့်တင် ဆောင်ရွက်ပေးစေလိုမှု၊ ပုသိမ်-ငွေဆောင်သွား ကားလမ်းပေါ်ရှိ သလပ်ခွာတံတားအား အဆင့်မြှင့်တင် ဆောင်ရွက်ပေးစေလိုမှု၊ အဆင့်မီဘက်စုံသုံး အားကစားကွင်း တည်ဆောက်ပေးစေလိုမှု၊ နိုင်ငံတော်၏ ကူညီပံ့ပိုးဆောင်ရွက်ပေးမှုများကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာမှု၊ ပီလောပီနံများစိုက်ပျိုး






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး(MSME)လုပ်ငန်းများက ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုစဉ်။

တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပုသိမ်မြို့ရှိဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ MSME လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးဆိုင်ရာအချက်အလက်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်မှုနှင့် ဒေသဝမ်းစာဖူလုံမှုအခြေအနေများ၊ ပန်းတိုင်အထွက်နှုန်းရရှိစေရေး ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ သစ်စိမ်းမြေဩဇာများ ထည့်သွင်းဆောင်ရွက်လျက်ရှိမှု၊ မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ အသားတင်၊ သီးထပ်၊ သီးညှပ်စိုက်ပျိုးနိုင်မှု အခြေအနေများ၊ စိုက်ပျိုးရေ လုံလောက်စွာရရှိစေရေး ဆောင်ရွက်ထားရှိမှု၊ ဆီဖူလုံမှုများ တိုးတက်စေရေး ဆောင်ရွက်လျက်ရှိမှု၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုနှင့် ပြည်တွင်း၊ ပြည်ပသို့ တင်ပို့ဆောင်ရွက်လျက်ရှိမှု၊ ရေထွက်ကုန်ပစ္စည်းများ ထုတ်လုပ်တင်ပို့နိုင်မှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများ တိုးတက်စေရေး စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်မှုများကောင်းမွန်စေရေး ဆောင်ရွက်ပေး ထုတ်လုပ်မှု ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ကူညီဆောင်ရွက်ပေးစေလိုမှု၊ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊MSME ကုန်ထုတ်လုပ်ငန်းများအား နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုသိမ်မြို့ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားနှင့်ကာယပညာသိပ္ပံ(ပုသိမ်)တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အထွက်နှုန်းများ ကောင်းမွန်အောင်ဆောင်ရွက်ရန်လိုသကဲ့သို့ အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များဖြစ်အောင်ဆောင်ရွက်ကြရန်လို၊ ဧရာဝတီတိုင်းဒေသကြီးတွင် ပေါ်ဆန်းမွှေးသည် အမှန်တကယ်ကောင်းမွန်သည့် အမျိုးအစားဖြစ်သဖြင့် ပေါ်ဆန်းမွှေးကို တိုင်းဒေသကြီး၏ Brand တစ်ခုအဖြစ် ဆောင်ရွက်နိုင်ရန်လို . . .**

နှင့် အထွက်နှုန်းများ တိုးတက်မှုရှိရန်လိုကြောင်း၊ ဒေသအားလုံးသို့ သွားရောက်နိုင်ခြင်းမရှိသော်လည်း အချို့ဒေသများတွင် ကွင်းဆင်းကောက်ယူနိုင်ကြောင်း၊ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်မှုရှိစေရေး တာဝန်ရှိသူများက စနစ်တကျကောက်ယူသွားရန်လိုကြောင်း။

စိုက်ပျိုးရေးနှင့်ပတ်သက်၍ မြေကိုစနစ်တကျအသုံးချရန်လိုကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး၏ လယ်စိုက်ပျိုးမြေ၏ ၁၀ ရာခိုင်နှုန်းခန့်သည် ရေနက်ကွင်းများဖြစ်စေလိုကြောင်း၊စပါးစိုက်ပျိုးမှုများကို ပင်ကြား၊ တန်းကြားမှန်မှန်ကန်ကန်နှင့် ကောက်ကွက်ပြည့်မီအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ လယ်မြေများအား မြေပြုပြင်၍ စိုက်ပျိုးသွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင်ဆောင်ရွက်သွားရန်လိုကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ မြို့တွင်ရှိပြီးဖြစ်သည့် ဒေသတွင်းစားရေးအထောက်အကူဖြစ်စေရန် ဆောင်ရွက်သွားကြရမည်ဖြစ်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီး အဆင့်မြင့်ရေကူးကန်(ပုသိမ်) တည်ဆောက်ပြီးစီးနေမှုနှင့် ရေကူးကန်အတွင်း အခြေခံရေကူးနှင့် ဒိုင်ဗင်သင်တန်းသား၊ သင်တန်းသူများ ရေကူးလေ့ကျင့်နေမှုအခြေအနေများကို ကြည့်ရှုအားပေးစဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က လမ်းပန်းဆက်သွယ်မှုများ မြန်ဆန်ချောမွေ့မှုရှိစေရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ လေကြောင်းခရီးစဉ်များ တိုးချဲ့ပြေးဆွဲနိုင်ရေးလျာထားဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ချေးငွေများရရှိရေး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများ၊ စိုက်ပျိုးမြေများတိုးချဲ့ရာတွင် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန်လိုအပ်မှုအခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှုနှင့် အခြားကဏ္ဍအလိုက် အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဧရာဝတီတိုင်းဒေသကြီး၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေးအတွက် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထွက်နှုန်းများကောင်းမွန်အောင်ဆောင်ရွက်ရန်လိုသကဲ့သို့ အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များဖြစ်အောင်ဆောင်ရွက်ကြရန်လို**ကြောင်း၊ ဥပမာအားဖြင့် တိုင်းဒေသကြီးအတွင်း စိုက်ပျိုးသည့် စပါးများ၏ Eating Quality များ ကောင်းမွန်ရန်လိုပြီး အရေအတွက်ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းသည် ဧရာဝတီတိုင်းဒေသကြီး၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သဖြင့် အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

အဓိကအားဖြင့် လုပ်သမျှအကျိုးခံစားနိုင်ရန် အထွက်နှုန်းများကာင်းမွန်အောင် ဆောင်ရွက်သွားကြရန် လိုကြောင်း၊ အထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်အနေဖြင့် မိုးစပါးတင်း ၁၀၀၊ နွေစပါး တင်း ၁၁၀ ထားရှိကြောင်း၊ စိုက်ပျိုးဧကများ မှန်ကန်ရန်ကြောင်း၊ ထို့ကြောင့် အဆိုပါရေနက်ကွင်းများအား မြေပြုပြင်သည့် လယ်စပါးစိုက်ပျိုးခြင်းနှင့် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ရေနက်ကွင်းများကို စနစ်တကျအသုံးချဆောင်ရွက်မည်ဆိုပါက သား၊ ငါးထုတ်လုပ်မှုကဏ္ဍတွင် ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် ထိပ်ဆုံးတွင်ရှိနေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း လေးမျိုးဖြင့် စနစ်တကျစိုက်ပျိုးကြရန်လိုကြောင်း၊ လယ်မြေများကို ဧကကွက်များအဖြစ် ဖော်ထုတ်နိုင်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

စပါးစိုက်ပျိုးမှုလုပ်ငန်းများ ယခုထက်ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြကြောင်း၊ ဝယ်လိုအားနှင့် ရောင်းလိုအားကောင်းမွန်လာမည်ဆိုပါက ထိုက်သင့်သည့်ဈေးနှုန်းဖြင့်ရရှိနိုင်မည်ဖြစ်ကြောင်း၊စိုက်ပျိုးရေးနှင့် မွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာမည်ဆိုပါက ပြည်ပပို့ကုန်များ တိုးတက်လာပြီး နိုင်ငံခြားငွေများ ပိုမိုတိုးတက်ရရှိလာမည်ဖြစ်ကြောင်း၊ အဆိုပါနိုင်ငံခြားငွေများရရှိလာမည်ဆိုပါက နိုင်ငံ့စီးပွားရေး တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများကို အမှန်တကယ်လုပ်ရန်လိုကြောင်း၊ အထွက်နှုန်းများ ရာနှုန်းပြည့်ထုတ်လုပ်ပြီး ပို့ကုန်ပစ္စည်းများထုတ်လုပ်၍ နိုင်ငံခြားငွေများရရှိအောင် ဆောင်ရွက်သွားရန်လိုကြောင်း။

စာမျက်နှာ ၁၈ သို့






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပုသိမ်လေဆိပ်အဆင့်မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

စာမျက်နှာ ၁၇ မှအဆက်

**ဧရာဝတီတိုင်းဒေသကြီးတွင် ပေါ်ဆန်းမွှေးသည် အမှန်တကယ်ကောင်းမွန်သည့်အမျိုးအစားဖြစ်သဖြင့် ပေါ်ဆန်းမွှေးကို တိုင်းဒေသကြီး၏ Brand တစ်ခုအဖြစ် ဆောင်ရွက်နိုင်ရန်လို**ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စားသုံးဆီများကို ပြည်ပက နှစ်စဉ်တင်သွင်းနေရခြင်းကြောင့် နိုင်ငံခြားငွေများသုံးစွဲရလျက်ရှိကြောင်း၊ ဆီဖူလုံရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် အချို့နေရာများ၌ နေကြာစိုက်ပျိုးဖြစ်ထွန်းကြောင်း၊ ထို့ကြောင့် နေကြာစိုက်ပျိုးထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ ပဲပုပ်၊ နေကြာ၊ မြေပဲ၊ နှမ်း စသည့် ဆီထွက်သီးနှံများကို စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ မွေးမြူရေးနှင့် ပတ်သက်၍ တိုင်းဒေသကြီးအတွင်း တိရစ္ဆာန် အစားအစာများထွက်ရှိကြောင်း၊ ကြက်၊ ဝက်၊ ဆိတ်၊ နွားများကို ပိုမိုတိုးချဲ့မွေးမြူဆောင်ရွက်သွားမည် ဆိုပါက များစွာအကျိုးဖြစ်ထွန်း စေမည်ဖြစ်ကြောင်း။

ပညာရေးကဏ္ဍနှင့် ပတ်သက်ပြီး တန်းစဉ်ကူးပြောင်းမှုများ နည်းပါးနေသေးကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးအတွင်း ပညာရည်မြင့်မားစေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအခြေခံပညာအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍနှင့်ပတ်သက်၍ သင်ကြားခြင်းနှင့် သင်ယူမှုများ တိုးတက်စေရေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များဖွံ့ဖြိုးတိုးတက်စေရေး မိမိအနေဖြင့် တတ်နိုင်သမျှဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အားကစားကွင်းများ အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ပေးသကဲ့သို့ အဆင့်မီရေကူးကန်များကိုလည်း တည်ဆောက်ပေးလျက်ရှိကြောင်း၊ အားကစားပြိုင်ပွဲများကျင်းပချိန်တွင်လည်း ပွဲကြည့်ပရိသတ်များရှိရန်လိုကြောင်း၊ အားကစားနှင့်ပတ်သက်၍ နည်းပြများ ပြည့်စုံစွာရှိရန်လိုကြောင်း၊ အားကစားတိုးတက်ရေးအတွက် ကြံ့ခိုင်ရေးနည်းပြနှင့် နည်းစနစ်နည်းပြများထားရှိရန်လိုကြောင်း၊ အားကစားကဏ္ဍတိုးတက်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း။

ကျန်းမာရေး စောင့်ရှောက်မှုနှင့် ပတ်သက်၍ နိုင်ငံတော်အနေဖြင့် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဗိုလ်မြတ်ထွန်းတံတားမှ ပုသိမ်မြို့ထိ လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှု၊ သလပ်ချွာတံတား အဆင့်မြှင့်တင်ပေးစေလိုမှုများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မြေယာနှင့်ပတ်သက်၍ မြေလွတ်မြေရိုင်းများကို အမှန်တကယ်စိုက်ပျိုးသွားမည်ဆိုပါက ခွင့်ပြုဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမြေများကိုလည်း အခြားနည်းများဖြင့် သုံးစွဲခြင်းများမရှိစေရေး တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မြေကိုအကျိုးရှိစွာဖြင့်အသုံးချရန်လိုပြီး ပုသိမ်မြို့အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးမြို့ကြီးများ၌ အဆင့်မီအဆောက်အအုံများဆောက်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ရမည်ဖြစ်ကြောင်း၊ မြို့ပြများဖွံ့ဖြိုးတိုးတက်ရေးအတွက် အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများက စနစ်တကျဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ ရှိပြီးဖြစ်သည့် သစ်ပင်သစ်တောများ ရှင်သန်ဖြစ်ထွန်းစေရေးအတွက်လည်း ထိန်းသိမ်းဆောင်ရွက်သွားကြစေ လိုကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဝါးများပေါများစွာထွက်ရှိကြောင်း၊ ဝါးများကိုအသုံးပြု၍ ပျော့ဖတ်များနှင့် စက္ကူများထုတ်လုပ်နိုင်သကဲ့သို့ လူသုံးကုန်ပစ္စည်းများလည်း ထုတ်လုပ်နိုင်ကြောင်း၊ ထို့ကြောင့် ဝါးအခြေခံသည့် ထုတ်ကုန်ပစ္စည်းများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့အနေဖြင့် ဒီဇင်ဘာလအတွင်း လွတ်လပ်ပြီးတရားမျှတသည့်ရွေးကောက်ပွဲကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲကို အပိုင်းလိုက်ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် ရွေးကောက်ပွဲမကျင်းပနိုင်သည့်မြို့နယ်များကို ကြားဖြတ်ရွေးကောက်ပွဲကျင်းပချိန်တွင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကို မဲမသမာမှုပြုလုပ်၍မရနိုင်သည့် မြန်မာအီလက်ထရောနစ်မဲပေးစနစ်(MEVM)များဖြင့် မဲပေးနိုင်ရေးကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ **မဲပေးရွေးချယ်ရာတွင် ကိုယ်စားလှယ်များသည် ဒို့တာဝန်အရေးသုံးပါးကို အလေးထားစောင့်ထိန်းသူ၊ နိုင်ငံရေးအမြင်၊ လုံခြုံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်များရှိသူများဖြစ်ရန်လိုပြီး အမှန်တကယ်တိုင်းပြည်နှင့် ဒေသအကျိုးအတွက် ဆောင်ရွက်နိုင်သည့် သူများဖြစ်ရန်လို**ကြောင်း၊ ရွေးကောက်ပွဲသည် နိုင်ငံအတွက်အရေးကြီးသဖြင့် ရွေးကောက်ပွဲအောင်မြင်စေရေး အားလုံးပူးပေါင်း ပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

**မဲပေးရွေးချယ်ရာတွင် ကိုယ်စားလှယ်များသည် ဒို့တာဝန်အရေးသုံးပါးကို အလေးထား စောင့်ထိန်းသူ၊ နိုင်ငံရေးအမြင်၊ လုံခြုံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင် များရှိသူများဖြစ်ရန်လိုပြီး အမှန်တကယ် တိုင်းပြည်နှင့် ဒေသအကျိုးအတွက် ဆောင်ရွက်နိုင်သည့်သူများဖြစ်ရန်လို . . .**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ခင်းကျင်းပြသထားသည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများက ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များ အပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့်ကာယပညာသိပ္ပံ(ပုသိမ်)တည်ဆောက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဧရာဝတီတိုင်းဒေသကြီး အဆင့်မြင့်ရေကူးကန်(ပုသိမ်) တည်ဆောက်ပြီးစီးနေမှုနှင့် ရေကူးကန်အတွင်း အခြေခံရေကူးနှင့် ဒိုင်ဗင်သင်တန်းသား၊ သင်တန်းသူများ ရေကူးလေ့ကျင့်နေမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

၎င်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပုသိမ်လေဆိပ်သို့ရောက်ရှိကြပြီး အစည်းအဝေးခန်းမတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပုသိမ်လေဆိပ်အဆင့်မြှင့်တင်ဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ပုသိမ်လေယာဉ်ကွင်းကို ခရီးသွားကဏ္ဍမြှင့်တင်နိုင်ရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် စနစ်တကျဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ**

**နေပြည်တော် အောက်တိုဘာ ၁၉**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြား






နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**ပြည်သူများက အပြည့်အဝယုံကြည်ကိုးစားသည့် တပ်မတော်ဖြစ်ရန်လို၊ ဒေသအလိုက် တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများနှင့် ဒေသခံပြည်သူများ တစ်သားတည်းဖြစ်အောင်လုပ်ဆောင်ပြီး ဒေသလုံခြုံတည်ငြိမ်အေးချမ်းရေးကို ထိရောက်စွာဖြင့်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်ရန်လို . . .**

**လက်နက်ကိုင်အကြမ်းဖက်မှုများကြောင့် တည်ငြိမ်မှုပျက်ပြားနေမည်ဆိုပါက စီးပွားရေးလုပ်ငန်းများကိုဆောင်ရွက်နိုင်မည်မဟုတ်၊ လက်နက်ကိုင်အကြမ်းဖက်မှုများ ချုပ်ငြိမ်းပြီး ဒေသတည်ငြိမ်အေးချမ်းမှုရှိစေရေး မဖြစ်မနေဆောင်ရွက်သွားကြရမည်ဖြစ် . . .**

နေပြည်တော် အောက်တိုဘာ ၁၉

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ရောဝတီခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် တပ်မတော်ကို နိုင်ငံတော်၏ ပြည်တွင်းပြည်ပရန်ကို ကာကွယ်ရန် ဖွဲ့စည်းထားရှိခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ကို ကာကွယ်နိုင်ရန်အတွက် စွမ်းရည်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်ရန်လိုကြောင်း၊ အလားတူ ပြည်သူများက အပြည့်အဝ ယုံကြည်ကိုးစားသည့် တပ်မတော်ဖြစ်ရန်လိုကြောင်း၊ ဒေသအလိုက် တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများနှင့် ဒေသခံပြည်သူများ တစ်သားတည်းဖြစ်အောင်လုပ်ဆောင်ပြီး ဒေသလုံခြုံတည်ငြိမ်အေးချမ်းရေးကို ထိရောက်စွာဖြင့်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်ရန်လိုကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အခြေအနေအရ ၂၀၂၁ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ ၎င်းကာလအတွင်း ဆန္ဒပြမှုများမှတစ်ဆင့် အကြမ်းဖက်တိုက်ခိုက်မှုများအထိဖြစ်ပေါ်ခဲ့သဖြင့် မိမိတို့အနေဖြင့် ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ နိုင်ငံတစ်ဝန်း ထိုက်သင့်သလောက် တည်ငြိမ်အေးချမ်းနေပြီဖြစ်ပြီး တစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းစေရေး တပ်မတော်အနေဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေခြင်းဖြစ်သောကြောင့် လွပ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

တပ်မတော်သားတစ်ဦးချင်းအနေဖြင့် လုပ်သင့်လုပ်ထိုက်သည်များကို မပျက်မကွက် လုပ်ဆောင်နေရန်လိုကြောင်း၊ အလားတူ နေ့စဉ်ဆောင်ရွက်ရမည့် ဦး၊ ရေး၊ ထောက်ဆိုင်ရာ လုပ်ငန်းတာဝန်များကို မပျက်မကွက် ဆောင်ရွက်နေရန်လိုကြောင်း၊ အမိန့်နှင့်ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းသည်လည်း မိမိတို့တပ်ကို အရည်အသွေးရှိသည့်တပ်ဖြစ်အောင် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့၏ လူနေမှုဘဝကို ထိခိုက်စေမည့် အသောက်အစား၊ အပျော်အပါးများကို တတ်နိုင်သမျှရှောင်ရှားရန်လိုကြောင်း၊ မိမိကိုယ်ကို တပ်မတော်သားကောင်းတစ်ဦးဆိုသည့်စိတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ တပ်မတော်သားများဖြစ်သည်နှင့်အညီ ဝတ်စားဆင်ယင်မှုများ၊ သွားလာနေထိုင်မှုများကအစ စည်းကမ်းနှင့်အညီ နေထိုင်ကြရန်လိုကြောင်း။

တပ်မတော်အနေဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့်လည်း တပ်ပိုင်နှင့်တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တတ်နိုင်သမျှအောင်မြင်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၏ သက်သာချောင်ချိရေးအတွက် လုပ်သင့်လုပ်ထိုက်သည်များကို မှန်မှန်ကန်ကန်ဆောင်ရွက်နိုင်ရေး အုပ်ချုပ်ရသူများအနေဖြင့် အဆင့်ဆင့်စနစ်တကျစီမံခန့်ခွဲနိုင်ရမည်ဖြစ်ကြောင်း၊




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ရာ တိုင်းမှူးက လက်ခံရယူစဉ်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများပေးအပ်ရာ တိုင်းမှူး၏ဇနီးက လက်ခံရယူစဉ်။

စာမျက်နှာ ၂၀ သို့



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက် ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား ထိခိုက် ဒဏ်ရာရရှိခဲ့မှုအခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းပြီး အားပေး စကားပြောကြားစဉ်။

**စာမျက်နှာ ၁၉ မှအဆက်**

တပ်မတော်တွင် တာဝန်ထမ်းဆောင်နေစဉ် ကာလအတွင်း တပ်မတော်ကိုကောင်း အောင် တစ်ဦးချင်းဝိုင်းဝန်းဆောင်ရွက်ကြ ရန်လိုကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ကုန်ထုတ် လုပ်မှုလုပ်ငန်းများ အားနည်းခဲ့ခြင်း ကြောင့် ခေတ်အဆက်ဆက်တွင် သယံ ဇာတပစ္စည်းများကို ထုတ်ယူသုံးစွဲခဲ့ကြ ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် အခြေခံအားဖြင့်ရှိပြီးဖြစ်သည့် စိုက်ပျိုး ရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန် ထုတ်လုပ်ငန်းများ တိုးတက်ထုတ်လုပ် နိုင်ရေး တပ်မတော်သားများအနေဖြင့် မိမိတို့တာဝန်ထမ်းဆောင်လျက်ရှိသည့် ဒေသအလိုက် ပြည်သူများအား ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအတွက် ထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင် ပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အထောက်အကူပြုစေမည်ဖြစ်ကြောင်း။

**လက်နက်ကိုင် အကြမ်းဖက်မှုများ ကြောင့် တည်ငြိမ်မှုပျက်ပြားနေမည် ဆိုပါက စီးပွားရေးလုပ်ငန်းများကိုဆောင် ရွက်နိုင်မည်မဟုတ်**ကြောင်း၊ ထို့ကြောင့် **လက်နက်ကိုင်အကြမ်းဖက်မှုများချုပ်ငြိမ်း ပြီး ဒေသတည်ငြိမ်အေးချမ်းမှုရှိစေရေး မဖြစ်မနေ ဆောင်ရွက်သွားကြရမည်ဖြစ်**ကြောင်း၊ စွမ်းရည်ရှိသည့် တပ်၊ စွမ်းအား ရှိသည့် တပ်များဖြစ်အောင်တည်ဆောက် ပြီး နိုင်ငံ့အကျိုး၊ တပ်မတော်အကျိုးနှင့် ဒေသအကျိုးအတွက် ဆောင်ရွက်သွားကြ ရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ အတွက် စားသောက်ဖွယ်ရာများကို ပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာ ရေးကော်မရှင်ဥက္ကဋ္ဌတပ်မတော်ကာကွယ် ရေးဦးစီးချုပ်၏ ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တိုင်းမှူး၏ ဇနီးကလည်းကောင်း အသီးသီးလက်ခံ ရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံ ရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက် လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစု များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက် ခဲ့ကြသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များအား တစ်ဦးချင်း၏ ကျန်းမာရေးအခြေအနေ များကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကား ပြောကြားစဉ်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံ တွင် တက်ရောက်ကုသလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များထမ်းဆောင်စဉ် ထိခိုက် ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များ အား ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေ များ၊ ရောဂါကုသပျောက်ကင်းမှုအခြေ အနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေး စကားပြောကြားကာ အရာရှိ၊စစ်သည်များ ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆေးရုံလိုအပ်ချက်များအား မေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက် ပေးသည်။

အလားတူ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး သည်လည်း ဆေးရုံတက်ရောက်ကုသ လျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များအား သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ကျန်းမာရေးအခြေအနေ များကို ရင်းရင်းနှီးနှီးမေးမြန်းအားပေး စကားပြောကြားကာ စားသောက်ဖွယ်ရာ ပစ္စည်းများပေးအပ်ခဲ့ကြောင်း သတင်း ရရှိသည်။ (၅၀၁)



တာဝန်ရှိသူတစ်ဦးက အလှူရှင်များ လှူဒါန်းသော ဒံပေါက်၊ ရေသန့်ဘူးများနှင့် အချိုရည်များကို လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးထံ ပေးအပ်စဉ်။



သီပေါမြို့၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

❑ **သီပေါမြို့မှအဆက်**

ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ အဆင်ပြေချောမွေ့စေရန် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ယနေ့ တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူ များစုပေါင်း၍ သီပေါမြို့ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် သီပေါမြို့ ပြည်သူ့ဆေးရုံတို့၌ စုပေါင်းသန့် ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ စုပေါင်းသန့်ရှင်းရေးလုပ်ငန်း များ ဆောင်ရွက်လျက်ရှိသော တပ်မတော် သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ အတွက် အလှူရှင်များက လှူဒါန်းသော ဒံပေါက်၊ ရေသန့်ဘူးများနှင့် အချိုရည်များ ကို တာဝန်ရှိသူများက လက်ဝယ်အရောက် ပေးအပ်လှူဒါန်းပေးကြသည်။

အလားတူ ဒေသခံတိုင်းရင်းသား ပြည်သူများ စားသောက်ရေးအဆင်ပြေစေ ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီး ဌာနက လှူဒါန်းသည့် ဆန်အိတ် ၅၀၀၊ ဆီ ပိဿာ ၁၀၀၀၊ ပဲ ပိဿာ ၆၀၀ နှင့် ဆား ပိဿာ ၅၀၀ တို့သည် ယနေ့တွင် သီပေါ မြို့သို့ ထပ်မံရောက်ရှိခဲ့ပြီး အဆိုပါ စားသောက်ကုန်များကို ဒေသခံပြည်သူ များလက်ဝယ်အရောက် ဆက်လက်ဖြန့်ဝေ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ သီပေါမြို့နယ် တည်ငြိမ် အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုး တိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ အေးချမ်းစွာလူမှုစီးပွားဘဝ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံ ရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်း ရရှိသည်။ (၅၀၁)

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများနှင့် ပုသိမ်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့က ဂုဏ်ပြုဖျော်ဖြေ



၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပုသိမ်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့က ဂုဏ်ပြုဖျော်ဖြေစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၉**

တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများကို အခြေခံစစ်ပညာနှင့် တန်းမြင့်စစ်ပညာသင်တန်းများ စခန်းချလေ့ကျင့်ပေးခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာအသိအမြင်များရရှိ၍ အနာဂတ် နိုင်ငံတော်၏ တာဝန်များ ထမ်းဆောင်သည့်အခါတွင် အထောက်အကူရရှိကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက်မြင့်မားပြီး အရည်အချင်းပြည့်ဝစေရန် ရည်ရွယ်ချက်ဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး၏ တက္ကသိုလ်လေ့ကျင့်ရေးတပ်များ၌ ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို လေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပုသိမ်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို အောက်တိုဘာ ၁၈ ရက် ညပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့် ပြည်သူ့ဆက်ဆံရေးအဖွဲ့က တပ်နယ်အားကစားရုံ၌ လာရောက်ဂုဏ်ပြုသီဆိုဖျော်ဖြေကြရာ သင်တန်းသား၊သင်တန်းသူများနှင့်အရာရှိ၊စစ်သည်၊ မိသားစုများက ကြည်နူးချမ်းမြေ့စွာ ကြည့်ရှုအားပေးကြပြီး ပျော်ရွှင်စွာအတူတကွ ပါဝင်သီဆိုခဲ့ကြသည်။

ထိုသို့ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့၏သီဆိုဖျော်ဖြေနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများက တက်ရောက်ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသား၊ ကျောင်းသူများ ပြည်ပလေ့လာရေးခရီးမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၉**

နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပလေ့လာရေးခရီးစဉ်စေလွှတ်ခဲ့သည့် ၂၀၂၄-၂၀၂၅ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာတွဲအလိုက် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ကျောင်းသူ ၃၃ဦးနှင့် အုပ်ချုပ်သူများသည် ယမန်နေ့နံနက်ပိုင်းက Samut Prakan ခရိုင်ရှိ Ancient City တွင် ထိုင်းနိုင်ငံ၏သမိုင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာကြည့်ရှုပြီး MBK Shopping Center တွင် ဈေးဝယ်လေ့လာကာ နေ့လယ်စာသုံးဆောင်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် Madame Tussauds Museum တွင် ကမ္ဘာကျော်ပုဂ္ဂိုလ်များ၏ ဖယောင်းရုပ်ပုံတူများကို ကြည့်ရှုလေ့လာကာ အမှတ်တရဓာတ်ပုံရိုက်ကြပြီး Siam Ocean World ၌ ပင်လယ်ရေအောက်သတ္တဝါများကို လက်တွေ့လေ့လာကြည့်ရှုကြသည်။ ညနေပိုင်းတွင် Chatuchak Weekend Market သို့ ရောက်ရှိကာ ဈေးဝယ်လေ့လာကြသည်။

ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Arun ဘုရားနှင့် မြဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး Queen Strikit Museum of Tex-tile သို့ ရောက်ရှိကာ ထိုင်းဘုရင်များ၏ ခေတ်အဆက်ဆက် ဖွံ့ဖြိုးတိုးတက်လာသည့် အထည်အလိပ်အနုပညာတို့ကို ကြည့်ရှုလေ့လာခဲ့ကြသည်။

ဆက်လက်၍ Bangkok National Museum တွင် ထိုင်းနိုင်ငံ၏ ရှေးဟောင်းအနုပညာလက်ရာများနှင့် သမိုင်းဝင်အထောက်အထားများကိုလေ့လာခဲ့ကြပြီး ညပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာ၍ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။



၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ထူးချွန်ကျောင်းသား၊ ကျောင်းသူများကို ချီးမြှင့်ဂုဏ်ပြုသည့်အနေဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ပညာရေးဝန်ကြီးဌာနက ပြည်ပနိုင်ငံအတွေ့အကြုံကောင်းများရရှိရေး၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် ရှင်သန်ထက်မြက်စေရေးအတွက် စီစဉ်ပို့ဆောင်ပေးခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




## လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်

**နေပြည်တော် အောက်တိုဘာ ၁၉**

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် အောက်တိုဘာ ၂၁ ရက်၌ လေဖိအားနည်းရပ်ဝန်း(Low Pressure Area)ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

# စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ၆၅၈၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၁၉**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ အောက်တိုဘာ ၂၀ ရက်မှ ၂၃ ရက်ထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၆၅၈၅ ကျပ်ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် တနင်္လာနေ့တိုင်းထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ပြည်ထောင်စုအစီရင်ခံစာကို ၂၀၂၅ ခုနှစ် အောက်တိုဘာလ (၂၄) ရက်နေ့တွင် ထုတ်ပြန်သွားပါမည်။
- စာရင်းအချက်အလက်များရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ Website www.dop.gov.mm တွင် ရယူနိုင်ပါသည်။

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို အောက်တိုဘာ ၂၀ ရက်ထိ ခုနစ်ရက် ထပ်မံတိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၉၀၀၀၀ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့် မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
(ခ) နိုင်ငံ့ဝန်ထမ်းများ။
(ဂ) ပညာသင်ကြားနေသူများ။
(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။
(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။
(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများက သိရှိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ရန်နှင့် ကြုံတွေ့ရသည့် အခက်အခဲများကို သတင်းပို့နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက တာဝန်ခံဖြေကြားပေးမည့် Call Center များကို ဖွင့်လှစ်ထားရှိပေးထားပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အောက်ပါ Call Center ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၃၀၂ (၂) ၀၆၇-၃၄၀၄၃၀၃
(၃) ၀၆၇-၃၄၀၄၃၀၄ (၄) ၀၉-၂၅၂၁၁၆၉၉၆
(၅) မိုဘိုင်းဖုန်းမှ စာတို(SMS)ပေးပို့ရန် ၀၉-၂၅၂၁၁၆၉၉၆

(ခ) **ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၁၇၉၆၇ (၂) ၀၆၇-၄၁၇၉၆၃
(၃) ၀၉-၈၈၁၇၅၀၂၅၆ (၄) ၀၉-၅၃၃၀၁၃၀
(၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၈၁၇၅၀၂၅၆

(ဂ) **ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကချင်ပြည်နယ်)**
(၁) ၀၁-၃၃၃၁၆၃၅
(၂) ၀၉-၄၂၂၅၄၄၆၆၉
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၂၁၃၀၃

(ဃ) **ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကယားပြည်နယ်)**
(၁) ၀၉-၈၈၁၄၄၆၆၈၆
(၂) ၀၉-၈၈၆၈၃၄၂၃
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၈၅၆၃၆၈၁၁

(င) **ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကရင်ပြည်နယ်)**
(၁) ၀၅၈-၂၁၁၇၅
(၂) ၀၅၈-၂၃၄၃၂
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၇၇၈၇၁၀၁၄၆

(စ) **ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ချင်းပြည်နယ်)**
(၁) ၀၁-၃၃၃၆၆၁၁
(၂) ၀၁-၃၃၃၆၆၂၂
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၂၉၉၃၂၃၃

(ဆ) **ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁-၂၀၃၂၀၉၅
(၂) ၀၇၁-၂၀၃၂၀၉၆
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၇၉၇၇၉၅၂၀

(ဇ) **ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉-၂၀၂၁၂၁၁
(၂) ၀၅၉-၂၀၂၃၅၂၅
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၃၇၂၉၉၉၀

(ဈ) **ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂-၂၂၂၁၂၆၈
(၂) ၀၅၂-၂၂၀၁၉၉၁
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉- ၂၅၁၁၃၃၁၈၇

(ည) **ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၉
(၂) ၀၆၃-၂၀၂၈၉၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉- ၅၂၀၂၆၅၉

(ဋ) **ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂-၄၀၆၉၀၄၂
(၂) ၀၂-၄၀၆၇၃၄၄
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၆၀၂၂၇၇၇

(ဌ) **ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မွန်ပြည်နယ်)**
(၁) ၀၅၇-၂၀၂၇၂၅၆
(၂) ၀၅၇-၂၀၂၄၃၉၁
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၇၀၉၀၃

(ဍ) **ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရခိုင်ပြည်နယ်)**
(၁) ၀၉-၄၂၁၇၄၂၄၂၈
(၂) ၀၉-၄၃၀၉၄၄၅၇
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၂၁၇၁၅၄၉၄

(ဎ) **ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁-၂၅၀၆၂၉၃
(၂) ၀၁-၂၃၀၆၂၅၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၁၆၅၁၄၁၆

(ဏ) **ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရှမ်းပြည်နယ်)**
(၁) ၀၈၁-၂၁၂၄၉၉၅
(၂) ၀၈၁-၂၁၂၄၅၄၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၄၁၀၁၅၀၈

(တ) **ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂-၂၄၆၁၆
(၂) ၀၄၂-၂၃၇၈၃
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၅၈၃၇၀၃၀

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပေးပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား ၁၅ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား ၁၅ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် အောက်တိုဘာ ၁၉**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်း နိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကို မယ်ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေတို့မှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၁၅ ဦးကို ယနေ့တွင် ထပ်မံ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် တရုတ်နိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့်မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းနေ့ချင်းပြီးဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ယခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ အောက်တိုဘာ ၁၉ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၉၅၅၁ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၃၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၁၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

# PDF အမည်ခံ အကြမ်းဖက်သမားများက ကလေးမြို့တွင်းသို့ Suicide Drone ဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်၊ အပြစ်မဲ့အရပ်သားပြည်သူ နှစ်ဦး ထိခိုက်ဒဏ်ရာများရရှိ



PDF အမည်ခံ အကြမ်းဖက်သမားများ ထိန်းချုပ်မောင်းနှင်သည့် Suicide Drone ဖြင့် ပစ်ခတ်မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် အောက်တိုဘာ ၁၉**

PDF အမည်ခံ အကြမ်းဖက်သမားများသည် ၎င်းတို့၏ကိုယ်ကျိုးစီးပွားနှင့်အစွန်းရောက် နိုင်ငံရေးခံယူချက်များအတွက် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာနေထိုင်နေကြသည့် ပြည်သူလူထုအား လက်နက်အားကိုးဖြင့် ဖမ်းဆီး၊ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ လမ်းတံတားများအား မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခြင်းတို့ကို ဆင်ခြင်တုံတရားမဲ့စွာ လုပ်ဆောင်လျက်ရှိကြရာ ယနေ့ နံနက်ပိုင်းတွင်လည်း ၎င်းတို့ ထိန်းချုပ်မောင်းနှင်ပြီး အကြောင်းမဲ့ ပစ်ခတ်ခဲ့သည့် Suicide Drone ကျရောက်ပေါက်ကွဲမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ပင်လုံရပ်ကွက်ရှိ ဒေသခံပြည်သူ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦး ဗုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများသည် ယနေ့ နံနက် ၁၁ နာရီခွဲခန့်တွင် Suicide Drone တစ်စင်းကို ကလေးမြို့၏ အနောက်တောင်ဘက် မီတာ ၈၀၀၀ ခန့်အကွာ နဂါးဗွက်ကျေးရွာအနီးမှ လွှတ်တင်၍ စစ်ရေးပစ်မှတ်မဟုတ်ဘဲ အများပြည်သူများ နေထိုင်လျက်ရှိသည့် ကလေးမြို့အတွင်းသို့ အကြောင်းမဲ့ ပစ်ခတ်ခဲ့ရာ ပင်လုံရပ်ကွက်အတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့သည်။ အဆိုပါ ပေါက်ကွဲမှုကြောင့် ဦးထန်ရှန်းခိုင် ၃၄ နှစ်နှင့် ဒေါ်ပန်ကီး ၅၀ နှစ်တို့တွင် ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် ၎င်းတို့ကို ကလေးမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။

ထိုသို့ အများပြည်သူ အေးချမ်းစွာနေထိုင်လျက်ရှိသည့် စစ်ရေးပစ်မှတ်မဟုတ်သည့် နေရာများအား အကြမ်းဖက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်နေမှုတို့ကို ဒေသခံပြည်သူများက ပြင်းထန်စွာကန့်ကွက်ရှုတ်ချ လျက်ရှိကြောင်းနှင့် အဆိုပါ နေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)



PDF အမည်ခံ အကြမ်းဖက်သမားများပစ်ခတ်ခဲ့သည့် Suicide Drone ၏ ဗုံးသီးအပိုင်းအစများမှတ်တမ်းဓာတ်ပုံ။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၁၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Tun Wa” TikTok အကောင့်နှင့် “မိနန်း” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ပဲခူးမြို့ ဇိုင်းဂနိုင်(တောင်)ရပ်ကွက်နေ အေးမင်းဦး(ခ) ဂျာမားအား ည ၈ နာရီခွဲတွင်လည်းကောင်း၊ “Aung Too” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးမြို့နယ် သူဌေးကုန်းကျေးရွာနေ အောင်သူအား အောက်တိုဘာ ၁၈ ရက် ညနေ ၄ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် လေးကေ့ကော်ဒေသရှိစခန်းများအား ပြန်လည်သိမ်းပိုက်ရရှိ






KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ လက်ခတ်တောင်မှ ဆုတ်ခွာထွက်ပြေးစဉ် သာသနိကအဆောက်အအုံများကို ဖျက်ဆီးသွားခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



လေးကေ့ကော်မြို့သစ်ရှိ ဘာသာရေးဆိုင်ရာ အဆောက်အအုံများအား အကြမ်းဖက်သမားများက ဘန်ကာများ ပြုလုပ်ထားရှိမှု မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက လက်ခတ်တောင်အား သိမ်းပိုက်ရရှိသည့် မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက ရှုခင်းသာစခန်းအား သိမ်းပိုက်ရရှိသည့် မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက စွယ်တော်ကုန်းစခန်းအား သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

☆ ကျောဖုံးမှအဆက်

နယ်မြေစိုးမိုးရေး ဆောင်ရွက်နေသည့် တပ်စခန်းများအပါအဝင် သဃ်န်းညီနောင်နှင့် မြဝတီဒေသရှိ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များနှင့် တပ်စခန်းများကို အင်အားအလုံးအရင်းဖြင့် အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့ကြောင့် တပ်မတော်က အဆိုပါ အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တစိုးမိုးထားသည့် တပ်စခန်းများနှင့် မြို့ရွာများကို ပြန်လည်တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ သဃ်န်းညီနောင်တပ်နယ်အား ၂၀၂၅ ခုနှစ် စက်တင်ဘာ ၆ ရက်တွင် ပြန်လည်သိမ်းပိုက်ရရှိခဲ့ပြီး ကော့ကရိတ်-သဃ်န်းညီနောင်-မြဝတီ အာရှလမ်းမကြီးအား ပြန်လည်ထိန်းချုပ်ခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်ဒေသတစ်လျှောက် မြန်မာနယ်နိမိတ်အတွင်း၌ KNLAနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ခိုအောင်းမှုမရှိစေရေး၊ နာမည်ဆိုးဖြင့် ကျော်ကြားနေသည့် မြန်မာ-ထိုင်း နယ်စပ်တစ်လျှောက် မြန်မာဘက်ခြမ်းသို့ တရားမဝင်နိုင်ငံခြားသားများ နယ်စပ်ဖြတ်ကျော် ဝင်ရောက်ကာ တရားမဝင် အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုနှိမ်နင်းရေးအတွက် လိုအပ်သည့် အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေးများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ ခိုအောင်းနေထိုင်သည့် လက်ခတ်တောင် ဘုရားကုန်းနှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ကို စက်တင်ဘာ ၉ ရက်တွင်လည်းကောင်း၊ ဂျပန်နိုင်ငံနီပွန်ဖောင်ဒေးရှင်းက ၂၀၁၅ ခုနှစ်တွင် ဒေသခံနေရပ်စွန့်ခွာပြည်သူများအတွက် ဆောက်လုပ်ပေးထားသည့် လေးကေ့ကော်မြို့သစ်ကို စစ်ကြောင်းများခွဲ၍ အဆင့်ဆင့်တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ အောက်တိုဘာ ၅ ရက်တွင် အဆိုပါ လေးကေ့ကော်မြို့သစ်အား ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

အဆိုပါမြို့သစ်တွင် ယခင်ဆောက်လုပ်ပြီးကာစ ဒေသခံနေရပ်စွန့်ခွာ တိုင်းရင်းသား ပြည်သူများနေထိုင်ကြသော်လည်း ၂၀၂၃ ခုနှစ် နောက်ပိုင်း အကြမ်းဖက်သောင်းကျန်းသူ KNLAနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက အဆိုပါဒေသခံတိုင်းရင်းသားများကို မောင်းထုတ်လျက် အကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏ မိသားစုဝင်များ တရားမဝင် သိမ်းပိုက်ဝင်ရောက်နေထိုင်ခဲ့သည့် နေရာဖြစ်ကြောင်းလည်း သိရသည်။ ထိုသို့ တိုက်ခိုက်သိမ်းပိုက်စဉ် မြန်မာ-ထိုင်းနယ်စပ်အနီးရှိ နာမည်ဆိုးဖြင့် ကျော်ကြားနေသည့် KK Park ကိုလည်း တစ်ချိန်တည်းတစ်ပြိုင်တည်း တပ်မတော်စစ်ကြောင်းများက ဝင်ရောက်ရှင်းလင်းခဲ့သည်။

တိုက်ပွဲစဉ်တစ်လျှောက် အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး ခြောက်ကြိမ်၊ တိုက်ပွဲငယ် ၅၂ ကြိမ် ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများထံမှ အလောင်း ၁၀ လောင်း၊လက်နက်မျိုးစုံ ၁၆ လက်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သကဲ့သို့ KK Parkအတွင်းမှ ထူးခြားလက္ခဏာမတွေ့သော်လည်း တရားမဝင် ဆက်သွယ်မှုဆောင်ရွက်ရန် ရည်ရွယ်တပ်ဆင်ထားသည့် Starlink စလောင်း အစုံ ၃၀ နှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည့်အပြင် ဆောက်လုပ်ပြီး အဆောက်အအုံ တစ်ထပ်တိုက် ၁၀ လုံး၊ နှစ်ထပ်တိုက် အလုံး ၁၀၀၊ လေးထပ်တိုက်အလုံး ၂၀ နှင့် ငါးထပ်တိုက် နှစ်လုံး၊ တစ်ထပ်တိုက် ဈေးဆိုင်ခန်း အလုံး ၂၀၊ နှစ်ထပ်တိုက် ဈေးဆိုင်ခန်း အလုံး ၃၀၊ တစ်ထပ်တိုက် ဂိုဒေါင် ၁၅လုံး၊ နှစ်ထပ်တိုက် ဂိုဒေါင် အလုံး ၂၀၊ လေးထပ်တိုက် ဂိုဒေါင် ၁၀ လုံး၊ ဆောက်လုပ်ဆဲနှစ်ထပ်တိုက် ၂၃ လုံး၊ သုံးထပ်တိုက် ၁၀ လုံး၊ လေးထပ်တိုက် ငါးလုံး၊ ငါးထပ်တိုက် ငါးလုံးနှင့် တစ်ထပ်တိုက် ဆေးပေးခန်း နှစ်ခန်းတို့ကို တွေ့ရှိခဲ့ပြီး အဆိုပါ အဆောက်အအုံများအတွင်းမှ **စာမျက်နှာ ၂၅ သို့**

**စာမျက်နှာ ၂၄ မှအဆက်**

အလုပ်သမား အမျိုးသား ၁၆၄၅ ဦး၊ အမျိုးသမီး ၄၅၅ ဦး၊ လုံခြုံရေး အမျိုးသား ၉၈ ဦး စုစုပေါင်း ၂၁၉၈ ဦးတို့ကို တွေ့ရှိခဲ့သည်။

အဆိုပါ KK Park ဝင်းအတွင်းရှိ အဆောက်အအုံများ ဆောက်လုပ်ထားရှိမှု၊ မြေပိုင်ဆိုင်မှုများနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ တရားဝင်ခွင့်ပြုမိန့်၊ မြေပိုင်ဆိုင်ခွင့်အထောက်အထား၊ ဟိုတယ်နှင့် ခရီးသွားလာရေး၏ ဆောက်လုပ်ခွင့်၊ ခွင့်ပြုမိန့်များနှင့် ပတ်သက်၍ တရားဝင်စာရွက်စာတမ်းများ စစ်ဆေးတွေ့ရှိခြင်းမရှိသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများကို ဆင့်ခေါ်ရာတွင်လည်း လာရောက်ခဲ့ခြင်းမရှိသည့်အတွက် လိုအပ်သည့် အရေးယူဆောင်ရွက်မှုများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။





တပ်မတော်စစ်ကြောင်းများက KK Part ဝင်းအတွင်း လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်နေသည့် မှတ်တမ်းဓာတ်ပုံ။



လေးကေ့ကော်မြို့သစ်ရှိ ဌာနဆိုင်ရာအဆောက်အအုံများအား အကြမ်းဖက်သမားများက ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။




KK Park အတွင်းရှိ အဆောက်အအုံများ မှတ်တမ်းဓာတ်ပုံ။



လေးကေ့ကော်မြို့သစ်ရှိ စာသင်ကျောင်းအား အကြမ်းဖက်သမားများက ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ဆက်လက်တိုက်စစ် အရှိန်အဟုန်ဖြင့် စစ်ဆင်မှုပြုလုပ်ခဲ့ရာ ၂၀၂၄ ခုနှစ်က KNLA နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ထိန်းချုပ်ခဲ့သည့် ရှုခင်းသာစခန်းကို အောက်တိုဘာ ၁၇ ရက်တွင်လည်းကောင်း၊ ပွိုင့်-၁၀၇၈ စွယ်တော် စခန်းကုန်းအား ယနေ့တွင်လည်းကောင်း အဆင့်ဆင့် သိမ်းပိုက်နိုင်ခဲ့ပြီး နယ်စပ်ဒေသတစ်လျှောက်ရှိ အဓိကအချက်အချာကျသည့် နေရာများကို ပြန်လည်ထိန်းချုပ် နိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် နယ်စပ်ဒေသတစ်လျှောက် တပ်မတော်စစ်ကြောင်းများက ဆက်လက်ရှင်းလင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



မြန်မာ-ထိုင်းနယ်စပ်ဒေသ မြဝတီမြို့နယ် KK Park အတွင်း အဆောက်အအုံလေးလုံးအမိုးပေါ်ရှိ တရားမဝင် Starlink အစုံ ၃၀ အား စစ်ဆေးဖြုတ်သိမ်းခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

## အသက်ရှုလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါများ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါစသည့် အသက်ရှုလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။ ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ်သတ်မှတ်ထားခြင်းမရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာသတ်မှတ်ထားပါသည်။ လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း အဆိုပါရောဂါများ ဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

❖ လတ်တလောအသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း စသည့်လက္ခဏာများရှိသူများအနေဖြင့် မိမိမှအခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက်-
  (က) လူထူထပ်သောနေရာများသို့သွားခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို စနစ်တကျဝတ်ဆင်ခြင်း၊
  (ခ) ပါးစပ်နှင့် နှာခေါင်းစည်းဝတ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပဝါ၊ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊
  (ဂ) ရောဂါလက္ခဏာပြင်းထန်ပါက နီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။

❖ တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည် (Hand Sanitizer)ဖြင့် မကြာခဏစနစ်တကျဆေးကြောခြင်း၊

❖ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့်အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာကာကွယ်ပေးသည့်အတွက် ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့်အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူခြင်း။

**ကျန်းမာရေးဝန်ကြီးဌာန**

ပေါက်ပေါက်

# သတိပြုဖွယ် အချိုမှုန့်အန္တရာယ်

**အချိုမှုန့်ရာဇဝင်**

"အာဂျီနိုမိုတို"ဟုလူသိများသော အချိုမှုန့်သည် ဂျပန်နိုင်ငံမှ စတင်ခဲ့သည်။ ၁၉၀၈ ခုနှစ်တွင် ဂျပန်လူမျိုးသိပ္ပံပညာရှင် Kikunae Ikeda ဆိုသူက ဂျုံ၊ ကြံ၊ ပီလောပီနံ၊ ပင်လယ်ရေညှိ စသည့်သဘာဝဓာတ်များနှင့်ပေါင်းစပ်၍ ဟင်းခတ်လျှင် ထူးခြားသည့်အရသာရှိသော မိုနိုဆိုဒီယမ်ဂလူးတမိတ် (Mono-sodium Glutamate-MSG) ခေါ် ဓာတ်ပေါင်းတစ်မျိုးကို စမ်းသပ်တွေ့ရှိခဲ့သည်။ ထိုတွေ့ရှိချက်ကို အစပြု၍ သိပ္ပံပညာရှင်က စွပ်ပြုတ်ထဲရှိ MSG ဓာတ်ကို ပုံဆောင်ခဲအဖြစ် အောင်မြင်စွာ ထုတ်ယူနိုင်ခဲ့သည်။ ၁၉၀၉ ခုနှစ်တွင် ထိုသိပ္ပံပညာရှင်နှင့် သူ့မိတ်ဆွေတို့က အာဂျီနိုမိုတိုလုပ်ငန်းကို စတင်တည်ထောင်ခဲ့ပြီး အစားအသောက်များ ပြင်ဆင်ချက်ပြုတ်ရာတွင် သုံးစွဲရန်အတွက် အချိုမှုန့် (MSG) ကို စီးပွားဖြစ် ထုတ်လုပ်ခဲ့သည်။

နောက်ပိုင်း၌ ပီလောပီနံဥ စသောသဘာဝပစ္စည်းတို့ကို အသုံးမပြုတော့ဘဲ ဓာတုဗေဒနည်းဖြင့် အစားထိုးကာ ၎င်းကုန်ပစ္စည်းကို အာဂျီနိုမိုတို (AJI-NO-MOTO) ဟု အမည်ပေးခဲ့သဖြင့် အချိုမှုန့်ကို အာဂျီနိုမိုတိုဟုလည်း လူသိများသည်။ အာဂျီနိုမိုတိုဟူသောအမည်မှာ အရသာထူးကဲမှု (Essence of Taste)ဟု အဓိပ္ပာယ်ရသည်။ အချိုမှုန့်ထည့်လိုက်သော ဟင်းလျာများနှင့်စားသောက်ကုန်များမှာလည်း အမှန်တကယ် အရသာပိုထူးကဲလာသောကြောင့် အချိုမှုန့်ဝယ်လိုအား ဈေးကွက်မှာလည်း တွင်ကျယ်လာခဲ့သည်။ ထိုအချိန်မှစ၍ ကမ္ဘာတစ်ဝန်း အချိုမှုန့်စားသုံးသော အလေ့အကျင့်ဖြစ်လာကြသည်။

**အချိုမှုန့်ဆိုသည်မှာ**

အချိုမှုန့်၏ မော်လီကျူး အလေးချိန်မှာ ၁၈၇ ဒသမ ၁၃ ဖြစ်သည်။ ရေပုံဆောင်ခဲ မော်လီကျူးတစ်ခုပါဝင်သော အချိုမှုန့်သည် ပုံဆောင်ခဲသဏ္ဍာန် သို့မဟုတ် အဖြူရောင်ပုံဆောင်ခဲအမှုန့်အဖြစ်တည်ရှိပြီး ရနံ့မဲ့ကာ သီးသန့်လက္ခဏာဆောင်သော အရသာရှိသည်။ အချိုမှုန့်တွင် Amino အက်စစ်တစ်မျိုးပါဝင်ပြီး အစားအစာများဖြင့် ရောစပ်လိုက်သောအခါ Free Glumate အဖြစ် ပြောင်းလဲသွားကာ အစားအသောက်၏အရသာကို ဓာတုနည်းဖြင့် လျှာပေါ်တွင် ဆပွားတိုးပေးလိုက်သည်။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံတော်တော်များများတွင် အစားအသောက်နှင့် ဟင်းလျာများအတွက် အချိုမှုန့်ကို ဟင်းခတ်မှုန့်အဖြစ် သုံးစွဲနေကြသည်။ သို့သော် Good Manufacturing Practice (GMP) ခေါ် ကမ္ဘာ့အဆင့်ထုတ်လုပ်မှုစနစ်ကောင်း၏ စံချိန်စံနှုန်းများတွင် အချိုမှုန့်ကို စားသောက်ပစ္စည်းအဖြစ် လုံးဝစာရင်းသွင်းထားခြင်း မရှိပေ။

**အချိုမှုန့် သို့မဟုတ် အဆိပ်မှုန့်**

အချိုမှုန့်တွင် အဓိကပါဝင်သော Glutamic အက်စစ်က လူ့ခန္ဓာကိုယ်ထဲတွင်ရှိပြီးသား အမိုင်နိုအက်စစ် (Amino acid) တစ်မျိုးဖြစ်သည်။ ခန္ဓာကိုယ်အတွင်း လိုအပ်သလောက်သာ ထုတ်လုပ်သုံးစွဲသည့်အတွက်မရှိမဖြစ် မလိုအပ်သော အက်စစ်တစ်မျိုးဖြစ်သည်။ ထို့ကြောင့် အချိုမှုန့်ကို စားလိုက်သောအခါ ခန္ဓာကိုယ်၏ လိုအပ်ချက်ပမာဏထက် များစွာပိုလျှံသွားသည့်အတွက် ကျန်းမာရေးဆိုးကျိုးများဖြစ်စေသည်။ ထို့ပြင် အချိုမှုန့်တွင် ထူးခြားသည့်အရသာရှိသဖြင့် နှစ်သက်စွဲလမ်းမှုကို ဖြစ်စေသည်။ အချိုမှုန့်ကို နေ့ရက်ကာလတာရှည် စားသုံးခြင်းကြောင့် ကျန်းမာရေးအတွက် ဆိုးကျိုးများစွာကို မလွဲမသွေ ခံစားရနိုင်သည်။

ခန္ဓာကိုယ်ထဲရှိ အင်ဆူလင်ဟော်မုန်းက ဆီးချိုမဖြစ်အောင် ထိန်းသိမ်းပေးသည်။ အချိုမှုန့်က အင်ဆူလင်ဟော်မုန်း လုပ်ဆောင်မှုကို ဟန့်တားနှောင့်ယှက်မှုပြုလိုက်သဖြင့် ဆီးချိုရောဂါ ဖြစ်နိုင်ခြေအလားအလာပိုလာသည်။ ထို့ကြောင့် အချိုမှုန့်စားသုံးသူများတွင် ဆီးချိုရောဂါဖြစ်စေရန် ရာနှုန်းပြည့်သေချာနေပြီဖြစ်သည်။

အရွယ်သုံးပါးမရွေး ဦးနှောက်နှင့် အာရုံကြောဆိုင်ရာဝေဒနာများ ဖြစ်ပေါ်စေနိုင်သည်။ ဦးနှောက်ဆဲလ်များကို ပျက်စီးစေတတ်သဖြင့် အချိုမှုန့်စားသော ကလေးများ ဉာဏ်ရည်ဖွံ့ဖြိုးမှုအားနည်းစေနိုင်



ပြီး လူကြီးများတွင်လည်း အရွယ်မတိုင်မီ သတိလွတ်မေ့လျော့တတ်သော ဦးနှောက်ဇရာကြိုရောဂါဖြစ်လာနိုင်သည်။ အချိုမှုန့်စားသုံးပါက နှလုံးနှင့်သွေးကြောဆိုင်ရာ ရောဂါများဖြစ်စေခြင်း၊ မျိုးပွားစွမ်းရည်ကျဆင်းခြင်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့်သန္ဓေသားကိုထိခိုက်ခြင်း စသည်တို့ဖြစ်နိုင်သည်။ ဂျာမနီနိုင်ငံ၏ လေ့လာဆန်းစစ်မှုအရ အချိုမှုန့်စားသုံးလေ့ရှိသော ကိုယ်ဝန်ဆောင်များက မွေးဖွားလာသောကလေးများသည် ၎င်းတို့အရွယ်ရောက်လာချိန်၌ အစားစားချင်စိတ်ကို ထိန်းချုပ်မရသဖြင့် အဝလွန်ရောဂါနှင့် ဆီးချိုရောဂါဖြစ်ရန် ရာနှုန်းပြည့်နီးပါး သေချာနေကြောင်း သိရသည်။ အချိုမှုန့်စားပြီးနောက် အလွန်အကျွံ အစားစားချင်စိတ်ကို ဖြစ်ပေါ်စေသည့်အပြင် အချိုမှုန့်က အဝလွန်ခြင်းကို တားဆီးပေးသော ဟော်မုန်းများကိုပါ ပိတ်ဆို့နှောင့်ယှက်လိုက်သဖြင့် အဝလွန်ခြင်းကိုဖြစ်စေသည်။ အချိုမှုန့်စားခြင်းကြောင့် အဝလွန်ခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများအဖြစ် သွေးတိုး၊ ဆီးချို၊ နှလုံးသွေးကြောပိတ် စသည့်အသံတိတ်လူသတ်သမား ရောဂါဆိုးကြီးများကိုလည်း တွေ့ကြုံခံစားရနိုင်သည်။

ဆိုဒီယမ်ဓာတ်က သွေးတိုးရောဂါရှိသူများအတွက် ရန်ဘက်ဖြစ်သည်။ အချိုမှုန့်က မိုနိုဆိုဒီယမ်ဂလူးတမိတ်ဖြစ်၍ ဆိုဒီယမ်ပါဝင်နေသည်။ ထို့ကြောင့် သွေးတိုးရောဂါရှိသူများအနေဖြင့် အချိုမှုန့်ကို အထူးရှောင်ကြဉ်သင့်ပေသည်။

**စားသောက်ဆိုင် ရောဂါလက္ခဏာစု**

အချိုမှုန့်ကို ကမ္ဘာတစ်ဝန်းနိုင်ငံအများအပြား၌ လူသုံးအလွန်များခဲ့ရာမှ နှစ်ပေါင်း ၆၀ အကြာ (၁၉၆၈ ခုနှစ်) တွင် ဒေါက်တာ Robert Ho Man Kwok ဆိုသူက စားသောက်ဆိုင်မှ အစားအသောက်များ စားသုံးပြီးနောက် ၎င်းကိုယ်တိုင် အချိုမှုန့်၏ ဘေးထွက်ဆိုးကျိုးများကို ခံစားခဲ့ရကြောင်း၊ ဒေါက်တာ Kwok က အချိုမှုန့်လွန်ကဲစွာပါသော အစားအသောက်စားပြီးပြီးချင်း မျက်နှာ၊ လည်ပင်းနှင့် တစ်ကိုယ်လုံးတွင် အနီစက်များထွက်လာခြင်း၊ မခံမရပ်နိုင်အောင် ခေါင်းထိုးကိုက်ခြင်း၊ ခေါင်းမူးခြင်း၊ မျက်နှာတွင် လေးလံတင်းကျပ်နေသလို ခံစားရခြင်း၊ စကားပြောရာတွင် လျှာလေးအာလေးဖြစ်ခြင်း၊ ဗိုက်အောင့်ခြင်း၊ ခါးနာခြင်းများ ခံစားရကြောင်းကို the New England Journal of Medicine တွင် ရေးသားခဲ့သည်။

**အချိုမှုန့်နှင့် မကူးစက်နိုင်သော ရောဂါများအန္တရာယ်**

မကူးစက်နိုင်သော ရောဂါများသည် လူအချင်းချင်း မကူးစက်နိုင်သော်လည်း သေဆုံးမှုများ မြင့်တက်စေသည်။ အချိုမှုန့်ကို စွဲစွဲမြဲမြဲ အသုံးပြုကြသဖြင့် မကူးစက်နိုင်သော ရောဂါတချို့ ဖြစ်ပွားလာသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မှတ်တမ်းများအရ ကမ္ဘာတစ်ဝန်းတွင် မကူးစက်နိုင်သော ရောဂါများကြောင့် နှစ်စဉ်လူဦးရေ ၄၁ သန်းကျော် အသက်ဆုံးရှုံးနေရပြီး တစ်ကမ္ဘာလုံး သေဆုံးမှုအားလုံး၏ ၇၁ ရာခိုင်နှုန်းထိရှိနေသည်။ မြန်မာနိုင်ငံတွင်လည်း လူအများစုသည် ဟင်းချက်ရာတွင်လည်းကောင်း၊ စားသောက်ဆိုင်များတွင်လည်းကောင်း အချိုမှုန့်ကို နေ့စဉ် ထည့်သွင်းစားသုံးလျက်ရှိသဖြင့် ထိန်းချုပ်ရန်ခက်ခဲသည့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ပြဿနာတစ်ရပ် ဖြစ်နေသည်။

**အချိုမှုန့်စားသုံးမှု လျှော့ချနည်း**

အချိုမှုန့်ကို ၁၉၀၉ ခုနှစ်တွင် စတင်တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် နှစ်ပေါင်း ၁၁၆ နှစ်ရှိခဲ့ပြီဖြစ်၍ ဈေးကွက်ခိုင်ခိုင်မာမာရရှိထားသော ကုန်ပစ္စည်းတစ်ခုဖြစ်နေသည်။ မြန်မာနိုင်ငံတွင်လည်း ပြည်သူပြည်သားများ၏ ရသာခံအာရုံ၌ အချိုမှုန့်ပါမှ ခံတွင်းတွေ့နေကြသည်။ အောက်ဖော်ပြပါ အလေ့အကျင့်ကောင်းများဖြင့် အချိုမှုန့်စားသုံးမှုကို လျှော့ချနိုင်မှသာလျှင် ရောဂါဘယများ လျော့ပါးလာစေမည်ဖြစ်ပေသည်။

လျှော့သုံးခြင်းဖြင့်စတင်ပါ။ ယခင်စားသုံးမှုပမာဏထက် နည်းနိုင်သမျှနည်းအောင် လျှော့သုံးပါ။ အချိုမှုန့်သည် အသားဟင်းလျာများ၏ အရသာကိုသာ မြှင့်တင်ပေးခြင်းဖြစ်၍ အသီးအနှံများတွင် လုံးဝမသုံးပါနှင့်။ အစားအသောက် တစ်ကီလို (၂ ဒသမ ၂ ပေါင်) အတွက် အချိုမှုန့်ကို လက်ဖက်ရည်ဇွန်း တစ်ဇွန်းထက်ပိုမသုံးပါနှင့်။ အသင့်စား(Ready made)အစားအသောက် အားလုံးနီးပါးတွင် အချိုမှုန့်ပါပြီးသားဖြစ်သည်။ ထို့ကြောင့် ၎င်းအစားအသောက်ထဲ အချိုမှုန့်ထပ်မထည့်ပါနှင့်။ Ready made အစားအသောက်များ၏ ဘူးခွံ(အထုပ်ခွံ)ပေါ်တွင် အချိုမှုန့် (MSG) ပါဝင်မှု ပမာဏကို ဖော်ပြထားလေ့ရှိသည်။ ထိုအခါ အချိုမှုန့် ပါဝင်မှုနည်းသော ပစ္စည်းမျိုးကို ရွေးဝယ်ပါ။

ကြက်အူချောင်း၊ ဝက်အူချောင်းများ၊ ခရမ်းချဉ်သီးအနှစ်၊ ပဲပိစပ်အနှစ်၊ ခေါက်ဆွဲခြောက်၊ စည်သွတ်ဘူးများအပါအဝင် အသင့်စားအစားအစာများကို တာရှည်ခံစေရန်နှင့် အရသာရှိစေရန်အတွက် အချိုမှုန့် ထည့်ထားလေ့ရှိသည်။ ထိုအစားအစာများကို အတတ်နိုင်ဆုံးရှောင်ကြဉ်ပြီး လတ်လတ်ဆတ်ဆတ် စားသုံးသည့်ဓလေ့ကို ပြောင်းလဲကျင့်သုံးပါ။

အချိုမှုန့်အစား ကြက်သွန်နီကို ပိုသုံးပါ။ ရိုးရာဟင်းခတ်များဖြစ်ကြသော ဥပမာ ပုစွန်ခြောက်၊ မှျင်ငါးပိ၊ ငံပြာရည်တို့ကို အချိုမှုန့်အစားထိုး သုံးစွဲပါ။ အညိုရောင်သကြား (သဘာဝသကြား)ကိုသုံးပါ။ ကုန်တိုက်ကြီးများတွင် ကြက်သားမှုန့်၊ ငါးမှုန့်၊ ဟင်းသီးဟင်းရွက်အမှုန့်မျိုးစုံကို တွင်ကျယ်စွာ ရောင်းချလျက်ရှိနေပြီး အိမ်ရှင်မများကလည်း ၎င်းအမှုန့်များကို အချိုမှုန့်အစားထိုး ဟင်းခတ်အဖြစ် မြိန်ရှက်စွာ သုံးစွဲနေကြသည်။ အထက်တွင် ရေးသားဖော်ပြထားသည့်အတိုင်း အချိုမှုန့်ကို ကျန်းမာရေးရှုထောင့်အရ အဆိပ်မှုန့်အဖြစ် သတ်မှတ်ထားသည်။ ကြက်သားမှုန့်၊ ငါးမှုန့်၊ ဟင်းသီးဟင်းရွက်မှုန့်များက အချိုမှုန့်ထက်ပင်ပို၍ ကြောက်စရာကောင်းနေသည်။ အဘယ်ကြောင့်ဆိုသော် အသား၊ ငါး၊ ဟင်းရွက်မှုန့်များထဲတွင် အချိုမှုန့်ပါဝင်နေသည့်အပြင်၊ တာရှည်ခံပိုးသတ်ဆေးများနှင့် ဓာတုပစ္စည်းများစွာလည်း ပါဝင်နေကြသည်။ ထို့ကြောင့် ကြက်သားမှုန့်၊ ငါးမှုန့်၊ ဟင်းသီးဟင်းရွက်မှုန့်များက အချိုမှုန့်ထက်သုံးဆပို၍ အန္တရာယ်ရှိသည်။ အဆိုပါ ဟင်းခတ်မှုန့်များကို နေ့စဉ်စားသုံးပါက ဆီးချိုသွေးချိုရောဂါ၊ သွေးတိုးရောဂါ၊ အရိုးပွ၊ အရိုးပါး၊ အရိုးကြွပ်ဆတ်ရောဂါ၊ လေးဖက်နာရောဂါ၊ နှလုံးရောဂါ၊ လေဖြတ်လေငန်းရောဂါနှင့် ကျောက်ကပ် ပျက်စီးသောရောဂါများ ဖြစ်စေနိုင်သည်။ သို့ပါ၍ အဆိုပါ အမှုန့်များအားလုံးကို သုံးစွဲခြင်းမှ အထူးရှောင်ရှားကြစေလိုပါသည်။

အချုပ်ဆိုသော် မြန်မာနိုင်ငံ၏ အသုံးများသော ဟင်းခတ်ပစ္စည်းများထဲတွင် အချိုမှုန့်က သူမပါလျှင် မပြီးဆိုသလို စားဖိုဆောင်အတွင်း နေရာရလျက်ရှိသည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အချိုမှုန့်၏ဆိုးကျိုးများကို မကြာခဏ အသိပေးကြေညာလျက်ရှိသော်လည်း လူအများစုက တွင်ကျယ်စွာ အသုံးပြုနေဆဲဖြစ်သည်။ အထူးသဖြင့် အချိုမှုန့်ကို လမ်းဘေး စားသောက်ဆိုင် အမျိုးမျိုးနှင့် မုန့်ဟင်းခါး၊ လက်သုပ်စုံရောင်းသော ဆိုင်များတွင် အသုံးများလျက်ရှိနေကြောင်း တွေ့ရသည်။ သို့ပါ၍ မိမိနှင့်တကွ မိသားစုကျန်းမာရေးအတွက် အချိုမှုန့်ကို သတိနှင့်ဆင်ခြင်ပြီး ရှောင်ရှားနိုင်ကြပါစေကြောင်း အကြံပြုလိုက်ရပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၂၂၁၆၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ကလေး အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၂၂၁၆၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၄၁၆၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၂၂၁၆၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀ တင်း ကျော်ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ နှမ်း ၂၄၁၆၄ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့နှမ်းစိုက်ခင်းတွေ အခုလက်ရှိ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၂၂၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးနိုင်ဖို့ အတွက် ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုး ထုတ်လုပ်ထားသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင် သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့် အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းရမည်ဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

(၂၀၆)

# ငပုတောမြို့နယ် ကြက်ချေးချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ငပုတော အောက်တိုဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း ဆောင်ရွက်မည့် ကြက်ချေးချောင်းကျေးရွာ၌ စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငပုတောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးရယ်လွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ရည်ရွယ်ချက်များ၊ ကျေးရွာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငပုတောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့် ကော်မတီဝင်များ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘော ဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ကြက်ချေးချောင်းကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် အခြားအသက်မွေးဝမ်းကျောင်း စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ထုတ်ချေး သွားမည်ဖြစ်ကြောင်း သိရသည်။

**သံသာ**

# ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ဖူးစားပြောင်းအဖူးရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ဟင်္သာတ အောက်တိုဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ဒေသထွက် ဖူးစားပြောင်း အဖူးရေ အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဟင်္သာတမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်နှင်းနှင်းအေးက ပြောပြသည်။

ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ဒေသထွက် ဖူးစားပြောင်း အဖူးရေ ၇၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ဖူးစားပြောင်း အဖူးရေ ၈၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်းက ဟင်္သာတမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို ဖူးစားပြောင်း အဖူးရေ အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ဟင်္သာတမြို့နယ်ကနေ ဒေသထွက်ဖူးစားပြောင်းတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအား ကောင်းနေလို့ တင်ပို့အား တက်ခဲ့တာဖြစ်ပါတယ်။ ကုန်ပစ္စည်းတွေ များများ တင်ပို့ ရောင်းချနေရတော့ကုန်သည်တွေကအစ အလုပ်အကိုင်



အခွင့်အလမ်းတွေ ကောင်းလာပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ဖူးစားပြောင်းတွေက ဒေသထွက်တွေဖြစ်လို့အရည်အသွေးကောင်းပါတယ်" ဟု ဟင်္သာတမြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နှင်းနှင်းအေးက ပြောပြသည်။

ဟင်္သာတမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက် ဖူးစားပြောင်းများကိုဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ ကုန်တင်ယာဉ်များဖြင့် ပြန်လည်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဖူးစားပြောင်း အဖူးရေ ၁၀၀ လျှင် ငွေကျပ် ၃၁၀၀၀ မှ ၃၄၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မြဝတီမြို့နယ် ချောင်းဆုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း စစ်ဆေး

**မြဝတီ အောက်တိုဘာ ၁၉**

မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောင်းဆုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာလ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များ၊ ကျေးရွာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ချောင်းဆုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ ချောင်းဆုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခု နဝမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၃ ဒသမ ၈ သန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးထားကြောင်း မြဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရထံမှ သိရသည်။

**ကိုသက်**

# စလင်းမြို့နယ် ရှမ်းရွာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း အောက်တိုဘာ ၁၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဆင်းကျုံးကျေးရွာအုပ်စု ရှမ်းရွာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ဧကော ဒသမအကြိမ် ထုတ်ချေးခြင်းကို အောက်တိုဘာ ၁၈ ရက်က အဆိုပါ ကျေးရွာဓမ္မာရုံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က တက်ရောက်လာသူများအား မိတ်ဆက်အမှာစကားပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့်အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ရန်ပုံငွေကျပ် ၃၇ ဒသမ ၈ သန်း ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၃၈ ဦးကို ငွေကျပ် ၃၇ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သန်းသန်းစိုး**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်




ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

ဝတ္ထုတိုတလှော

# ဦးလေးကြီးနဲ့စက်ဘီး

ညိမ်းညို



(၁)

ဦးလေးကြီးလို့ ပြောလိုက်တာနဲ့ ကိုဘိုးသာကို ရည်ညွှန်းတယ်ဆိုတာ တစ်မြို့လုံးကသိကြတယ်။ ဒီမြို့လေးမှာတော့ ဦးလေးကြီးရဲ့သြဇာတက္ကိမ၊ လူရာဝင်ဆံ့မှုနဲ့ အရေးပါအရာရောက်မှုတွေက ထွေးလုံးရစ်ပတ်ဆက်စပ်နေတော့တာ။ အသားဖြူဖြူ လူပုံဖိုင့်ဖိုင့်၊ အရပ်ကအနေတော်၊ မျက်နှာကျကြည် ကြည်လင်လင်နဲ့ ဦးလေးကြီးဟာ လူတိုင်းနဲ့ပနံသင့် သလို လူတိုင်းကလဲ ဦးလေးကြီးဆိုတာနဲ့ အလိုလို မေတ္တာသက်ဝင်ချစ်ခင်ပြီးသား။ ဦးလေးကြီးနဲ့ ဒီမြို့လေးသဟဇာတကျလိုက်ပုံက အဲဒီလို။

ဦးလေးကြီးက ဥစ္စာခနေအားဖြင့် ကြွယ်ဝချမ်းသာတဲ့သူတွေထဲက မဟုတ်ပေမဲ့ အတော်အသင့် ကျောထောက်နောက်ခံ တောင့်တင်းတယ်ဆိုရမယ်။ ဘိုးစဉ်ဘောင်ဆက်ထိန်းသိမ်းလာခဲ့တဲ့ မြို့အစွန်က သရက်ခြံကြီးတစ်ခုတည်းရဲ့ဝင်ငွေနဲ့ ဦးလေးကြီးလို တစ်ကိုယ်ရေတစ်ကာယသမားအဖို့ ဝမ်းစာအရေး စိတ်အေးရရုံတင်မက ကုသိုလ်ရေးမှာပါ လက်မနှေးစတမ်း ပါဝင်ဆင်နွှဲနိုင်ပါသေးရဲ့။

ဦးလေးကြီးမှာ ယောက်ျားစီးဟီးရိုး စက်ဘီးတစ်စီးရှိတယ်။ မတတ်နိုင်တာလဲမဟုတ်၊ ဦးလေးကြီးအနေအထားနဲ့ ဆိုင်ကယ်မက ကားထိအောင်စီးနိုင်တဲ့အခြေအနေရှိပေမဲ့ ဘာကြောင့်ရယ် မဆိုနိုင် ဒီစက်ဘီးတစ်စီးကိုသာ မက်မက်စက်စက်စီးလေ့ရှိတယ်။ ဒီစက်ဘီးဟာ ဦးလေးကြီးရဲ့ လက်သုံးတောင်ဝှေး၊ သူသွားလေရာ တွဲလျက်အမြဲပါတာမို့ စက်ဘီးတစ်စီးနဲ့ ကိုဘိုးသာလို့ဆိုလိုက်ရင် ဒီမြို့လေးတင်မကပါဘူး။ တစ်နယ်တစ်ကြောမှာတော့ အမှတ်သညာလိုကို ဖြစ်နေတော့တာ။

(၂)

ခက်တာက ဦးလေးကြီးရဲ့ စက်ဘီးလက်ကိုင်မဏ္ဍိုင်က ဘယ်ဘက်ကိုသိသိသာသာစောင်းနေတာပဲ။ လူပုံလူပန်း၊ စိတ်နေသဘောထား အဘက်ဘက်က အပြစ်ဆိုစရာမရှိတဲ့ ဦးလေးကြီးကျမှပဲ စီးတဲ့စက်ဘီးလက်ကိုင်က ခပ်စောင်းစောင်းဆိုတော့ မြင်ရတွေ့ရသူတွေမယ် မချင့်မရဲစုတ်တသပ်သပ်ပေါ့။ ဦးလေးကြီးကတော့ ဒါတွေဘယ်အရေးလုပ်ပါလိမ့်မလဲ။ စက်ဘီးလက်ကိုင်စောင်းစောင်းကြီးကို ကိုယ်နေဟန်ထားကျကျနဲ့ လေးလေးပင်ပင်ကြီးပြုံးလို့ကျေကျေနပ်နပ်ကြီးကို စီးရှာတာ။

အင်မတန်သန္တေကောင်းတဲ့ စက်ဘီး၊ အင်မတန်ငြိမ့်ညောင်းသာယာမှုကို ပေးစွမ်းနိုင်တဲ့စက်ဘီး၊ အင်မတန်ခရီးပေါက်တဲ့စက်ဘီးရယ်လို့ စကားကြုံတိုင်း ဦးလေးကြီးပြောလေ့ရှိတယ်။

အစပထမတော့ လူတွေက လက်ကိုင်လေးပြင်လိုက်တည့်လိုက်ဖို့နားချကြသေးတယ်။ နောက်တော့ လက်မြှောက်သွားကြတာပါပဲ။ ဦးလေးကြီးကလဲ ရပ်ရေးရွာရေး၊ လှူရေးတန်းရေးမှာ စကားအပေါက်အလမ်းတည့်သလောက် စက်ဘီးလက်ကိုင်စောင်းနေတဲ့အကြောင်း ရောက်သွားပြီလားဆိုရင် မူကွဲပြီး ထွက်လာတော့တာပဲ။

အများအမြင်မှာ စောင်းနေသယောင်ထင်ရပေမဲ့ မူလပကတိအားဖြင့် မဏ္ဍိုင်မှာဘယ်နည်း၊ ဘယ်ပုံဖြောင့်တန်း၍ လက်ကိုင်မှာ ဘယ်လိုဘယ်ပုံတည့်မတ်ကြောင်း၊ လူတွေမှာရှုရပ်နဲ့ရှုမျဉ်းဆိုတာ မတူညီကြောင်း၊ ရှုရပ်ကွဲတာနဲ့အမျှ ရှုမျဉ်းလဲလွဲနိုင်ကြောင်း၊ သူ့စက်ဘီးလက်ကိုင်မှာ သူတည်ရှိနေသော ရှုရပ်မှဆိုလျှင် အင်မတန်ဖြောင့်တန်းသော ရှုမျဉ်းကိုညွှန်ပြနေကြောင်း အထောက်အထားအကိုးအကားကလေးတွေပြပြီး လေအေးကလေးနဲ့ရေပက်မဝင်ရှင်းသွားလိုက်တာများ စက်ဘီးလက်ကိုင်အကြောင်းကို ဘယ်သူမှစကားမစရဲတော့တဲ့ထိ။ ဒီမြို့လေးမှာတော့ တော်ရုံတန်ရုံလူ ဘယ်သူကများ ဦးလေးကြီးလိုလူရဲ့ ဗဟုသုတကို တိုးပေါက်မှာတဲ့လဲ။

ထားပါတော့လေ။ ဦးလေးကြီးရဲ့ကိုယ်ပိုင်စက်ဘီး၊ ဦးလေးကြီးဘာသာ တည့်နေတယ်ဆိုရင်လဲ ပြီးတာပဲပေါ့။ ဘယ်သူ့ဘာထိခိုက်တာမှတ်လို့။ ရပ်ရေးရွာရေးဆိုလဲ ဦးလေးကြီးပဲ မားမားမတ်မတ်ရပ်တည်နေတာ။ စက်ဘီးလက်ကိုင်လေးစောင်းနေတာနဲ့တော့ ဘယ်သူက အတိုက်အခံလုပ်နေတော့မှာတုံး။

ဒီလိုနဲ့ ဒီမြို့လေးမှာတော့ ပိုနေမြဲ၊ ကျားနေမြဲပဲ။ ဦးလေးကြီးလဲ သူ့စက်ဘီးနဲ့သူ့လက်ကိုင်အစောင်းကို အတည့်ရှုမှတ်လို့။ ပတ်ဝန်းကျင်ကလူတွေကလဲ ဒီဖြစ်စဉ်အပေါ်မှာ ရေငုံနှုတ်ပိတ်နေထိုင်လို့။

(၃)

ပြဿနာက အဲဒီမှာစတာပဲ။ အမြဲလိုလို ချိတ်ဆွဲထားလေ့ရှိတဲ့ ဦးလေးကြီးနှုတ်ခမ်းပေါ်က အပြုံးတစ်ပွင့်ဟာ အဲဒီနေ့မှာ စတင်ပျောက်ဆုံးခဲ့တယ်။ လက်ဖက်ရည်ဆိုင်သွားဖို့ စက်ဘီးပေါ်အတက် လက်ကိုင်ကို ကိုင်လိုက်တယ်ဆိုရင်ပဲ တစ်ခုခုလွဲမှားနေပြီဆိုတာ ဦးလေးကြီးသိလိုက်ပြီ။

လက်ကိုင်..။ ဟုတ်တယ်။ သူ့စက်ဘီးလက်ကိုင်ကို တစ်ယောက်ယောက်က တစ်ခုခုလုပ်ထားလိုက်ပြီ။ သူ့အတွက်ဖြောင့်တန်းပြီးသား မဏ္ဍိုင်၊ တည့်မတ်ပြီးသားလက်ကိုင်က လွဲမှားစွာ ဇွေဇွေစောင်းစောင်းဖြစ်နေပြီ။ သူ့အတွက် စက်ဘီးစီးရတာအဆင်မပြေတော့ဘူး။ အရသာလဲကင်းမဲ့သွားပြီ။

"ဦးလေးကြီး စက်ဘီးလက်ကိုင်တည့်သွားပြီ ဟေ့..။ အခုမှပိုကြည့်ကောင်းလာတယ်။"

လမ်းမှာ ပထမဆုံးတွေ့တဲ့ လူတစ်ယောက်ရဲ့ မှတ်ချက်စကားက သူ့မျက်နှာကို အရှိန်နဲ့ဖြတ်ရိုက်လိုက်သလိုပဲ။ သူ့အတွက် ဒီလောက်အဆင်မပြေဖြစ်နေတာကို အခုမှတည့်သွားပြီတဲ့။ ဘယ်လောက်အသိအမြင်နုံနဲ့လိုက်ပါသလဲ။

ဟန်မပျက်ပါပဲ။ ဦးလေးကြီးက ဒေါသကိုချုပ်တည်းလိုက်နိုင်တယ်။ ဘယ်ရမလဲ။ "ဘဝသစ်" စက်ဘီးပြင်ဆိုင်ကိုတန်းနင်းပြီး မဏ္ဍိုင်ချိန်တာ၊ လက်ကိုင်ပြန်တည့်တာတွေကို စိတ်တိုင်းကျလုပ်ပစ်လိုက်တယ်။ လက်ခကို ကျသင့်တာထက်ပိုပိုသာသာ

❖ ခက်တာက ဦးလေးကြီးရဲ့ စက်ဘီးလက်ကိုင်မဏ္ဍိုင်က ဘယ်ဘက်ကို သိသိသာသာစောင်းနေတာပဲ။ လူပုံလူပန်း၊ စိတ်နေသဘောထား အဘက်ဘက်က အပြစ်ဆိုစရာမရှိတဲ့ ဦးလေးကြီးကျမှပဲ စီးတဲ့စက်ဘီးလက်ကိုင်က ခပ်စောင်းစောင်းဆိုတော့ မြင်ရတွေ့ရသူတွေမယ် မချင့်မရဲစုတ်တသပ်သပ်ပေါ့။ ဦးလေးကြီးကတော့ ဒါတွေဘယ်အရေးလုပ်ပါလိမ့်မလဲ။ စက်ဘီးလက်ကိုင်စောင်းစောင်းကြီးကို ကိုယ်နေဟန်ထားကျကျနဲ့ လေးလေးပင်ပင်ကြီးပြုံးလို့ ကျေကျေနပ်နပ်ကြီးကို စီးရှာတာ။❖

ပေးလိုက်တယ်။ လက်ကိုင်ဟန်ကျနေမှ စက်ဘီးစီးရတာ အရသာတွေ့တတ်တဲ့သူ့အတွက် အခကြေးငွေအနည်းအများက အဓိကမကျလှပါဘူး။

ခက်တာက စိတ်တိုင်းကျဘယ်လောက်ပြန်ပြင်ပြင်စက်ဘီးလက်ကိုင်က သူ့နဂိုမူလလောက် မကောင်းတော့ဘူးဆိုတဲ့ စိတ်အစွဲအလမ်းကို ဦးလေးကြီး ဖျောက်ဖို့ခက်နေတဲ့ကိစ္စပေပဲ။

ဦးလေးကြီးမပျော်တော့ဘူး။ ဒီစက်ဘီးကိုမစီးဘဲလဲမနေနိုင်ဘူး။ တက်ခွလိုက်ပြန်တော့လဲ လက်ကိုင်ရဲ့နေရာမကျမှုက သူ့စိတ်ကို ပိုညစ်ညူးစေတယ်။

ဘယ်သူမှ ဘာမှမလုပ်လောက်ပါဘူးလေဆိုတဲ့ ယုံကြည်စိတ်ချမှုနဲ့ သူ့စက်ဘီးကို လုံလုံခြုံခြုံမထားမိလေခြင်းဆိုတဲ့ နောင်တမီးက ဦးလေးကြီးကို အချိန်ရှိသမျှ ဖိစီးနှိပ်စက်နေတယ်။ အပြုံးအရယ်နည်းလာတဲ့ ဦးလေးကြီးကို လူတွေကသနားလာကြတယ်။ ကြာလာတော့ ဦးလေးကြီးစက်ဘီးကို တိတ်တဆိတ်လက်ကိုင်လာဖြောင့်ပေးသွားတဲ့ လူကိုတောင် တရားခံတစ်ယောက်လို ပြောဆိုလာကြတယ်။ ဦးလေးကြီးလို လူတစ်ယောက်ရဲ့အပြုံးအရယ်တွေဟာ ဒီလိုဘာမဟုတ်တဲ့အကြောင်းအရာလေးတစ်ခုအတွက်နဲ့ ပျောက်ဆုံးမသွားသင့်ဘူးမဟုတ်လား။

(၄)

ဒီနေ့ဟာ "ဘဝသစ်" ဆိုင်လေးအထိတ်တလန့်ဖြစ်ရတဲ့နေ့ပဲ။ ဆိုင်ပိုင်ရှင်မောင်စိုးလဲ အသံတွေတုန်နေပြီ။ "မလုပ်ပါနဲ့ဦးလေးကြီးရာ" ဆိုတဲ့စကားကို ပြောရဖန်များလွန်းလို့ အာခေါင်တောင်ခြောက်နေပြီ။

"ဒီလိုကွာ။ တို့မြို့မှာ စက်ဘီးအစီးတစ်ရာကျော်ရှိတယ်။ တစ်စီးအတွက် လက်ခတစ်ထောင်ထား၊ ကိုယ့်ညီအတွက် တစ်သိန်းကျော်စီနေပြီ။ စိတ်ကူးမလွဲစမ်းပါနဲ့မောင်စိုးရာ"

ဦးလေးကြီးကတော့ သူ့ထုံးစံအတိုင်း လေအေးကလေးနဲ့အဆက်မပြတ်ပြောနေတယ်။

မောင်စိုးခမျာ ဇောချွေးတွေပြန်လို့။

"လူတွေက ကိုယ့်ဒုက္ခမဟုတ်ရင် ကိုယ်ချင်းမစာတတ်ဘူးညီလေးရ။ အခုကြည့်ကွာ၊ လက်ကိုင်မတည့်တဲ့ စက်ဘီးတွေတစ်သက်လုံးစီးလာကြပြီး လက်ကိုင်တည့်ခြင်းရဲ့ အကျိုးကျေးဇူးကိုမသိကြဘူး။ ထားပါတော့ကွာ။ ဒီအထိက လူ့အဖွဲ့အစည်းအပေါ်မသက်ရောက်သေးဘူး။ ဟော.. အခုကြည့်။ တစ်ပါးသူရဲ့ စက်ဘီးလက်ကိုင်တည့်နေတာကို သူတို့မလိုလားတော့ဘူး။ လက်မခံနိုင်တော့ဘူး။ ခိုးကြောင်ခိုးဝှက်ပြုပြင်ဖို့ကြိုးစားလာကြတယ်။ ဒီအခြေအနေမျိုးကျ လူ့အဖွဲ့အစည်းကို အန္တရာယ်ရှိလာပြီ။ လက်ခံပေးလို့မရတော့ဘူးကိုယ့်ညီရ။ ဟိုကွာ အမြီးပြတ်နေတဲ့ မြေခွေးတွေက အမြီးမပြတ်သေးတဲ့ မြေခွေးတစ်ကောင်ကို ဝိုင်းဖြတ်ဖို့ကြိုးစားကြတဲ့ပုံနဲ့ အလားသဏ္ဌာန်တူနေတယ်။

အေးကွာ။ ကိုယ်တော့ဒီလိုစီမံထားတယ်။ မနက်ဖြန်မနက်စောစော ကိုယ့်ပရဟိတအဖွဲ့သားတွေလုပ်အားနဲ့ ဒီမြို့မှာရှိရှိသမျှစက်ဘီးတွေကို ကိုယ့်ညီဆိုင်မှာစုစည်းပေးမယ်။ ကိုယ့်ညီက ခုနကပြောခဲ့တဲ့အစီအစဉ်အတိုင်း လက်ကိုင်တွေပြန်တည့်ပေးဖို့ပဲ။ ညီလေးမှမလုပ်ပေးနိုင်ဘူးဆိုရင်လဲ ဦးလေးတော့အခြားမြို့က စက်ဘီးပြင်ဆရာကိုသွားခေါ်လာဖို့ရှိတော့တာပဲ"

နောက်ဆုံးစကားကြောင့် မောင်စိုးပါးစပ်ဟောင်းလောင်းဖြစ်သွားတယ်။ မနက်ဖြန်မြို့သူမြို့သားတွေက ဦးလေးကြီးရဲ့အစီအမံကို ဘယ်ပုံဘယ်နည်း တုံ့ပြန်ကြမလဲ။ အတွေးနဲ့တင် မောင်စိုးကို မွန်းကျပ်စေတယ်။

ပြောမဲ့သာပြောရတာ။ အကြောင်းများစွာကို ထောက်ထားပြီး ဦးလေးကြီးကို သနားတာနဲ့ပဲ မြို့သူ၊ မြို့သားတွေ ခေါင်းညိတ်လိုက်မှာကိုလဲ စိုးရိမ်မိသား။

ခရီးသွားဆောင်းပါး

# ခရီးစဉ်အတွင်းစွန်ရဲအင်း ရောက်ရှိလေ့လာခဏတာ

သက်နိုင်(ပြင်ဦးလွင်)

ဒီတစ်ခေါက်မောင်နှမတွေနဲ့ လေ့လာလည်ပတ်အပန်းဖြေဖို့အတွက် စီစဉ်ထားတဲ့ခရီးလမ်းကြောင်းက ရန်ကုန်၊ ငွေဆောင်၊ ချောင်းသာ၊ ပုဂံ-ညောင်ဦး စတဲ့နေရာတွေပါ။ မောင်နှမတွေစုပေါင်းပြီး မထွက်တာကြာပြီလဲဖြစ်၊ မရောက်တာကြာပြီလဲဖြစ်တဲ့နေရာဒေသတွေနဲ့အတူ သွားသင့်သွားထိုက်၊ ရောက်သင့်ရောက်ထိုက်၊ သွားလာလည်ပတ်လေ့လာဖို့ အဆင်ပြေတဲ့နေရာတွေကို ရွေးချယ်ထားလိုက်ကြတယ်။ ခရီးစဉ်အနေနဲ့ ပြင်ဦးလွင်မြို့ကနေ ရန်ကုန်-မန္တလေးလမ်းဟောင်းအတိုင်း သွားရောက်ကြပြီး လမ်းမှာရှိတဲ့မြို့တွေ၊ ဘုရားစေတီတွေ၊ အထင်ကရနေရာတွေကို တစ်မြို့ပြီးတစ်မြို့၊ တစ်နေရာပြီးတစ်နေရာ ဝင်ရောက်သွားကြဖို့ပါ။ ရန်ကုန်မြို့ကိုရောက်တော့လဲ ဘုရားစေတီအစုံကို သွားရောက်ဖူးမြော်ကြပြီး ငွေဆောင်၊ ချောင်းသာ စတဲ့ပင်လယ်ကမ်းခြေတွေကို ဆက်လက်သွားရောက်ကြမယ်။ အပြန်ခရီးမှာ ရန်ကုန်-မန္တလေးအမြန်လမ်းကနေ ပုဂံ- ညောင်ဦးကိုသွားရောက်ကြဖို့စီစဉ်ထားကြတယ်။

စီစဉ်ထားတဲ့အတိုင်း ကျောင်းပိတ်၊ ရုံးပိတ်ရက်ရှည်ဖြစ်တဲ့ အောက်တိုဘာ ၅ ရက် မနက်စောစောမှာ ပြင်ဦးလွင်အိမ်ကနေ မောင်နှမတွေ စူပါကာစတန်ကားလေးနဲ့ စတင်ထွက်ခွာလာခဲ့ကြတယ်။ အိမ်ကနေစတင်ထွက်ခွာလာချိန်မှာ အလင်းရောင်ကောင်းကောင်းမရသေးတာကြောင့် ကားမီးဖွင့်မောင်းခဲ့ရပေမဲ့ အနီးစခန်းကို ကျော်လွန်ပြီးတာနဲ့ အရုဏ်ဦးအလင်းရောင်ကြောင့် မြင်မြင်ထင်ထင်ဖြစ်လာခဲ့တယ်။ မန္တလေး-ပြင်ဦးလွင် ကားလမ်းပေါ်မှာလဲ မိမိတို့လိုခရီးသွားယာဉ်တွေ၊ ဘုရားဖူးယာဉ်တွေကို အစုန်အဆန်အများအပြား တွေ့မြင်နေရတယ်။ မိုးရာသီမကုန်ဆုံးသေးခင် ပွင့်လင်းရာသီမဟုတ်ပေမဲ့ အားလပ်ရက်ရှည်ဖြစ်နေတာကြောင့် ခရီးသွားလာမှုတွေ များပြားနေတာဖြစ်မှာပါ။ ဒါ့ပြင် ရာသီဥတုအခြေအနေက ကြည်ကြည်လင်လင် သာသာယာယာဖြစ်နေလို့ ခရီးသွားတွေအားလုံးအတွက် အဆင်ပြေနေတယ်။ ခရီးစဉ်တစ်လျှောက်လုံးမှာ ဒီလိုရာသီဥတုကောင်းကောင်း မွန်မွန်သာသာယာယာနဲ့ ဖြစ်ပါစေဆိုပြီး စိတ်ထဲကနေ ဆုတောင်းနေခဲ့ပေမဲ့ ဘယ်လို၊ ဘယ်အခြေအနေတွေနဲ့ ရင်ဆိုင်ကြုံတွေ့ကြရမလဲဆိုတာကို ကြိုတင်မသိနိုင်သေးပါဘူး။

ကားကိုဖြည်းဖြည်းမှန်မှန်မောင်းလာရင်း ၂၁ မိုင်စခန်းကိုရောက်တော့ ဒေသထွက် နာမည်ကျော်ပဲစိမ်းကြော်တွေကို လမ်းခရီးမှာ လက်ဆောင်ပေးဖို့အတွက်ရော၊ စားကြဖို့အတွက်ပါ ဝယ်ယူလာခဲ့ကြတယ်။ ၂၁ မိုင်ပဲစိမ်းကြော်က လက်ဆောင်အဖြစ်ပေးလို့လဲကောင်း၊ အဆာပြေအဖြစ် စားလို့ဝါးလို့ကောင်းတဲ့ ဒေသထွက်ကုန်တစ်ခုပါ။ ၂၁ မိုင်စခန်းကို ကျော်လွန်လာခဲ့ပြီး ရှုခင်းတွေသာယာလှပတဲ့ သုံးထပ်ကွေ့ကိုရောက်တဲ့အခါ အမှတ်တရဓာတ်ပုံရိုက်နေကြသူတွေ၊ ရှုခင်းကြည့်နေကြသူတွေ၊ နားနေအပန်းဖြေနေကြသူတွေနဲ့ စည်ကားနေတာကို တွေ့မြင်နေရတယ်။ မန္တလေး-ပြင်ဦးလွင်လမ်းကို အဆင့်မြှင့်တင်ဖွင့်လှစ်ပြီးတဲ့နောက်ပိုင်းမှာ သုံးထပ်ကွေ့နေရာက လူသိများ ထင်ပေါ်ကျော်ကြားလာသလို နားနေသူတွေနဲ့ အမြဲစည်ကားနေတတ်ပါတယ်။ သာယာလှပမှုဆိုတာကို လူတိုင်းက မြတ်နိုးတွယ်တာ ကြိုက်နှစ်သက်ကြစမြဲဖြစ်ပါတယ်ဆိုတာ အခုသုံးထပ်ကွေ့နေရာက သက်သေပါ။

မိမိတို့ရဲ့ကားပေါ်မှာ ကြိုတင်စီစဉ်လာတဲ့ ထမင်းကြော်၊ ကြက်သားကြော်၊ ငါးကြော်၊ ကြက်ဥပြုတ်၊ ငုံးဥပြုတ်၊ လက်ဖက်သုပ်၊ ရေသန့်ဘူး၊ အချိုရည်ဘူး စတာတွေ ပြည့်ပြည့်စုံစုံပါလာခဲ့ပေမဲ့ တောင်ခြေမြေပြန့်ကိုရောက်တော့ မနက်စာအဖြစ် ဆိုင်တစ်ဆိုင်မှာ ဝင်ရောက်စားသောက်ကြတယ်။ ကားပေါ်မှာစားသောက်စရာတွေ ဘယ်လောက်ပါပါ၊ ဘယ်လောက်ကောင်းကောင်း ခရီးတွေထွက်ခွာလာခဲ့ကြပြီး အိမ်အပြင်ကိုရောက်တဲ့အခါ အပြင်စာလေးတွေကိုတော့ စားသောက်ချင်ကြပါသေးတယ်။ ကားပေါ်မှာပါလာတဲ့ အစားအသောက်တွေက နေ့လယ်စာဖြစ်သွားရပါပြီ။ မနက်စာအဖြစ် ကော်ဖီ၊ လက်ဖက်ရည်နဲ့အတူ အကြော်စုံကောက်ညှင်းပေါင်း၊ ရှမ်းခေါက်ဆွဲ၊ မုန့်ဟင်းခါး၊ မုန့်တီ၊ ထပ်တစ်ရာ၊ ပလာတာ စတာတွေကို တစ်ယောက်တစ်မျိုးမှာယူစားသောက်ကြပြီးမှ ရှေ့ခရီးကိုဆက်ခဲ့ကြတယ်။ မိမိတို့ကားပေါ်မှာပါလာတဲ့ အစားအစာတွေက ဒီလောက်မစုံလင်ပါဘူး။

ရှေ့ခရီးအဖြစ် မန္တလေး-ပြင်ဦးလွင်လမ်းကနေ ရွှေစာရံလမ်းခွဲကိုရောက်တာနဲ့ ဘယ်ဘက်ကိုချိုးကွေ့မောင်းနှင်လာခဲ့တယ်။ မူလခရီးစဉ်က မြစ်ငယ်-ထုံးဘိုဖြတ်လမ်းထိပ်မှာရှိနေတဲ့ ဗုဒ္ဓမြတ်စွယ်တော်




ကိုဖူး၊ ပြီးရင်ပလိပ်မြွေဘုရားကိုသွား၊ ကျောက်ဆည်ရွှေသိမ်တော်ကိုဝင် စတဲ့အစီအစဉ်တွေပါ။ ဒါပေမဲ့ စွယ်တော်ဘုရား၊ မြွေဘုရားနဲ့ ရွှေသိမ်တော်တွေက မကြာခဏရောက်ရှိဖူးမြော်နေရတာကြောင့် မူလအစီအစဉ်ကိုပြောင်းပြီး ရွှေစာရံလမ်းကနေတစ်ဆင့် စွန်ရဲအင်းကို ဝင်ရောက်လေ့လာကြဖို့ ဆုံးဖြတ်လိုက်ကြတယ်။ ရွှေစာရံလမ်းခွဲက ကျောက်ဆည်မြို့အဝင်ထိပ်ထိ တိုက်ရိုက်ပေါက်ရောက်နေတာကြောင့် စွန်ရဲအင်းကနေ ဆက်လက်ထွက်ခွာလာပြီးရင် ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ကျောက်ဆည်မြို့အဝင်အနီးကို ရောက်ရှိသွားကြမှာပါ။

ရွှေစာရံလမ်းခွဲတည်ရှိနေတဲ့နေရာက အလွန်စည်ကားလှတဲ့ အုန်းချောရွာဖြစ်ပါတယ်။ အရင်က အုန်းချောရွာအနီးပတ်ဝန်းကျင် မန္တလေး-ပြင်ဦးလွင်ကားလမ်းတစ်ဝိုက်မှာလောက်သာ စည်စည်ကားကားဖြစ်နေခဲ့ပေမဲ့ အခုအချိန်မှာ နေရာတိုင်းမှာစည်ကားနေကြပါပြီ။ မိမိတို့ကား ချိုးကွေ့ဝင်ရောက်မောင်းနှင်လာတဲ့ ရွှေစာရံလမ်းတစ်လျှောက်မှာလဲ လူနေအိမ်ခြေ တိုက်တာအဆောက်အအုံတွေပြည့်နှက်နေရုံမျှသာမက ဆိုင်ကြီး၊ ဆိုင်ငယ်မျိုးစုံတွေ၊ သွားလာလှုပ်ရှားနေကြသူတွေ၊ ယာဉ်ကြီးယာဉ်ငယ်တွေ အလွန်များပြားနေတာကြောင့် ယာဉ်ကြောတွေကျပ်နေတဲ့ထိ ဖြစ်နေရတယ်။ လမ်းအတိုင်း ဖြည်းဖြည်းမှန်မှန်မောင်းလာရင်း မကြာခင်မှာ မြစ်ငယ်မြစ်ခေါ် ဒုဋ္ဌဝတီမြစ်ကူးတံတားကိုရောက်လာခဲ့ကြတယ်။ မြစ်ကူးတံတားပေါ်ကနေ ကားကိုဖြတ်ကျော်မောင်းနှင်လာရင်းနဲ့ မြစ်ကမ်းဘေးတစ်လျှောက်မှာရှိနေကြတဲ့ ရေပေါ်အပန်းဖြေစခန်းဆိုတာတွေ၊ ကမ်းခြေစားသောက်ဆိုင်ဆိုတာတွေ၊ ရှုခင်းသာဆိုတာတွေကို တွေ့မြင်နေရတယ်။ ဒါပေမဲ့ ဆိုင်နေရာ၊ အဆောက်အအုံအများစုက မြစ်ရေတက်နေတဲ့အခြေအနေကြောင့် မြစ်ရေအောက်မှာ တစ်ပိုင်းတစ်စ နစ်မြုပ်နေကြတော့တယ်။ ရေနစ်မြုပ်ခြင်းမရှိဘူးဆိုရင် တစ်နေရာရာ၊ ဆိုင်တစ်ဆိုင်ဆိုင်မှာ ဝင်ရောက်ခဲ့ကြအုံးမှာဖြစ်ပေမဲ့ လက်ရှိမြင်တွေ့မှုတွေအရ ဘယ်ကိုမှမဝင်ကြတော့ဘဲ ရှေ့ခရီးကိုဆက်လာခဲ့ကြတယ်။

ဒုဋ္ဌဝတီမြစ်ကူးတံတားကို ဖြတ်ကျော်လာပြီး လမ်းရှင်း၊ လမ်းကောင်းလာတာနဲ့အတူ မကြာခင်မှာ စွန်ရဲအင်းကိုရောက်လာခဲ့ကြတယ်။ စွန်ရဲအင်းက ရွှေစာရံ-ကျောက်ဆည်လမ်းမကြီးရဲ့ ဘယ်ဘက်အခြမ်းမှာပါ။ လမ်းမကြီးရဲ့ အနီးကပ်လျက်မှာတည်ရှိနေတယ်။ ကားရပ်နားစခန်းမှာ ကားရပ်လိုက်တာနဲ့ လှေသမားတွေနဲ့ ဈေးသည်တွေ ဝိုင်းအုံလာကြတယ်။ လှေသမားတွေက အင်းအတွင်းမှာ လှေစီးကြဖို့အတွက် လာရောက်စည်းရုံးပြောဆိုနေကြတာပါ။

အင်းရေစပ်မှာလဲ လှေတွေတန်းစီရပ်နားထားတာကို တွေ့မြင်နေရတယ်။ ဈေးသည်တွေကတော့ ငါးကြော်၊ ပုစွန်ကြော်ရောင်းတဲ့သူတွေက အများစုဖြစ်နေတယ်။ အင်းရေစပ်တစ်လျှောက်မှာလဲ စားသောက်ဆိုင်တွေ အများအပြားတည်ရှိနေကြတယ်။ ဈေးသည်တွေထဲမှာ ထူးထူးခြားခြားအဖြစ် ငါးကြော်၊ ပုစွန်ကြော်ရောင်းချတာတွေအပြင် ကြာရွက်လိပ်သုပ်ဆိုတာကိုလဲ ကြားနေရတယ်။ ဈေးသည်တွေက ငါးကြော်၊ ပုစွန်ကြော်ရမယ်၊ ကြာရွက်လိပ်သုပ်ရမယ်ဆိုပြီး ပြောဆိုအော်ဟစ်ရောင်းချနေကြတာပါ။ ကြာရွက်လိပ်သုပ်ဆိုတာကို တစ်ခါမှလဲ မကြားဘူး၊ တစ်ခါမှလဲမစားဘူးသေးပါဘူး။

ကားရပ်ပြီးတာနဲ့ အင်းအနီးရေစပ်မှာ ကြည့်ရှုလေ့လာကြတယ်။ အင်းကကြီးလဲကြီး၊ ကျယ်လဲကျယ်ပါတယ်။ ရေတက်နေချိန်ဖြစ်တဲ့အတွက် ပိုမိုကျယ်ဝန်းပြီး ပိုမိုနက်ကြောင်း သိလိုက်ရတယ်။ ဒါကြောင့် အင်းအတွင်းမှာ လှေမစီးကြတော့ဘဲ ကမ်းစပ်ကနေ လေ့လာကြည့်ရှုရုံလောက်သာ လုပ်နေကြရတယ်။ လှေသမားတွေကတော့ အနားမှာရစ်ဝဲနေကြပြီး လှေစီးကြအုံးမလားလို့ မေးနေဆဲပါ။ လှေတွေက တောင်သမန်အင်းမှာရှိတဲ့လှေတွေနဲ့ ခပ်ဆင်ဆင်တူပါတယ်။ ရေကျသွားချိန် ဒါမှမဟုတ် ပွင့်လင်းရာသီဆောင်းဥတုလောက်မှာ လှေစီးပြီး အင်းအတွင်းလေ့လာဖို့ နောက်တစ်ခေါက်လောက် ရောက်ဖြစ်လိမ့်အုံးမယ်ထင်ပါတယ်။

ဈေးသည်တွေကြော်ပြီးရောင်းချနေတဲ့ ငါး၊ ပုစွန်၊ ကြာရွက်လိပ်တွေက အင်းအတွင်းကနေရရှိနေကြတာပါ။ ဒါကြောင့် ငါးအကောင်ကြီးကြီး၊ ပုစွန်အကောင်ကြီးကြီးတွေမဟုတ်ဘဲ သေးသေးမွှားမွှားလေးတွေသာဖြစ်နေကြတယ်။ ငါးကြော်တွေ၊ ပုစွန်ကြော်တွေက ဆိုင်တိုင်းမှာ ဗန်းအပြည့်နဲ့ရှိနေကြတယ်။ ငါးကြော်တစ်ပွဲငါးထောင်ကျပ်၊ ပုစွန်ကြော်တစ်ပွဲငါးထောင်ကျပ်ပါ။ ကြာရွက်လိပ်သုပ်ကတော့ တစ်ပွဲနှစ်ထောင်၊ သုံးပွဲငါးထောင်ကျပ်ဖြစ်ကြောင်း သိလိုက်ရတယ်။ အင်းရေစပ်ကနေ တစ်ခဏတာလေ့လာကြည့်ရှုကြပြီးတာနဲ့ ငါးကြော်တစ်ပွဲ၊ ပုစွန်ကြော်တစ်ပွဲ၊ ကြာရွက်လိပ်သုပ်သုံးပွဲမှာယူပြီး မြည်းစမ်းစားကြည့်ကြတယ်။ ငါးကြော်၊ ပုစွန်ကြော်တွေက ကွပ်ကွပ်ရွရွနဲ့ချိုပြီး စားလို့ကောင်းပါတယ်။ ကြာရွက်လိပ်သုပ်ဆိုတာကတော့ တစ်ဇွန်းလောက်မြည်းစမ်းစားကြည့်လိုက်ပြီး အကြိုက်မတွေ့တာနဲ့ ဆက်ပြီးမစားတော့ပါဘူး။

စွန်ရဲအင်းရဲ့ ဝင်ပေါက်မုခ်ဦးမှာ စွန်ရဲအင်းဆိုတဲ့စာသားနဲ့အတူ မွေးမြူရေးငါးထုတ်လုပ်ရေး၊ ဒေသခံများအလုပ်အကိုင်ရရှိရေး၊ အင်းသာယာလှပရေးစတဲ့အချက်သုံးချက်ရေးသားထားတာကို တွေ့မြင်နေရတယ်။ ရေးသားထားချက်တွေအရ အင်းထဲမှာ ငါးမွေးမြူရေးလုပ်ငန်းတွေရှိမယ်ထင်ပါတယ်။ ဒေသခံများအလုပ်အကိုင်ရရှိရေးဆိုတာကတော့ ငါးကြော်တွေ၊ ပုစွန်ကြော်တွေ၊ ကြာရွက်လိပ်သုပ်တွေနဲ့အတူ ဈေးဆိုင်တွေဖွင့်လှစ်ရောင်းချနေကြတာ၊ လှေအပျော်စီးလုပ်ငန်းတွေ လုပ်ကိုင်နေကြတာ၊ ကား၊ ဆိုင်ကယ်ရပ်နားစခန်းတွေ လုပ်ကိုင်နေကြတာတွေက အလုပ်အကိုင်ရရှိရေးတွေဖြစ်စေပါတယ်။ အင်းသာယာလှပရေးဆိုတာကိုတော့ အင်းအတွင်းမှာ လှေစီးပြီးလေ့လာကြည့်ရှုခဲ့ခြင်းမရှိတာကြောင့် မသိခဲ့ရပါဘူး။ ဒါပေမဲ့ အင်းရေစပ်တစ်လျှောက်မှာ အမှိုက်တွေ၊ ဗေဒါပင်တွေ၊ ရွှံ့တွေနဲ့ ဖြစ်နေတာကို မြင်တွေ့နေရတယ်။ သက်သပ်ရပ်ရပ်၊ သန့်သန့်ရှင်းရှင်းလေးဖြစ်နေမယ်ဆိုရင် ပိုမိုကောင်းမွန်မယ်လို့ ထင်မြင်မိပါတယ်။

စွန်ရဲအင်းမှာလေ့လာ၊ ငါးကြော်နဲ့ ပုစွန်ကြော်စားပြီးတာနဲ့ ရှေ့ခရီးကိုဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ ရွှေစာရံ-ကျောက်ဆည်လမ်းက အရင် လေး၊ ငါးနှစ်လောက်တုန်းက သွားလာခဲ့ဖူးတဲ့လမ်းထက် အလွန်ကောင်းမွန်အဆင့်မြင့်လာတာကို တွေ့မြင်နေရတယ်။ လမ်းအစ၊ အဆုံးကွန်ကရစ်လမ်းချောအဖြစ် အဆင့်မြှင့်တင်ထားပြီး ကျယ်လဲကျယ်၊ ရှင်းလဲရှင်းနေတယ်။ အရင်တုန်းကတော့ သာမန်ကျောက်ကြမ်းလမ်းလေးအဖြစ်နဲ့သာ တည်ရှိနေခဲ့ပြီး ခရီးမိုင်အားဖြင့်လဲရှည်လျားနေတယ်။ ဒါ့ပြင် လမ်းဘေးဝဲယာတစ်လျှောက်မှာ အရင်တုန်းက မတွေ့မမြင်ခဲ့ရတဲ့ အစိုးရရုံး၊ ဌာနတွေ၊ သင်တန်းကျောင်းတွေ၊ စက်ရုံကြီးငယ်တွေကိုလဲ တွေ့မြင်လာရတယ်။ ဒါကြောင့် ခြောက်ကပ်တိတ်ဆိတ်ပြီး အသွားအလာနည်းခဲ့ရတဲ့ လမ်းအဖြစ်ကနေ ဖွံ့ဖြိုးစည်ကားပြီး အသွားအလာများတဲ့ လမ်းဖြစ်လာခဲ့ရတယ်။ နောက်အခေါက်ခရီးစဉ်တွေအဖြစ် ကျောက်ဆည်မြို့ရှိရာကို ရောက်ရှိဖြတ်သန်းသွားရမယ်ဆိုရင် မြစ်ငယ်-ထုံးဘိုဖြတ်လမ်းကနေ မသွားတော့ဘဲ အခုသွားရောက်မောင်းနှင်နေတဲ့ ရွှေစာရံ-ကျောက်ဆည်လမ်းကသွားမယ်ဆိုရင် လမ်းအခြေအနေက အလွန်ကောင်းမွန်နေတဲ့အတွက် ပိုမိုခရီးနီးပြီး အဆင်ပြေနိုင်မှာပါ။

ဘာပဲဖြစ်ဖြစ် အခုတစ်ခေါက်ခရီးစဉ်မှာတော့ လမ်းကောင်း၊ လမ်းချော၊ လမ်းသစ်ကနေ ကောင်းကောင်းမွန်မွန်ချောချောမွေ့မွေ့ သွားလာနိုင်ခဲ့သလို ခရီးစဉ်အတွင်းမှာ ထင်မှတ်မထားတဲ့ စွန်ရဲအင်းကို ရောက်ရှိလေ့လာကြည့်ရှုခဲ့ရပါတယ်။ မူလအစီအစဉ်အတိုင်း ရှေ့ခရီးကိုဆက်လက်ထွက်ခွာသွားရောက်လိုက်ပါအုံးမယ်။

# တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော ဖူးစားပြောင်းကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**တမူး အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောဖူးစားပြောင်းကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၃၉၃ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့်အဆိုပါ စိုက်ပျိုးခဲ့သောပြောင်း စိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ပြောင်းအဖူးရေ ၁၅၀၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တမူးခရိုင်မှာ ဖူးစားပြောင်း ၁၃၉၃ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။အဲဒီ စိုက်ပျိုးထားတဲ့ပြောင်းစိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေဖြစ်ထွန်းအောင်မြင်အောင်၊ ပိုးမွှားကျရောက်မှုမရှိအောင် အသိပညာပေး ဆောင်ရွက်ပေးခဲ့တယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်ကပြောပြ၍ သိရသည်။

တမူးခရိုင်တွင် ယခုနှစ် ပြောင်းစိုက်ပျိုးတောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာသင်တန်းပေးခြင်း၊ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ခြင်းစသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခဲ့ကြောင်း သိရသည်။

ပြောင်းသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့်ကြောင်းတမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်ကပြောပြ၍ သိရသည်။ (၂၀၆)

## ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

# နတ်မောက်မြို့နယ် ဘူးပင်တဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်မောက် အောက်တိုဘာ ၁၉**


မကွေးတိုင်းဒေသကြီး မကွေးခရိုင်နတ်မောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဘူးပင်တဲကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးနှင့် ဝန်ထမ်းများက ဘူးပင်တဲကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းမူဘောင်နှင့် လုပ်ငန်းစဉ်များ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးပေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၄၁ သန်းကို ဘူးပင်တဲကျေးရွာရှိ မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးကိုငွေကျပ် ၁၆ ဒသမ ၄၀ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦးကို ငွေကျပ် ၂၂ ဒသမ ၃၀ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကိုငွေကျပ် တစ်ဒသမ ၃၀ သန်း၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် တစ်သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၈ ဦး အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၁ သန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုလေး**






ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ



ပင်ရင်းအရောင်းဌာန-ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။

အငြိမ်းစားလစာအပါအဝင်ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကိုဘဏ်ကိုသွားရန်မလိုဘဲမိုဘိုင်းဖုန်းဖြင့်ထုတ်ယူနိုင်ပါပြီ။

ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း

Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊

Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊

လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)



Myanmar MOBILE MONEY

ရုံးချုပ် -အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း -၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း -၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း -၀၉ ၃၁၀၀ ၁၅၃၆


## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် လမိုင်းကျေးရွာအုပ်စု ကျောက်တံတားကျေးရွာနေ ဦးမြင့်ဌေး (ဘ) ဦးတင်အောင် (၉/မခန(နိုင်)၀၈၀၉၉၇)၏ လွှဲအပ်ညွှန်ကြားချက်အရ မောင်အောင်သက်ပိုင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏ မိတ်ဆွေ ဦးမြင့်ဌေးသည် ဒေါ်မိုးစန္ဒာနှင့် အိမ်ထောင်ကျပြီးနောက် သားများဖြစ်ကြသော မောင်ထက်လင်းအောင်၊ မောင်အောင်သက်ပိုင်၊ မောင်သော်ဇင်အောင်တို့ကို မွေးဖွားခဲ့ပါသည်။ ဦးမြင့်ဌေးသည် မိဘဝတ္တရားရှိသည်နှင့်အညီ သားဖြစ်သူများအား ကျွေးမွေးစောင့်ရှောက်ထိန်းသိမ်းသော်လည်း မောင်အောင်သက်ပိုင်သည် လူကြီးမိဘများ၏ ဆိုဆုံးမမှုများအား နာခံမှုမရှိခြင်း၊ မိသားစုကိုလည်း အမျိုးမျိုးထိခိုက်နစ်နာစေရန် ပြုမူလုပ်ဆောင်လျက်ရှိပါသည်။ ထို့ကြောင့် ယနေ့မှစပြီး မောင်အောင်သက်ပိုင်အား ကျွန်ုပ်၏ မိတ်ဆွေ ဦးမြင့်ဌေး၏ အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း မောင်အောင်သက်ပိုင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။ နောက်နောင်တွင်လည်း မောင်အောင်သက်ပိုင်နှင့်ပတ်သက်သည့် လူမှုရေး၊ စီးပွားရေး၊ ငွေရေးကြေးရေးကိစ္စအဝဝအား ဦးမြင့်ဌေးအနေဖြင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)**


ဦးမောင်မောင်အေး
B.Sc (Chem), PGDL, DBL, DIR, DIL,
တရားလွှတ်တော်ရှေ့နေ
(စဉ်-၁၉၆၆၂) (၇-၇-၂၀၂၅)
အခန်းအမှတ်(၁၀၁)၊ မမ-၁၆-တိုက်-၆
ချမ်းမြသာစည်မြို့နယ် မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၆၇၉၅၉၇။


## ပျောက်ဆုံးကြောင်း

မန္တလေးမြို့ အောင်ပင်လယ်ရပ်ကွက်နေ မရင်ရှမ်း (ဘ) ဦးရန်အမ်းရင် (၁၃/တယန(နိုင်)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

09-668010696


သင့်သွေးဖြင့်
အသက်ကယ်ပါ

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



သန့်ရှင်းသောရေကို သောက်ပေးခြင်းဖြင့် အဆုတ်၏ရေဓာတ်ကို ထိန်းသိမ်းပေးပြီး ချွဲ သလိပ် နှပ် နာရည် စသည့်ရွှံ့ပစ်ပစ္စည်းများကို အလွယ်တကူထိစိမ့်ထွက်ရှိလာပြီး အဆုတ်ကို သန့်စင်စေသည်။

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်

ငှက်ပျောသီးဖျော်ရည် ၄၁၀ မီလီလီတာခန့်ကို နေ့စဉ်ထမင်းစားပြီးတိုင်းသောက်သုံးပေးပါကအဆုတ် သန့်စင်စေရုံမျှမက အစာကိုလည်း ကြေညက်စေသည်။




## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP)ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ် ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ သစ်တောသစ်ပင်များ စိုက်ပျိုးရာတွင်လည်း စိုက်သမျှအပင်များ တစ်ပင်စိုက် တစ်ပင်ရှင်ဆိုသည့် ရည်မှန်းချက်ထား၍ ဆောင်ရွက်သွားရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မတ် ၂၄ ရက်တွင် ပြုလုပ်သော အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တပ်မတော်စစ်ကြောင်းများက KNU/KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထိန်းချုပ်ထားသည့် လေးကေ့ကော်ဒေသရှိ ရှုခင်းသာနှင့် စွယ်တော်ကုန်းစခန်းတို့ကို ပြန်လည်သိမ်းပိုက်ရရှိ၊ နယ်စပ်ဒေသတစ်လျှောက် တရားမဝင်လုပ်ငန်းများမရှိစေရေး နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ




တပ်မတော်စစ်ကြောင်းများက လေးကေ့ကော်မြို့သစ်ကို သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် အောက်တိုဘာ ၁၉

KNU / KNLA အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် NCA ကို ဖျက်ဆီးလိုသည့် ရည်ရွယ်ချက်ဖြင့် ကရင်ပြည်နယ် မြဝတီမြို့နယ် လေးကေ့ကော်ဒေသတစ်ဝိုက် အခြေပြု၍ အစိုးရအုပ်ချုပ်မှုယန္တရားများ ပျက်စီးစေရန်နှင့် ၎င်းတို့၏အိပ်မက်ဖြစ်သည့် သီးခြားလွတ်လပ်သော ကော်သူလေးပြည်နယ်နှင့် ကော်သူလေးအစိုးရထူထောင်ရန်အတွက် ၂၀၂၁ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် နိုင်ငံရေးဖြစ်စဉ်များကြောင့် နယ်စပ်ဒေသများသို့ ထွက်ပြေးတိမ်းရှောင်လာကြသူများကို လူသားချင်းစာနာထောက်ထားမှု အကြောင်းအရာခေါင်းစဉ်အောက်၌ လက်ခံထိန်းသိမ်းပြီး ပြည်ပနိုင်ငံကြီးအချို့၏ ငွေကြေးထောက်ပံ့မှုများ၊ ဒေသတွင်း၌ Online Scam Center အပါအဝင် တရားမဝင်လုပ်ငန်းများက ရရှိသည့် ငွေကြေးများကို လက်ခံရယူပြီး အကြမ်းဖက်သင်တန်းများသင်ကြားပို့ချကာ လက်နက်များတပ်ဆင်ပေးပြီး ရှေ့ကာတပ်အဖြစ် အသုံးချ၍ ကရင်ပြည်နယ်အတွင်းရှိ တပ်မတော်မှ စစ်ဆင်ရေးနှင့်

စာမျက်နှာ ၂၄ ကော်လံ ၁ ☆

# လုံခြုံရေးတပ်ဖွဲ့ဝင်များက သီပေါမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် သီပေါမြို့ ပြည်သူ့ဆေးရုံတို့၌ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်၊ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ဆန်၊ ဆီနှင့် စားသောက်ကုန်များ ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၉

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter– Terrorism Operation)ကို ဆောင်ရွက်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်ရရှိပြီးချိန်တွင် အစိုးရ၏အုပ်ချုပ်မှုယန္တရားပြန်လည်လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရေးစသည်တို့အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ သီပေါမြို့နှင့် ၎င်းဒေသတစ်ဝိုက်ရှိ ကျောင်းသား၊ ကျောင်းသူများ၏ပညာရေးကဏ္ဍ ထိခိုက်နစ်နာမှုမရှိစေရန် စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့်

စာမျက်နှာ ၂၀ ကော်လံ ၁ ❑



သီပေါမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ရောက်ရှိလာသည့် ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများကို တပ်မတော်သားများက သယ်ယူရွှေ့ပြောင်းပေးစဉ်။

MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ ဓာတ်မြေဩဇာ၊ ကတ္တရာ။
Tel: 95-01-8373255,8373265,8373267, 8373291
Fax: 95-01-8373257